INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့
Local Resource Centre

# English-Myanmar Glossary of Democratic Terms

# အင်္ဂလိပ် – မြန်မာ ဒီမိုကရက်တစ် ခက်ဆစ်အသုံးအနှုန်းများ

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

မွဲ့ပြိုးရေးမဏ္ဍိုင်အဖွဲ့
Local Resource Centre

# English-Myanmar Glossary of Democratic Terms

# အင်္ဂလိပ် – မြန်မာဒီမိုကရက်တစ်ခက်ဆစ်အသုံးအနှုန်းများ

This project is supported by:

NORWEGIAN MINISTRY OF FOREIGN AFFAIRS

This English-Myanmar Glossary of Democratic Terms is a joint publication of International IDEA and the Local Resource Centre. This publication is independent of specific national or political interests. Views expressed in the publication do not necessarily represent the views of International IDEA or Local Resource Centre, or their respective Board or Council members.

© International Institute for Democracy and Electoral Assistance 2015

ယခုပုံနှိပ်မှုသည် ၂၀၁၄ ခုနှစ်တွင်ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေးနိုင်ငံတကာအဖွဲ့အစည်း (International IDEA) နှင့် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ (Local Resource Centre) မှ ပူးပေါင်းထုတ်ဝေသော အင်္ဂလိပ်-မြန်မာ ဒီမိုကရက်တစ် ခက်ဆစ်အသုံးအနှုန်းများ စာအုပ်ဖြစ်ပါသည်။ ယခုပုံနှိပ်ထုတ်ဝေခြင်းသည် တိကျသော အမျိုးသား သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားများအပေါ် မှီခိုခြင်းမရှိပါ။ ဤစာအုပ်တွင်ဖော်ပြထားသော အယူအဆများသည် International IDEA နှင့် Local Resource Centre တို့၏ ဘုတ်အဖွဲ့ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများကောင်စီ သို့မဟုတ် ဘဏ္ဍာငွေထောက်ပံ့သူများ ကောင်စီတို့၏အမြင်များ၊ သုံးသပ်ချက်များကို ကျိန်းသေပေါက် ကိုယ်စားပြုဖော်ပြပေးခြင်း မရှိပါ။

Applications for permission to reproduce or translate all or any part of this publication should be made to:

ဤစာအုပ်အား အစအဆုံးဖြစ်စေ၊ မည်သည့်အစိတ်အပိုင်းကိုမဆိုဖြစ်စေ ကူးယူရေးအတွက်ခွင့်ပြုချက်တောင်းခံလိုပါက အောက်ပါလိပ်စာအတိုင်း တောင်းခံနိုင်ပါသည်။

**International IDEA Myanmar**
Room 5C, Yatha Condominium
458-460 Mahabandoola Road
(entrance on 31st Street)
Pabedan Township, Yangon, Myanmar

**Local Resource Centre**
Third Floor, Salomon Business Centre
224 A, U Wi Sara Road
Bahan Township, Yangon, Myanmar

Designed by : Myint Soe Oo
Printed by :

ISBN : 978-91-87729-93-5

# Preface

Over the past few years, the political atmosphere in Myanmar has changed dramatically and the country has opened itself to internal dialogue and unprecedented engagement with the international community to share experiences about the building of democratic institutions necessary for an inclusive, prosperous and just democracy.

Debates and discussions on politics and democratic transition have become increasingly common, particularly regarding democracy, inclusive dialogue, electoral systems and possible lessons from the experiences of other countries. These discussions can inspire and enrich the ability of Myanmar's political actors to develop consensus and make important decisions about this country's democratic transition. However, as with other transitional environments, these conversations can sometimes be hindered by the complexities of local languages and the lack of a common definition of democratic terms, which often can be very technical in nature. This can cause confusion and misunderstandings making discussions and consensus-building on these important matters difficult. In some instances, foreign words (particularly in English) are used since no equivalent word exists in common parlance. Often these words become commonly used without adequate appreciation for their meaning and potential impact.

International IDEA, in close collaboration with the Local Resource Centre (LRC), embarked on an ambitious task in 2013 to bring together experts in comparative political science, democratic transition, law, history and linguistics in Myanmar in order to initiate an English-Myanmar Glossary of Democratic Terms. The aim was not to provide a static definition of each term but rather to create a document that could serve as starting point for public discourse, with language designed to be accessible to the general public. The glossary is also designed to be a living document in order for it to continue to be expanded and improved as well as responsive to suggestions from those who use these terms in Myanmar.

The glossary is more than just a translation of key terms. In some cases where no direct translation into Myanmar exists, the glossary provides a brief explanation or contextualization of concepts and, where possible, draw links to Myanmar's existing legal system and traditional governance concepts.

The production of the glossary has taken considerable time, energy and dedicated engagement from a core team of individuals. The terms selected for translation were drawn primarily from International IDEA's knowledge resources and experience in producing a similar glossary in Nepal. An initial team put together the glossary after a series of meetings where they worked to agree on translations of terms. Subsequently, a changing group of individuals with expertise in linguistics, political science, law, electoral administration and comparative research met over a series of months to deliberate and finalize translations of specialist and technical terms and to refine the translation of existing terms.

The product is one that has been enriched by the experiences and inputs of key individuals who formed consensus as a group. The glossary will continue to involve, be expanded as Myanmar's democratic transition progresses. It will continue to be developed by the broader public and interested persons. We encourage people to provide feedback on the terminology or suggest additions so that this can grow to become a comprehensive document that aids stronger engagement in politics and the democratic transition of Myanmar. In addition to this book, innovative online tools such as the website www.democraticglossary.org.mm are being developed to ensure that the Glossary can reach a wider audience and that those with a keen interest in Myanmar's democratic transition can provide valuable feedback to strengthen the glossary and ensure that it evolves to meet the changing needs of those engaged in Myanmar's democratic development.

We are grateful to the Royal Norwegian Embassy in Myanmar for their support in producing the Glossary. International IDEA and the Local Resource Centre extend their warm thanks to those who participated in developing the glossary and look forward to our continued collaboration in the future.

Yves Leterme
Secretary General
International IDEA

Pansy Tun Thein
Executive Director
Local Resource Centre

# စကားချီး

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း မြန်မာ့နိုင်ငံရေးအခင်းအကျင်းသည် ပြဇာတ်တစ်ပုဒ်ပမာ ပြောင်းလဲသွားခဲ့သည်။ နိုင်ငံအနေနှင့် ပွင့်လင်းလာမှုနှင့်အတူ ပြည်တွင်းနိုင်ငံရေးအင်အားစုများအကြား ဆွေးနွေးစကားဝိုင်းများစတင်လာနိုင်ခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ထိတွေ့ဆက်ဆံမှုများစွာ ပြန်လည်ဆောင်ရွက်နိုင်ခဲ့သည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအတွက် အင်အားစုအားလုံးပါဝင်လျက် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကျဉ်းပေးနိုင်မည့် ဒီမိုကရက်တစ်အစုအဖွဲ့များထူထောင်ရေး အတွေ့အကြုံများစွာကို ဝေမျှနိုင်ခဲ့သည်။

နိုင်ငံရေးနှင့် ပတ်သက်သည့် အချေအတင် ဆွေးနွေးမှုများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုတို့သည် ပိုမိုထင်သာမြင်သာရှိလာပြီး၊ အထူးသဖြင့် ဒီမိုကရေစီနှင့်ပတ်သက်၍ အင်အားစုအားလုံးပါဝင်နိုင်သည့် ဆွေးနွေးပွဲများ၊ ရွေးကောက်တင်မြှောက်ပုံ နည်းစနစ်များနှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံတို့ကို သင်ခန်းစာရယူနိုင်ခဲ့သည်။ ဤဆွေးနွေးမှုများသည် မြန်မာနိုင်ငံရေး ဆောင်ရွက်သူများ၏စွမ်းဆောင်ရည်ကို အရောင်တင်ပေးရုံမျှမက ဘုံသဘောတူညီချက်များစွာ ဖွံ့ဖြိုးလာစေခဲ့ပါသည်။ ထို့အပြင်နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအတွက် အရေးကြီးဆုံးဖြတ်ချက်များစွာကို ချမှတ်နိုင်စေခဲ့သည်။ သို့သော်လည်း အခြားသော အကူးအပြောင်းဝန်းကျင်များနည်းတူ၊ ဤသို့အပြန်အလှန် ဆွေးနွေးပြောဆိုကြရာတွင် တခါတရံ ဒေသိယဘာသာစကားတို့၏ ထွေပြားမှုကြောင့် ဆိုလိုရင်းမရောက်ခြင်းနှင့် ဒီမိုကရက်တစ်ဝေါဟာရများ၏ သဘောသဘာဝအတိုင်း အတိမ်းအစောင်းမခံနိုင်သည့် ပညာရပ်ဆန်ခြင်းတို့ကြောင့် ယေဘုယျအဓိပ္ပါယ် ဖွင့်ဆိုချက်တစ်ရပ်ထွက်ပေါ်လာနိုင်ခြင်း မရှိပေ။ ဤသို့အရေးပါသော ဝေါဟာရဖွင့်ဆိုချက်ပေါ်ပေါက်ရန် ခက်ခဲသည့်အတွက် ဆွေးနွေးမှုများမှတစ်ဆင့် ဘုံသဘောတူညီချက် တည်ဆောက်သည့်အခါ ဝေဖါးမှုများနှင့် နားလည်မှုလွဲမှားခြင်းများ တွေ့ကြုံလာနိုင်ပေသည်။ သာဓကအချို့အနေနှင့် နိုင်ငံခြားစကားလုံးများ (အထူးသဖြင့် အင်္ဂလိပ်ဘာသာစကား)ကို သုံးစွဲလျက်ရှိသော်ငြား အဓိပ္ပါယ်ထပ်တူကျသည့် ယေဘုယျဖော်ပြနိုင်သည့်ဝေါဟာရမရှိခြင်းမျိုးကြုံတွေ့ရသည်။ ထိုစကားလုံးများကို မကြာခဏသုံးစွဲရာတွင် ယေဘုယျဆန်လွန်းသွားကာ ဝေါဟာရ၏ဆိုလိုရင်းနှင့် အဓိပ္ပါယ်အတိမ်အနက် မတူညီခြင်းမျိုး ကြုံတွေ့လာဖွယ်ရှိသည်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးနိုင်ငံတကာအဖွဲ့အစည်း(International IDEA)သည် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့(LRC)နှင့်ပူးပေါင်းကာ ၂၀၁၃ခုနှစ်မှ စတင်၍ "အင်္ဂလိပ်-မြန်မာ ဒီမိုကရက်တစ် ခက်ဆစ်အသုံးအနှုန်းများ" ပေါ် ထွက်လာရန်အလို့ငှာ နိုင်ငံရေးသိပ္ပံ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု၊ ဥပဒေ၊သမိုင်းနှင့် ဘာသာဗေဒနယ်ပယ်အသီးသီးမှ မြန်မာပညာရှင်များ၏အကြံဉာဏ်ရယူဆောင်ရွက်ခဲ့သည်။ ရည်မှန်းချက်မှာ အသုံးအနှုန်းတစ်ခုစီ

အတွက် တိကျသည့်ဖွင့်ဆိုချက်တစ်မျိုး ဖော်ထုတ်ခြင်းထက် ပြည်သူများပါဝင်ဆွေးနွေးနိုင်မည့် ဆုံမှတ်တစ်ခုအဖြစ်ရည်ရွယ်လျက် အများပြည်သူတို့ တွင်ကျယ်စွာ သုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပါသည်။ ဝေါဟာရဖွင့်ဆိုချက်သည် ရှင်သန်လျက်ရှိသော အထောက်အထားတစ်ရပ်ဖြစ်ပြီး၊ မြန်မာနိုင်ငံတွင်ဤအသုံးအနှုန်းများကိုသုံးစွဲသူများ၏အကြံပြုချက်နှင့်အညီပြင်ဆင်ခြင်း၊ပယ်နုတ်ခြင်း၊ထပ်မံဖြည့်စွက်ခြင်းများဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

ဝေါဟာရဖွင့်ဆိုချက်သည် အဓိကအသုံးအနှုန်းများကို ဘာသာပြန်ဆိုခြင်းထက် ပိုမိုလက်ဝင်ပါသည်။ အချို့သောဝေါဟာရများတွင် တိုက်ရိုက် မြန်မာပြန်ကို တွေ့နိုင်မည်မဟုတ်သော်လည်း ဝေါဟာရဖွင့်ဆိုချက်၌ အတွေးအမြင်ဆိုင်ရာ ဆက်စပ်ရှင်းလင်းဖော်ပြမှုအကျဉ်းမှသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနည်းနာများနှင့် ရိုးရာအုပ်ချုပ်မှု အတွေးအမြင်များထိ တတ်နိုင်သမျှ ဖြည့်စွက်ထားပါသည်။

ဝေါဟာရဖွင့်ဆိုချက် ပြုစုခြင်းသည် ပါဝင်ဆောင်ရွက်သူ တစ်ဦးချင်းစီ၏ အချိန်၊ လုံ့လ၊ ဂီရိယ၊ ဉာဏ်စွမ်း ဖြည့်ဆည်းမှုများကို အားထုတ်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ဘာသာပြန်ဆိုရန် ရွေးချယ်ထားသည့် အသုံးအနှုန်းများမှာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာ အဖွဲ့အစည်း(International IDEA)၏ သုတရင်းမြစ်များကို အခြေခံထုတ်နုတ်ထားပြီး၊ နီပေါဘာသာသို့ပြန်ဆိုခဲ့သည့် အလားတူဝေါဟာရဖွင့်ဆိုချက် အတွေ့အကြုံကိုလည်း ပေါင်းစပ်ထားပါသည်။ ပြုစုသူများအနေနှင့် အသုံးအနှုန်းများကို ဝေါဟာရဖွင့်ဆိုချက် ပေါ်ထွက်ရန် အစည်းအဝေးများစွာ ကျင်းပ ခဲ့ရပြီး၊ အများသဘောတူလက်ခံနိုင်သည့် ဝေါဟာရဖွင့်ဆိုချက်ဖြစ်ရန် အားထုတ်ခဲ့ကြသည်။ ထပ်မံ၍ အဖွဲ့ငယ်တစ်ဖွဲ့အတွင်းရှိ ပြုစုသူများအနေနှင့် ဆောင်ရွက်ပြီး ဝေါဟာရဖွင့်ဆိုချက်များကို သီးသန့်ဘာသာရပ်နှင့် ပညာရပ်အလိုက် အချောသပ်နိုင်ရန်အလို့ငှာ ဘာသာဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ ဥပဒေ၊ ရွေးကောက်တင်မြှောက်ရေးစီမံခန့်ခွဲမှုနှင့် ခေတ်ပြိုင်သုတေသီများအကြား တွေ့ဆုံအတည်ပြုချက်ပေါ်ထွက်ရေးအတွက် လပေါင်းများစွာ အချိန်ယူခဲ့ ပါသည်။

ဤဝေါဟာရဖွင့်ဆိုချက်သည် အဖွဲ့တွင်ပါဝင်သော ပြုစုသူတစ်ဦးစီ၏ အတွေ့အကြုံနှင့် ဉာဏ်စွမ်း ထည့်ဝင်သယ်ပိုးမှုများစွာ ပေါင်းစည်းမှု၏ အပြီးသတ်ရလဒ်ဖြစ်ပါသည်။ မြန်မာ့ဒီမိုကရေစီ ပြောင်းလဲတိုးတက်မှုနှင့်လျော်ညီစွာ ဝေါဟာရဖွင့်ဆိုချက်တို့နှင့် ကျွမ်းဝင်သက်ဆိုင်ရုံမျှမက ဆက်လက် ချဲ့ထွင်တိုးပွားလာမည်လည်းဖြစ်သည်။ ဤဖွင့်ဆိုချက်သည် ပြည်သူများနှင့် စိတ်ဝင်စားသူများအကြား စဉ်ဆက်မပြတ် ဆက်လက်ပြန့်နှံ့တွင်ကျယ်လာ ပါလိမ့်မည်။ ကျွန်ုပ်တို့အနေနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များအပေါ် စာဖတ်ပရိသတ်၏ ဝေဖန်ခြင်းနှင့် အကြံဉာဏ်ပေးခြင်းများကို ကြိုဆိုလျက်ရှိပြီး၊ ထိုသို့ ဆောင်ရွက်ခြင်းက မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းတို့ကို ပိုမိုရှင်သန်အောင် မျိုးစေ့ချပေးသကဲ့သို့ ဖြစ်စေ

ပါလိမ့်မည်။ ဤစာအုပ်နှင့်ပတ်သက်၍ ထပ်မံဖြည့်စွက်ညွှန်းဆိုရလျှင် အွန်လိုင်းသုံးစွဲမှု၏ ခေတ်မီနည်းစနစ်နှင့်အညီ www.democraticglossary.org.mm စသည့် website တွင် ပြုစုမွမ်းမံလျက်ရှိသောကြောင့် ဝေါဟာရဖွင့်ဆိုချက်များသည် ပိုမိုကျယ်ပြန့်သည့်စာဖတ်ပရိသတ်ထံ ရောက်ရှိသွားနိုင်ပေမည်။ ထိုသို့ရောက်ရှိသည့်အတွက် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုကို အလေးထားစိတ်ဝင်စားသူများ အနေနှင့် ဝေါဟာရဖွင့်ဆိုချက်များအပေါ် တန်ဖိုးကြီးမားသည့်ဝေဖန်အကြံပြုမှုများစွာ ပံ့ပိုးနိုင်မည်ဖြစ်သည်။ ဤပံ့ပိုးမှုများကြောင့် မြန်မာ့ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောင်းအလဲဆိုင်ရာလိုအပ်ချက်များအပေါ် ဖြည့်ဆည်းရာရောက်ပါလိမ့်မည်။

ဤဝေါဟာရဖွင့်ဆိုချက် စာအုပ်ထုတ်ဝေနိုင်ရေး ပံ့ပိုးပေးခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေဘုရင့်နိုင်ငံသံရုံးသို့ ကျွန်ုပ်တို့က ကျေးဇူးအထူးတင်ရှိပါသည်။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း(International IDEA)နှင့် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ (LRC)တို့က ဝေါဟာရဖွင့်ဆိုချက် ထုတ်ဝေနိုင်ရေး ကြိုးပမ်းခဲ့သူအပေါင်းကို နွေးထွေးစွာကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် အနာဂတ်ကာလတွင် ကျွန်ုပ်တို့၏ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရေးဗ် လက်ထင်းမ်
အထွေထွေအတွင်းရေးမှူး
နိုင်ငံတကာ အိုင်ဒီအီးအေ

ပန်စီထွန်းသိန်း
အမှုဆောင် ဒါရိုက်တာ
ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့

# Contributors

| | |
|---|---|
| H.E. U Win Ko | Commissioner, Union Election Commission of Myanmar (UEC) |
| Aung Kyaw Phyo | Executive Director, Myanmar Institute for Democracy |
| Aung Min | Freelance Consultant |
| Dr. Aung Myint Oo | Professor and Head of Department of Myanmar, Yangon University |
| Hlaing Myat | Former Program Director, Local Resource Centre (LRC) |
| Nyi Nyi Aung | Program Director, Local Resource Center (LRC) |
| Nyi Nyi Kyaw | PhD candidate, University of New South Wales in Canberra |
| Sai Ye Kyaw Swar Myint | Executive Director, People's Alliance for Credible Elections (PACE) and Board member of Tagaung Institute of Political Studies (TIPS). |
| Salai Isacc Khen | Executive Director, Gender and Development Initiative (GDI) |
| Thiha Han | Deputy Director General, Amyotha Hluttaw |
| Thin Maung Than | Director, Myanmar Development Resource Institute- Centre for Economic and Social Development (MDRI-CESD) |
| U Gyi Je Ra | Advocate |
| Yi Yi Win | Freelance language consultant |

# Comments and suggestions

International IDEA and the Local Resource Centre look forward to receiving your feedback on this first edition of the 'English-Myanmar Glossary of Democratic Terms'. Please let us know your comments on the translations and explanations or suggestions for new terms/words to be added in the next edition. On the basis of your feedback, we will also regularly update the website www.democraticglossary.org.mm that accompanies this glossary. With your help this glossary can be further expanded and improved.

You can send us an email at info@democraticglossary.org.mm, submit your suggestions on our website at www.democraticglossary.org.mm or send them by post to the following address.

**International IDEA Myanmar**
Room 5C, Yatha Condominium
458-460 Mahabandoola Road
(entrance on 31st Street)
Pabedan Township, Yangon, Myanmar

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA)နှင့် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ (Local Resource Centre)တို့မှ ပထမအကြိမ် ထုတ်ဝေသော အင်္ဂလိပ်-မြန်မာ ဒီမိုကရက်တစ် ခက်ဆစ်အသုံးအနှုန်းများစာအုပ်၏ အသုံးအနှုန်းများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များအပေါ် အကြံပြုချက်သော်လည်းကောင်း၊ စကားလုံးအသစ်များ ထပ်မံဖြည့်စွက်ခြင်းများပြုလုပ်လိုလျှင်လည်းကောင်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။ လူကြီးမင်းတို့၏ အကြံပြုချက်နှင့်အညီ ဖော်ပြပါဝက်ဘ်ဆိုဒ် www.democraticglossary.org.mm တွင် ပုံမှန်မွမ်းမံသွားမည်ဖြစ်ပြီး ဒုတိယအကြိမ် ထုတ်ဝေမှုတွင်လည်း ထည့်သွင်းသွားမည်ဖြစ်ပါသည်။ လူကြီးမင်းတို့၏ အကူအညီဖြင့်သာ ခက်ဆစ်အသုံးအနှုန်းများစာအုပ်သည် ပိုမိုကျယ်ပြန့်ပြီးတိုးတက်နိုင်မည်ဖြစ်ပါသည်။

လူကြီးမင်းတို့၏ အကြံပြုချက်များကို ဖော်ပြပါ အီးမေးလ် လိပ်စာ info@democraticglossary.org.mm သို့ ပေးပို့၍ သော်လည်းကောင်း ၊ www.democraticglossary.org.mm တွင်ရေးသား၍ သော်လည်းကောင်း၊ အောက်ဖော်ပြပါ လိပ်စာသို့ စာတိုက်ဖြင့်ပေးပို့ မည်ဆိုပါလျှင်လည်းကောင်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေး နိုင်ငံတကာအဖွဲ့အစည်း
အခန်း (၅/ဂ)၊ ရသာ ကွန်ဒို ၄၅၈-၄၆၀၊
၃၁လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖက်စ် - ၀၁ ၃၈၉၂၀၂

# List of acronyms

| | |
|---|---|
| BRIDGE | Building Resources In Democracy, Governance and Elections |
| CEDAW | Convention on the Elimination of All Forms of Discrimination against Women |
| CRC | Convention on the Rights of the Child |
| CSO | Civil Society Organization |
| EISA | Electoral Institute for Sustainable Democracy in Africa |
| EMB | Electoral Management Body |
| GDP | Gross Domestic Product |
| HDI | Human Development Index |
| IFE Mexico | Instituto Federal Electoral (México) |
| IFES | International Foundation for Electoral Systems |
| International IDEA | International Institute for Democracy and Electoral Assistance |
| NGO | Non-governmental organization |
| UN | United Nations |
| UNDESA | United Nations Department of Economic and Social Affairs |
| UNDP | United Nations Development Programme |
| UNEAD | United Nations Electoral Assistance Division |

| Term/အသုံးအနှုန်း | Explanation | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|---|
| Accountability<br>တာဝန်ခံခြင်း၊<br>တာဝန်ခံမှု | A requirement to offer explanation for an action; responsibility for one's action (implies that there is someone to whom one is responsible). | လုပ်ဆောင်ချက်တစ်ခုအတွက် ရှင်းလင်းတင်ပြရန် တာဝန်ရှိခြင်း။ တစ်ဦးတစ်ယောက်၏ လုပ်ဆောင်ချက်တစ်ခုအတွက် ထားရှိရသော တာဝန် (တစ်ဦးတစ်ယောက် အခြားတစ်ယောက်အတွက် တာဝန်ရှိသည်ဟု အဓိပ္ပာယ်သက်ရောက်သည်။) |
| ACE<br>ရွေးကောက်ပွဲ အချက်အလက် ကွန်ယက်<br>(A.C.E) | In full, the ACE Electoral Knowledge Network: an online encyclopaedia, information base and community of practice about all matters relating to electoral processes. ACE is produced by a partnership comprising IDEA, IFES, Elections Canada, IFE Mexico, UNDP, UNDESA, UNEAD and EISA, with the European Commission as an ex-officio member. | အပြည့်အစုံမှာ ACE ရွေးကောက်ပွဲဆိုင်ရာ သုတကွန်ယက်။ ရွေးကောက်ပွဲဖြစ်စဉ်တို့နှင့် ပတ်သက်သော ကိစ္စအားလုံးနှင့် သက်ဆိုင်သော အင်တာနက်ပေါ်ရှိစွယ်စုံကျမ်း၊ သတင်းအချက်အလက် စုစည်းရာနှင့် လုပ်ငန်းစိတ်ဝင်စားမှု တူညီသောသူတို့ စုစည်းထားသော ကွန်ယက်။ ACE လုပ်ငန်းများကို IDEA, IFES, Elections Canada, IFE Mexico, UNDP, UNDESA, UNEAD နှင့် EISA တို့က ဥရောပကော်မရှင်ကို အဖွဲ့ဝင်အဖြစ်သတ်မှတ်ကာ ပူးပေါင်း လုပ်ဆောင်ကြသည်။ |
| Aggregation<br>စုစည်းခြင်း၊ စုရုံးခြင်း၊<br>ပေါင်းစည်းခြင်း | The act of gathering together (for example the act of states gathering to make a federation; the making of policy by a political party in a way which is acceptably close to a range of views held by party members or supporters or a section of the electorate as a whole). | တစ်ကွဲတစ်ပြားရှိနေရာမှ စုစည်းပေါင်းစည်းသည့်လုပ်ရပ် (ဥပမာ- သီးခြားနိုင်ငံများအဖြစ် ရပ်တည်နေရာမှ နိုင်ငံများသမဂ္ဂအဖြစ် ပေါင်းစည်းခြင်း၊ နိုင်ငံရေးပါတီတစ်ခုသည် ယင်း၏ ပါတီဝင်များ သော်လည်းကောင်း၊ ပါတီထောက်ခံသူများသော်လည်းကောင်း၊ သို့မဟုတ် မဲပေးပြည်သူ၏ တစ်စိတ်တစ်ပိုင်းမှ ခံယူထားသော အယူအဆများနှင့် နီးစပ်အောင် ယင်းနိုင်ငံရေးပါတီ၏ ပေါ်လစီများအား ရေးဆွဲဖော်ဆောင်ခြင်း) |

| | | |
|---|---|---|
| Amendment<br>ပြင်ဆင်ချက် | Change or addition to a document or legal provisions: 'constitutional amendment'. | စာရွက်စာတမ်း သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်တို့ကို ပြင်ဆင်ချက်၊ အသစ်ထည့်သွင်းချက်၊ ဥပမာ-အခြေခံဥပဒေပြင်ဆင်ချက်။ |
| Amnesty<br>လွတ်ငြိမ်းချမ်းသာခွင့် | A general pardon for offences, especially political offences, against a government, often granted before any trial or conviction. | ပြစ်မှုများ၊ အထူးသဖြင့် အစိုးရကို ဆန့်ကျင်သော နိုင်ငံရေးပြစ်မှုများအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်။ အများအားဖြင့် တရားခွင်တွင် စွဲချက်မတင်မီ သို့မဟုတ် ပြစ်ဒဏ်မချမှတ်မီ ပေးအပ်သော လွတ်ငြိမ်းချမ်းသာခွင့်။ |
| Arbitrary<br>စိတ်ကြိုက်<br>ဆုံးဖြတ်နိုင်သော | Subject to individual will or judgment without restriction; contingent solely upon discretion. | အကန့်အသတ်မရှိ တစ်ဦးတစ်ယောက်၏ သဘောအလို (သို့) ဆုံးဖြတ်ချက်အတိုင်းဖြစ်ရသော။ တစ်ဦးတစ်ယောက်၏ ဆုံးဖြတ်ချက်ပေါ် မူတည်နေသော။ |
| Asian Human Rights Charter<br>အာရှလူ့အခွင့်အရေး<br>ပြန်တမ်း | A charter launched by NGOs in Asia which affirms the universality of all human rights, seeking to articulate these rights from an Asian cultural, religious and philosophical perspective. | အာရှတိုက်ရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများက လူ့အခွင့်အရေးအားလုံး၏ ကာလဒေသမရွေး လက်ခံကျင့်သုံးနိုင်သည်ဆိုသောမူကို သတ်မှတ်အတည်ပြုဖြန့်ချီသည့် ပဋိညာဉ်စာတမ်းတစ်စောင်ဖြစ်ပြီး၊ ၎င်းအခွင့်အရေးတို့အား အာရှတိုက်ရှိယဉ်ကျေးမှု၊ ဘာသာတရားနှင့် ဒဿနိကဆိုင်ရာအမြင်ဖြင့် ဆီလျော်အောင် ထုတ်ဖော်ရှင်းလင်းနိုင်စေရန် ရည်ရွယ်သည်။ |

| | | |
|---|---|---|
| Assimilation<br>ယဉ်ကျေးမှုနေထိုင်<br>ဓလေ့တစ်ခုမှ<br>တစ်ခုသို့ တဖြေးဖြေး<br>ပြောင်းလဲသွားခြင်း | The process by which minority groups adopt characteristics of larger groups, including language, religion, beliefs and identity. It can be either voluntary or coerced. | လူနည်းစုအဖွဲ့များက ပိုမိုကြီးမားသောလူအုပ်စု၏ ဘာသာစကား၊ ဘာသာတရား၊ ယုံကြည်မှု၊စရိုက်လက္ခဏာတို့ကို လက်ခံသည့် ဖြစ်စဉ်။ ၎င်းတို့ကို လူနည်းစု၏ ကိုယ်တိုင်သဘောဆန္ဒအရသော် လည်းကောင်း၊ ယင်းတို့အပေါ် အတင်းအားဓမ္မ တိုက်တွန်းမှု ကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ |
| Association<br>အသင်း၊ အစည်းအရုံး | Any body of persons (incorporated or not) that agrees to act together for any common purpose, including an association formed for any ethnic, social, cultural, occupational or religious purpose. | လူအစုအဖွဲ့တစ်ရပ်ကတရားဝင်အစုအဖွဲ့အဖြစ်ဖွဲ့စည်းပြီးဖြစ်စေ၊ ယင်းသို့မစုဖွဲ့ပဲဖြစ်စေဘုံရည်မှန်းချက်တစ်ခုအတွက် အတူတကွ ပူးဆောင်ရွက်ကြရန်ဖွဲ့စည်းထားသောအသင်း၊ အစည်းအရုံး။ယင်း တို့တွင်လူမျိုးစု၊ လူမှုရေး၊ ဓလေ့ထုံးတမ်း၊ အလုပ်အကိုင်နှင့် ဘာသာရေးဆိုင်ရာ ရည်ရွယ်ချက်တို့ကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသောအသင်းအဖွဲ့၊ အစည်းအရုံးတို့ ပါဝင်သည်။ |
| Audit (electoral)<br>စစ်ဆေးခြင်း<br>(ရွေးကောက်ပွဲ) | Verification and assessment of electoral operations, procedures and financing for compliance with the applicable law and regulations. | ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်၊ လုပ်ထုံးလုပ်နည်းနှင့် ငွေ ကြေးအထောက်အပံ့တို့ကိုသက်ဆိုင်သောဥပဒေ၊ နည်းဥပဒေတို့ အတိုင်းလိုက်နာဆောင်ရွက်ခြင်းရှိမရှိစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း။ |
| Audit trail<br>ရွေးကောက်ပွဲ<br>စာရွက်စာတမ်းများကို<br>မှတ်သားထားခြင်း | A process under which the receipt, storage, distribution and use of election materials, including ballot boxes and papers, is recorded in order that it can subsequently be verified. | ရွေးကောက်ပွဲတွင်အသုံးပြုသော ပစ္စည်းများဖြစ်ကြသည့် မဲပြား၊ မဲပုံးများ၊ စာရွက်များ စသည်တို့ကို လက်ခံပုံ၊ သိမ်းဆည်းပုံနှင့် အသုံးပြုပုံတို့ကို နောက်ပိုင်းပြန်လည်စစ်ဆေးနိုင်စေရန် မှတ်တမ်း တင်သည့် လုပ်ငန်းစဉ်။ |

| | | |
|---|---|---|
| Autonomous region<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | A region having specified independent governing powers. | တိကျစွာသတ်မှတ်ထားရှိသည့် အချုပ်အချယ်ကင်းသော အုပ်ချုပ်ရေးအာဏာရှိသည့် ဒေသ။ |
| Autonomy<br>ကိုယ်ပိုင် အုပ်ချုပ်ခွင့် | Self-government or the right of self-government short of independence. | ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် လုံးဝလွတ်လပ်ရေးထက် တစ်ဆင့်နိမ့်သော ကိုယ်ပိုင်အုပ်ချုပ်နိုင်သည့် အခွင့်အရေး။ |
| Average district magnitude<br>မဲဆန္ဒနယ် ပျမ်းမျှ ကိုယ်စားလှယ်ပမာဏ | For a country, local authority or supranational institution, the number of representatives to be elected divided by the number of electoral districts. See also 'district magnitude' (p. 52). | နိုင်ငံတစ်နိုင်ငံ၊ ဒေသခံအာဏာပိုင် သို့မဟုတ် နိုင်ငံများပေါင်းစုထားသော အဖွဲ့အစည်းတို့အတွက် မည်မျှကိုယ်စားပြုမည်ကို သိရှိရန် ရွေးကောက်တင်မြှောက်ခံရန် ကိုယ်စားလှယ်အရေအတွက်ကို တည်ကာ ရွေးကောက်ပွဲမဲဆန္ဒနယ် အရေအတွက်ကို ပိုင်းခြေတည်၍စားခြင်း၊ |
| Balanced representation<br>အချိုးမျှ ကိုယ်စားပြုစေခြင်း | The process of ensuring that political representation is representative of the electorate as a whole, in particular with regard to gender and ethnicity. | နိုင်ငံရေးကိုယ်စားပြုမှုသည်မဲဆန္ဒရှင်ပြည်သူတရပ်လုံးကို အချိုးညီမျှမျှတတ ကိုယ်စားပြုစေရန်၊အထူးသဖြင့် ထိုနိုင်ငံ၏ ကျား၊မအချိုးနှင့်တိုင်းရင်းသားအချိုးမျှတစွာကိုယ်စားပြုစေသည့်လုပ်ရပ်ဖြစ်စဉ်။ |
| Ballot<br>လျှို့ဝှက်မဲပေးခြင်း | The method of secret voting by means of printed or written ballots or by means of voting machines. | စာဖြင့်ရေးသားထားသော သို့မဟုတ် ပုံနှိပ်ထားသော မဲပြား သို့မဟုတ် မဲပေးရန်အတွက်အသုံးပြုသော စက်ဖြင့် လျှို့ဝှက်မဲပေးသော စနစ်။ |

| | | |
|---|---|---|
| Bicameral legislature<br>လွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြဌာန်းမှုပုံစံ | A legislature made up of two chambers or houses. | လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုမှုပုံစံ။ |
| Bill of Rights<br>ပြည်သူ့အခြေခံ အခွင့်အရေးများ ဥပဒေ | A statement of the fundamental rights and privileges adopted by the people or their representatives which provides guarantees to the people against violation of those rights by the government. The term originated in the United Kingdom, where it refers to a bill passed by parliament in 1689. A bill of rights may be entrenched, that is, exist as a separate instrument that falls outside the normal jurisdiction of a country's legislative body, or unentrenched. Many nations today have a bill of rights incorporated in their constitutions. | ပြည်သူ၊ သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ်တို့မှ အတည်ပြုခဲ့သော ပြည်သူ့အခြေခံ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်ဆိုင်ရာကြေငြာချက်။ ယင်းကြေငြာချက်တွင်လည်း အဆိုပါ ပြည်သူ့ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တို့ကို အစိုးရမှ ချိုးဖောက်စော်ကားခြင်း မပြုနိုင်ရန်လည်း အာမခံချက်များပါရှိပါသည်။ ယင်းဝေါဟာရသည် ဗြိတိန်နိုင်ငံတွင် စတင်ပေါ်ပေါက်လာခဲ့ပြီး ၁၆၈၉ ခုနှစ်တွင် လွှတ်တော်မှ ပြဌာန်းခဲ့သည့် ဥပဒေတစ်ခုကို ရည်ညွှန်းပါသည်။ အဆိုပါ ပြည်သူ့အခြေခံအခွင့်အရေးများ ဥပဒေမှာ အခိုင်အမာ ထည့်မြှုပ်ဥပဒေအဖြစ်ရပ်တည်နိုင်ပါသည်။ ဆိုလိုသည်မှာယင်းဥပဒေသည် တိုင်းပြည်တစ်ခု၏ ဥပဒေပြု အဖွဲ့အစည်း ပြုပြင်နိုင်သော အာဏာစက်ကွင်းပြင်ပတွင် သီးခြားရပ်တည်နေသည့် ဥပဒေအခြေအနေတွင် တည်ရှိနိုင်ပါသည်။ သို့မဟုတ် ထိုသို့အခိုင်အမာ ထည့်မြှုပ်ထားခြင်းမရှိဘဲ လွှတ်တော်မှ စိတ်ကြိုက်ပြုပြင်နိုင်သော ဥပဒေတစ်ရပ်အဖြစ်လည်း တည်ရှိနိုင်ပါသည်။ နိုင်ငံပေါင်းများစွာတို့မှာ ယင်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အဆိုပါ ပြည်သူ့အခြေခံ အခွင့်အရေးဥပဒေများကို ထည့်မြှုပ်ထားပါသည်။ |

| | | |
|---|---|---|
| Binding referendum<br>လိုက်နာရမည့်<br>ဆန္ဒခံယူပွဲ | A referendum in which a government or parliament must abide by and implement the decision. | အစိုးရ(သို့) ဥပဒေပြုလွှတ်တော်မှ လိုက်နာကာအကောင်အထည်ဖော်ရသည့် ဆန္ဒခံယူပွဲ၏ရလဒ်။ |
| Blocking Minority<br>ဗီတိုအာဏာရ<br>လူနည်းစု။ | A situation where a minority has a veto. A situation where a minority within an organization has the right to veto the wishes of a majority regarding the actions or ownership of that organization. In some companies, shares such as "Class A" shares are given more voting rights than ordinary shares, thus creating a blocking minority. In politics, a minority of (93) votes out of (352) total votes in the EU council can block the wishes of the majority. Generally, when there is a situation where a decision by a simple majority is blocked, and only allowed by a super majority, then that situation is called a blocking minority situation. | အဖွဲ့အစည်းတစ်ခု၏ ပိုင်ဆိုင်မှု သို့မဟုတ် ယင်းအဖွဲ့အစည်း၏ ဆောင်ရွက်မှုကိစ္စရပ်၌ လူနည်းစုအနေဖြင့် လူများစု၏ ဆန္ဒကို ကန့်ကွက်ပိတ်ပင်ပိုင်ခွင့်ရှိခြင်း။ စီးပွားရေးကုမ္ပဏီအချို့တို့တွင် "Class A" အစရှိသောရှယ်ယာ (အထူးရှယ်ယာ)များကို သာမန်ရှယ်ယာများထက် မဲပိုပေးပိုင်ခွင့်ရှိစေခြင်းအားဖြင့် လူနည်းစု Blocking minority ကိုဖန်တီးလေ့ရှိပါသည်။ နိုင်ငံရေးတွင် EU မဲပေးစနစ်အရ စုစုပေါင်းဥရောပကောင်စီ စုစုပေါင်းမဲ (၃၅၂)ခုတွင် မဲ(၉၃)ခု ကန့်ကွက်မဲဖြင့် လူနည်းစုမှာ လူများစုကိုဆန္ဒကို ပိတ်ပင်နိုင်သည်။ အများအားဖြင့် ဆုံးဖြတ်ချက်တစ်ခုကို သာမန်အများစုမဲ (Simple Majority)ဖြင့် ဆုံးဖြတ်မှုကို ပိတ်ပင်ထားပြီး သာမန်အများစုလွန်မဲ(Super Majority)ရမှသာ ဆောင်ရွက်ရသည့် အခြေအနေကို Blocking Minority ရှိသော အခြေအနေဟု ဆိုပါသည်။ |

| | | |
|---|---|---|
| Block Vote<br>ဘလောက်မဲ/ တလုံး တခဲတည်း မဲအုပ်စု | A plurality/majority system used in multi-member districts in which electors have as many votes as there are candidates to be elected. Voting is candidate-centred. The candidates with the highest vote totals win the seats. | ရွေးချယ်ရမည့် ကိုယ်စားလှယ် အရေအတွက်အတိုင်း မဲပေးသူတို့တွင် မဲများရှိသည့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်ရွေးကောက်သည့် ရွေးကောက်ပွဲမဲဆန္ဒနယ်တို့တွင် ကျင့်သုံးသည့် မဲအများစုရသူက အနိုင်ရသည့် ရွေးကောက်ပွဲစနစ်။ စုစုပေါင်းမဲအရေအတွက်၏ အမြင့်ဆုံးမဲကိုရရှိသော ကိုယ်စားလှယ်လောင်းများကသာ လွှတ်တော်တွင်းနေရာ အနိုင်ရရှိသည်။ |
| Borda Count<br>ကိုယ်စားလှယ်လောင်းများကို အမှတ်စဉ်တပ်၍ မဲပေးခြင်း | A candidate-centred, preferential system used in either single- or multi-member districts in which voters use numbers to mark their preferences on the ballot paper and each preference marked is then assigned a value using equal steps. For example, in a 10-candidate field a first preference is worth one, a second preference is worth 0.9, and so on, with a tenth preference worth 0.1. These are summed and the candidates with the highest totals are declared elected. | တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်ရွေးချယ်တင်မြှောက်ပြီး ကိုယ်စားလှယ်လောင်းကိုဗဟိုထားသည့်၊ နှစ်သက်သူကို အမှတ်ပိုပေးရသည့် ရွေးချယ်တင်မြှောက်ခံနယ်မြေ မဲပေးသူက မိမိနှစ်သက်သူကို မဲပြားပေါ်တွင်အမှတ်ပေးရသည်။ နှစ်သက်မှုမှတ်တမ်းကို ညီမျှသောအဆင့်များဖြင့် တန်ဖိုးများသတ်မှတ်ထားသည်။ ဥပမာကိုယ်စားလှယ်လောင်း (၁)ယောက်အကွက်တွင်၊ ပထမနှစ်သက်သူကို ၁ ပေး၍ ဒုတိယနှစ်သက်သူကို ၀.၉ပေးကာ၊ ဆက်လက်၍ ဆယ်ယောက်မြောက်ကိုယ်စားလှယ်အား ၀.၁ ဆက်လက်အမှတ်ပေးသွားသည်။ ဤအမှတ်များကို ပေါင်းပြီး စုစုပေါင်းအများဆုံးရသော ကိုယ်စားလှယ်လောင်းတို့သည် ရွေးကောက်တင်မြှောက်ခံများအဖြစ် ကြေညာပေးသည်။ |

| | | |
|---|---|---|
| Boundary<br>နိုင်ငံရေး နယ်နိမိတ် | A border (physical or otherwise) which divides one political entity or political unit from another. | ရုပ်ဝတ္ထုအားဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ နိုင်ငံရေးအဖွဲ့အစည်း သို့မဟုတ် နိုင်ငံရေးနှင့်ဆိုင်သော အစိတ်အပိုင်းတစ်ခုအား အခြားသောနိုင်ငံရေးအစိတ်အပိုင်းများ ဖြင့်ပိုင်းခြားထားသော နယ်နိမိတ်။ |
| Boundary delimitation<br>မဲဆန္ဒနယ်ခွဲဝေ သတ်မှတ်ခြင်း | The process by which a country, local authority area or area of a supranational institution is divided into electoral districts or constituencies. | တိုင်းပြည်တစ်ပြည်၊ ဒေသဆိုင်ရာအာဏာပိုင်ဧရိယာ (သို့) တိုင်းပြည်တို့ကို စုစည်းထားသော အဖွဲ့အစည်း၏ ဧရိယာတို့ကို ရွေးကောက်တင်မြှောက်ခံ နယ်မြေများအဖြစ် ပိုင်းခြားသတ်မှတ်သော ဖြစ်စဉ်။ |
| BRIDGE<br>ရင်းမြစ် တည်ဆောက်ခြင်း<br>(B.R.I.D.G.E) | **B**uilding **R**esources **I**n **D**emocracy, **G**overnance and **E**lections: a curriculum for capacity building based on adult learning methodology conducted by accredited facilitators. It is produced by a partnership consisting of the Australian Electoral Commission, IDEA, IFES, UNEAD and UNDP. It contains a comprehensive set of modules relating to elections, and also materials relating to democratic dialogue and governance. | ဒီမိုကရေစီ၊ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲတို့အတွက် ရင်းမြစ်တို့ တည်ဆောက်ခြင်း။ တရားဝင်အသိအမှတ်ပြု ခံထားရသော သင်တန်းဆရာတို့က ပို့ချသောအရွယ်ရောက်ပြီးသူတို့ သင်ယူရာတွင် အသုံးပြုသောနည်းနာကို အခြေခံရေးဆွဲထားသော အရည်အသွေးမြှင့်တင်ရန်အတွက် သင်ရိုးညွှန်းတမ်းတစ်ခု။ လုပ်ငန်းများကို ဩစတေးလျ ရွေးကောက်ပွဲကော်မရှင်၊ IDEA၊ IFES၊ UNEAD နှင့်UNDPတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။ သင်ရိုးညွှန်းတမ်းတွင် ရွေးကောက်ပွဲများ၊ ဒီမိုကရေစီဆွေးနွေးပွဲများနှင့် အစိုးရအုပ်ချုပ်ရေးနှင့် ပတ်သက်သော ကျယ်ပြန့်သည့် သင်ယူရန် အကြောင်းအရာတို့ ပါဝင်သည်။ |

| | | |
|---|---|---|
| Calendar (electoral)<br>ရွေးကောက်ပွဲ<br>ပြက္ခဒိန် | A structured sequence of tasks and deadlines for an electoral process, ending with the resolution of all electoral disputes and the installation of the winners of an election into office. | ရွေးကောက်ပွဲကျင်းပသည့်ဖြစ်စဉ်၏ ချမှတ်ထားသောလုပ်ငန်းစဉ်နှင့်ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများနှင့်ရွေးကောက်ပွဲအနိုင်ရသူတို့အား အရာအပ်နှင်းခြင်းတို့အပြီးသတ်ရမည့်ကာလ။ |
| Campaign<br>(electoral)<br>မဲဆွယ်ခြင်း<br>(ရွေးကောက်ပွဲ) | Political activity, including meetings, rallies, speeches, parades, broadcasts, debates and other media events, designed to inform the electorate of the platform of a particular candidate or political party or to gather support. | မဲဆန္ဒရှင်များအား ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်သူတစ်ဦး၏ သို့မဟုတ် နိုင်ငံရေးပါတီတစ်ခု၏ နိုင်ငံရေးရပ်တည်ချက်အား ထောက်ခံမှုရစေရန်ရည်ရွယ်၍ စီစဉ်ထားသောရွေးကောက်ပွဲဆိုင်ရာဆွေးနွေးပွဲများ၊ လူစုလူဝေးနှင့်ဆန္ဒဖော်ထုတ်ပွဲများ၊ နိုင်ငံရေးဟောပြောပွဲများ စီတန်းလှည့်လည်ပွဲများ၊ ရုပ်သံထုတ်လွှင့်မှုများ၊ ငြင်းခုန်ဆွေးနွေးပွဲများ၊ သတင်းမီဒီယာဆိုင်ရာ အခမ်းအနားများ။ |
| Campaign period<br>မဲဆွယ်ကာလ | The length of time allocated or set out in law for an election campaign. See also 'electoral cycle' (p. 59). | ရွေးကောက်ပွဲမဲဆွယ်ရန် သတ်မှတ်ပေးထားသော ဥပဒေတွင် ပြဋ္ဌာန်းထားသော အချိန်ကာလ။ |

| | | |
|---|---|---|
| Capacity building<br>စွမ်းဆောင်ရည်<br>မြှင့်တင်ခြင်း | A process of training and/or empowerment designed to increase the capacity and skills of members of a community in participation with other members of that community in activities directed towards meeting their needs. It is likely to involve: equipping people with skills and competencies which they would not otherwise have; realizing existing skills and developing potential; increasing people's self-confidence; promoting the ability to take responsibility for identifying and meeting own and other people's needs; and encouraging people to become involved in their community and wider society in a fuller way. | လူမှုအဖွဲ့အစည်းဝင်တို့အား လုပ်ရှားဆောင်ရွက်မှုတို့တွင် အချင်းချင်းပူးပေါင်းဆောင်ရွက်ကာ၎င်းတို့၏လိုအပ်ချက်တို့က ဖြည့်စည်းနိုင်ရန်ရည်ရွယ်လျက် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးသည့် သင်တန်း သို့မဟုတ် နည်းနာပေးသည့် ဖြစ်စဉ်။ ယင်းဖြစ်စဉ်တွင် မိမိကိုယ်ကိုကိုယ်မိမိ ယုံကြည်မှုတိုးလာစေရန် ဆောင်ရွက်ခြင်း၊ မိမိနှင့်အခြားသူတို့၏ လိုအင်တို့ကို သတ်မှတ်ဖော်ထုတ်သည့် တာဝန်ယူနိုင်သည့် အရည်အသွေးအား မြှင့်တင်ပေးခြင်း၊ မိမိနေထိုင်ရာ အသိုက်အဝန်းနှင့် လူမှုအဖွဲ့အစည်းတစ်ခုလုံးတွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်လာနိုင်စေရန် အားပေးခြင်းတို့ ပါဝင်သည်။ |
| Citizen assessment of democracy<br>နိုင်ငံသားများက<br>ဒီမိုကရေစီကို<br>အကဲဖြတ်ခြင်း။ | A process through which citizens, possibly acting through CSOs, assess the practice of democracy in their country or locality and initiate debate on agendas for democratic reform based on the findings. State of Democracy (SoD) and State of Local Democracy (SoLD) are complementary tools for undertaking citizen assessment. | နိုင်ငံသားများက အရပ်ဖက် လူမှုအဖွဲ့အစည်းများအဖြစ် ၎င်းတို့နိုင်ငံတွင်း သို့မဟုတ်ဒေသတွင်း ဒီမိုကရေစီကျင့်သုံးမှုအား တန်ဖိုးဖြတ်သုံးသပ်ပြီး၊ လေ့လာသိရှိထားသည် တို့အပေါ် မူတည်၍ ဒီမိုကရေစီဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့အတွက် တိုင်ပင်ဆွေးနွေးငြင်းခုန်ကြရန် ဦးဆောင်ခြင်းဆိုင်ရာဖြစ်စဉ်။ ဒီမိုကရေစီအခြေအနေ(SoD) နှင့် ဒေသတွင်းဒီမိုကရေစီ(SoLD) တို့မှာတစ်နှင့်တစ်ခု အထောက်အကူပြုသော ဒီမိုကရေစီအလေ့အထကို တန်ဖိုးဖြတ် သုံးသပ်သည့် အထောက်အကူပစ္စည်းများဖြစ်သည်။ |

| | | |
|---|---|---|
| Citizenship<br>နိုင်ငံသားဖြစ်ခြင်း | The status of being a citizen of a country, which is accompanied by a range of rights and obligations often defined in the constitution or a basic or organic law. Requirements for citizenship vary but may include being born in a country, having one or more parent from that country, or naturalization. | အခြေခံဥပဒေ သို့မဟုတ် အခြေခံ သို့မဟုတ် အစိုးရနှင့်အဖွဲ့အစည်းများအားလုံးအတွက် ခြေခံကျသောဥပဒေတို့တွင် ပြဌာန်းထားသော အခွင့်အရေးနှင့်တာဝန်များပါရှိသည့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်ခြင်း။ နိုင်ငံသားဖြစ်ခြင်းအတွက် လိုအပ်ချက်တို့မှာကွဲပြားခြားနားကြပြီး၊ နိုင်ငံတစ်နိုင်ငံ၌မွေးဖွားခြင်းနှင့် မိဘတစ်ဦးဦး သို့မဟုတ် နှစ်ဦးစလုံးမှာ ထိုနိုင်ငံ၏နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် နိုင်ငံသား ခံယူလိုက်ခြင်းတို့ပါဝင်သည်။ |
| Civic education<br>နိုင်ငံသား အခွင့်အရေးများ အကြောင်း ပညာပေးခြင်း (ပြည်သူ့နီတိ) | An information and education programme designed to increase the understanding and knowledge of citizens' rights and responsibilities. See also 'electoral education' (p. 60). | နိုင်ငံသားအခွင့်အရေးနှင့်တာဝန်တို့နှင့်ပတ်သက်ပြီးနားလည်မှုနှင့် ဗဟုသုတတိုးပွားစေရန် ရည်ရွယ်ရေးဆွဲထားသော သတင်းအချက်အလက်နှင့် ပညာရေးအစီအစဉ်။ |
| Civic nationalism<br>နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ | A conception of the nation state and one's membership in and loyalty to it in terms of citizenship, common laws, and political participation regardless of ethnicity and lineage. | မျိုးရိုးဆင်းသက်လာပုံနှင့် လူမျိုးစုတို့နှင့်မသက်ဆိုင်ဘဲ အမျိုးသားနိုင်ငံတစ်နိုင်ငံနှင့်ပတ်သက်၍ ခံယူချက်သဘောထားနှင့် ရိုးရာဥပဒေ၊ နိုင်ငံသားဖြစ်မှုနှင့်နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်မှုတို့အရ ယင်းနိုင်ငံအရေးတွင်သက်ဆိုင်ပါဝင်နေခြင်းနှင့် သစ္စာစောင့်သိခြင်း။ |

| | | |
|---|---|---|
| Civil liberties<br>နိုင်ငံသားများ၏<br>(ပင်္ကိုယ်ဥာဉ်)<br>လွတ်လပ်ခွင့်/<br>မွေးရာပါလွပ်လပ်ခွင့်။ | The rights or freedoms of an individual in a society, which include the right to free expression, freedom of movement and association, freedom from unwarranted search and seizure, and freedom of religion. Civil liberties set limits on government so that it cannot abuse its power or interfere unduly with the lives of citizens. The formal concept of civil liberties dates back to the English legal charter, or Magna Carta, of 1215. Many countries have a constitution, a bill of rights or similar constitutional documents that enumerate and seek to guarantee civil liberties. Other states have ratified or otherwise given effect to key conventions such as the Universal Declaration of Human Rights, European Convention on Human Rights or the International Covenant on Civil and Political Rights. | လွတ်လပ်စွာဖော်ထုတ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်၊ ဂရမ်းမပါပဲ ရှာဖွေ၊ သိမ်းဆည်းခြင်းမှကင်းလွတ်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့် အစရှိသည့် လူအဖွဲ့အစည်းရှိလူတစ်ဦး၏အခွင့်အရေးနှင့်လွတ်လပ် ခွင့်များ။ နိုင်ငံသားတစ်ဦး၏လွတ်လပ်မှုများက နိုင်ငံသားတို့၏ဘဝ တို့တွင် လွန်ကျူးစွာဝင်ရောက်စွတ်ဖက်ခြင်းနှင့် အာဏာအလွဲ သုံးစားလုပ်ခြင်းကို ကန့်သတ်ထားသည်။ နိုင်ငံသားလွတ်လပ်ခွင့်၏ တရားဝင်အယူအဆသည် အင်္ဂလိပ်ဥပဒေပဋိညာဉ် သို့မဟုတ် မဂနာကာတာစာချုပ်မှ ၁၂၁၅ တွင် စတင်ခဲ့သည်ဟုဆိုနိုင်သည်။ နိုင်ငံများတွင် နိုင်ငံသားလွတ်လပ်ခွင့်ကို သတ်မှတ်ရေတွက်ပြီး အကာအကွယ်ပေးရန်အတွက် ပြဌာန်းထားသော အခြေခံဥပဒေ၊ လွတ်လပ်ခွင့်ဥပဒေ သို့မဟုတ် အခြားဆင်တူသောအခြေခံဥပဒေ ဆိုင်ရာ အကာအကွယ်ပေးမှုတို့ရှိကြသည်။ အခြားနိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ဥရောပ လူ့အခွင့်အရေးသဘောတူညီချက်၊ နိုင်ငံတကာအရပ်ဖက်နှင့် နိုင်ငံ ရေးဆိုင်ရာသဘောတူညီမှုကဲ့သို့သော အဓိကကျသည့် သဘော တူညီမှုများကို အတည်ပြုခြင်း၊ အကျိုးသက်ရောက်စေခြင်းတို့ကို ပြုလုပ်ကြသည်။ |
| Civil registry<br>နိုင်ငံသား မှတ်တမ်း | A registry containing personal information relating to all citizens, such as name, gender, nationality, age, marital status, and address. | အမည်၊ ကျား၊မ၊ နိုင်ငံသား၊ အသက်၊ အိမ်ထောင်ရှိမရှိနှင့်လိပ်စာ အစရှိသောနိုင်ငံသားတို့ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်တို့ပါဝင် သောမှတ်တမ်း။ |

| | | |
|---|---|---|
| Civil society<br>အရပ်ဖက်<br>လူ့အဖွဲ့အစည်း | The range of associations of persons and entities which have been formed to bring citizens together in order to further the political, social and economic aims of communities. | လူမှုဂုဏ်းကျင်၏ရည်ရွယ်ချက်များကို ရှေ့ဆက်ဖော်ဆောင်နိုင်စေရန်အလို့ငှာ နိုင်ငံသားတို့ကိုအတူတကွ ပေါင်းစည်းပေးထားသော လူပုဂ္ဂိုလ်တို့၏အသင်းအပင်းများ အဖွဲ့အစည်းများ၏ စုစည်းထားသော ရပ်ဝန်း။ |
| Civil society dialogue<br>အရပ်ဖက် လူ့အဖွဲ့ အစည်းနှင့် တိုင်ပင် ညှိနှိုင်းခြင်း | Dialogue between government, or governmental or intergovernmental entities and civil society. | အစိုးရ သို့မဟုတ် အစိုးရနှင့်ဆိုင်သော သို့မဟုတ်အစိုးရတို့အကြား ဆက်ဆံသော အဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းတို့ အကြားမှ စကားပြောဆွေးနွေးပွဲ။ |
| Civil society group<br>အရပ်ဖက်<br>လူ့အဖွဲ့အစည်းအုပ်စု | A civil society organization, perhaps with a less formalised structure. | လူမှုဂုဏ်းကျင်၏ရည်ရွယ်ချက်များကို ရှေ့ဆက်ဖော်ဆောင်နိုင်စေရန်အလို့ငှာ နိုင်ငံသားတို့ကိုအတူတကွ ပေါင်းစည်းပေးထားသော လူပုဂ္ဂိုလ်တို့၏အသင်းအပင်းများ အဖွဲ့အစည်းများ၏ စုစည်းထားသော ရပ်ဝန်း။ |
| Civil society organization<br>အရပ်ဖက်<br>အဖွဲ့အစည်း | A voluntary civic and social organization or institution at the global, regional, country or subnational level. | ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ တိုင်းပြည်ဆိုင်ရာ သို့မဟုတ် အမျိုးသားနိုင်ငံရေးအဆင့်သို့ မရောက်ရှိသော တာဝန်အရမဟုတ်ဘဲ၊ သဘောဆန္ဒအလျောက်ဖွဲ့စည်းလုပ်ကိုင်သည့် အရပ်ဖက်လူ့အဖွဲ့အစည်း၊ သို့မဟုတ် မူတစ်ခုကိုအခြေခံပြီး စုဖွဲ့ထားသော အဖွဲ့အစည်း။ |

C

| | | |
|---|---|---|
| Claims (electoral)<br>စောဒကများ (ရွေး ကောက်ပွဲဆိုင်ရာ) | Complaints presented by different electoral actors about decisions made or lack of action by electoral management bodies, or about activities of other electoral actors which infringe electoral rights of others. | ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်ခဲ့သူများက ရွေးကောက်ပွဲစီမံဆောင်ရွက်ခဲ့သော အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ၊ ပျက်ကွက်ခဲ့မှုများ သို့မဟုတ် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်ခဲ့သူများက အခြားသူတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးတို့ကို ချိုးဖောက်ခဲ့မှုတို့ကို တိုင်တန်းသည့် မကျေနပ်ချက်များ။ |
| Closed List<br>ကိုယ်စားလှယ် စာရင်းပိတ်စနစ် | A form of List Proportional Representation system in which electors are restricted to voting only for a party or political grouping, and cannot express a preference for any candidate on a party list. | ရွေးကောက်တင်မြှောက်သူတို့ကိုနိုင်ငံရေးပါတီ သို့မဟုတ် နိုင်ငံရေးအုပ်စုကိုသာမဲပေးခွင့်ပြုပြီး၊ ပါတီတစ်ခု၏ အမည်စာရင်းပေါ်တွင် မည်သည့်ကိုယ်စားလှယ်လောင်းအား နှစ်သက်သည်ကိုဖော်ပြနိုင်သော ကိုယ်စားလှယ်လောင်းများစာရင်းကိုပေးထားပြီး အချိုးကျကိုယ်စားပြုမှုစနစ် တစ်မျိုး။ |
| Coalition<br>ညွန့်ပေါင်းအစိုးရ | A government formed by two or more groups or political parties acting in alliance. | နိုင်ငံရေးပါတီနှစ်ခုနှင့် နှစ်ခုထက်ပိုသောနိုင်ငံရေးပါတီတို့ မဟာမိတ်ဖွဲ့ပြီး ဖွဲ့စည်းထားသောအစိုးရ တစ်ရပ်။ |
| Code of conduct (electoral)<br>လိုက်နာရမည့် ကျင့်ဝတ် (ရွေး ကောက်ပွဲဆိုင်ရာ) | A set of general rules of behaviour, which do not have the force of law, which may be agreed and adopted by participants in the electoral process. Examples include codes of conduct for political parties, their sponsored candidates and their supporters with respect to how they participate in an electoral process; for the media in relation to election coverage; and for the staff of an electoral management body. | ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူတို့က သဘောတူလက်ခံထားသော ဥပဒေကဲ့သို့သက်ရောက်ခြင်းမရှိသည့်အပြုအမူတို့နှင့်ဆိုင်သော အထွေထွေစည်းမျဉ်းများ။ ဥပမာ၊ နိုင်ငံရေးပါတီများအတွက်၊ ၎င်းတို့ထောက်ပံ့ထားသောကိုယ်စားလှယ်လောင်းများနှင့် ထောက်ခံအားပေးသူများက ရွေးကောက်ပွဲတွင် မည်သို့ပါဝင်လုပ်ဆောင်ကြမည်၊ ရွေးကောက်ပွဲသတင်းတင်ဆက်သည့် သတင်းမီဒီယာတို့အတွက်နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲသူတို့အတွက် လုပ်ထုံးများပါဝင်သည်။ |

| | | |
|---|---|---|
| Collation of results<br>ရလဒ်များ<br>ပေါင်းစည်းခြင်း | The transmission of electoral results from a particular polling location to the next level to be consolidated with other results to derive the outcome in the wider area. | မဲပေးသောနေရာတစ်ခုမှ ရွေးကောက်ပွဲရလဒ်တို့ကို အခြားရလဒ်များနှင့်ပေါင်းစပ်ပြီး ပိုကြီးသောနေရာဒေသတစ်ခုအတွက် ရလဒ်တစ်ခုပေါ်ထွက်လာစေရန် တစ်ခြားတစ်ဆင့်သို့ မဲရလဒ်များ ပေးပို့ခြင်း။ |
| Collective action<br>စုစည်းလုပ်ကိုင်မှု | The pursuit of a goal or set of goals by more than one person, usually a group of people. | လူတစ်ဦးတစ်ယောက်ထက်ပိုသော၊ အများအားဖြင့်လူအုပ်စုတစ်စုက သတ်မှတ်ထားသည့်ရည်ရွယ်ချက် ပန်းတိုင် သို့မဟုတ် ပန်းတိုင်များ။ |
| Collective rights<br>အစုအပေါင်း<br>သဘောဆောင်သော<br>ရပိုင်ခွင့်များ | Rights possessed by particular communities or groups, which may either reinforce or conflict with individual rights. Collective rights may for example be recognized to guarantee the development and preservation of ethnic minorities' cultural identities and forms of organization; to underpin affirmative action policies; or to underpin discriminatory policies in society, for example the practice of apartheid. A few existing legal instruments recognize collective rights, including article 169 of the International Labour Organization constitution and the constitutions of several countries. | လူမှုဂန်းကျင်တစ်ခု သို့မဟုတ် လူအုပ်စုတစ်စုကပိုင်ဆိုင်ပြီး အခြားတစ်သီးပုဂ္ဂလအခွင့်အရေးတို့ကို ပိုမိုအားကောင်းစေသည့် သို့မဟုတ် ပဋိပက္ခဖြစ်စေသည့် အခွင့်အရေးများ။ ဥပမာ အုပ်စုလိုက်အခွင့်အရေးတို့သည် လူမျိုးစုငယ်တို့နှင့်၄င်းတို့၏ ဓလေ့စရိုက်လက္ခဏာများ၊ အဖွဲ့အစည်းပုံစံများကို တိုးတက်စေရန်နှင့် ထိမ်းသိမ်းစေရန် အာမခံချက်ပေးသည်။ လူမျိုးရေးခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေးမူဂါဒတို့ကို အလေးပေးသည်။ သို့မဟုတ် လူ့အဖွဲ့အစည်းရှိခွဲခြားဆက်ဆံသည့် မူဂါဒတို့ကို အလေးပေးသည်။ ဥပမာ အသားရောင်ခွဲခြားမှုစနစ်။ အပိုဒ် ၁၆၉ နိုင်ငံတကာ အလုပ်သမားအစည်းအရုံး အခြေခံဥပဒေနှင့်နိုင်ငံများ၏ အခြေခံဥပဒေများက အုပ်စု လိုက်အခွင့်အရေးများကို အသိအမှတ်ပြုထားသည်များ ရှိသည်။ |

C

| | | |
|---|---|---|
| Commission<br>၁. လုပ်ပိုင်ခွင့်<br>၂. ကော်မရှင် | (1) Authority to perform an act or exercise power: 'a military commission' means conferring the rank of an officer; (2) a formal body charged with specific functions, for example a constitutional commission or the European Commission. | (၁) အမှုတစ်ခုကိုပြုလုပ်ရန် သို့မဟုတ် အာဏာကိုအသုံးပြုရန်လုပ်ပိုင်ခွင့်၊ စစ်ဖက်ဆိုင်ရာကော်မရှင်ဆိုသည်မှာ အရာရှိတစ်ယောက်အား အာဏာအပ်ထားခြင်းကိုဆိုလိုသည်။ (၂) သတ်မှတ်ထားသောလုပ်ငန်းစဉ်တို့အတွက် တာဝန်ပေးထားသည့် တရားဝင်အဖွဲ့အစည်း၊ ဥပမာ အခြေခံဥပဒေကော်မရှင် သို့မဟုတ် ဥရောပကော်မရှင်။ |
| Communal violence<br>ရပ်ရွာအသိုက်အဝန်းအလိုက် ကြမ်းရမ်းမှု | Violence in which actors and victims are identified by their membership of a specific community. Sometimes referred to as intercommunal violence. | ကျူးလွန်သူတို့နှင့်ခံရသူတို့ကို ၎င်းတို့နေထိုင်ရာလူမှုအဖွဲ့အစည်းတစ်ခုဖြင့် သတ်မှတ်လို့ရသော အကြမ်းဖက်မှု။ တစ်ခါတစ်ရံ လူအဖွဲ့အစည်း တစ်ခုနှင့်တစ်ခုအကြားဖြစ်သော အကြမ်းဖက်မှုဟု ရည်ညွှန်းသည်။ |
| Community<br>အသိုက်အဝန်း | A group of people living in a particular local area; a group of people having a common ethnic or cultural or religious characteristic. Can be used to refer to a nation as a whole; 'the community'; and to the 'international community'. | ဒေသတစ်ခုအတွင်းနေထိုင်နေသော လူအုပ်စုတစ်စု၊ လူမျိုးစုတူသော သို့မဟုတ် ယဉ်ကျေးမှုတူသော သို့မဟုတ် ဘာသာရေးလက္ခဏာတို့တူသော လူအုပ်စုတစ်စု။ နိုင်ငံတစ်နိုင်ငံလုံးကို လူ့အဖွဲ့အစည်း၊ နိုင်ငံတစ်ကာလူ့အဖွဲ့အစည်းဟုလည်း ရည်ညွှန်းသည်။ |
| Community of interest<br>ဘုံဆန္ဒတူအုပ်စု | A group or collection of individuals united by shared interests or values. | လူအုပ်စုတစ်စုအား စုစည်းထားသော တူညီသောအကျိုးစီးပွား သို့မဟုတ် တန်ဖိုး။ |

| | | |
|---|---|---|
| Compensatory seats<br>ထပ်ဖြည့်ပေးသည့် အမတ်နေရာများ | The Party List seats in a Mixed Member Proportional (MMP) system which are awarded to parties or groupings to correct disproportionality in their representation in the results of the elections held under the first part of the MMP system, normally under a plurality/majority voting system. | ပါတီနှင့်အုပ်စုတို့၏ ကိုယ်စားပြုမှုသည် အချိုးကျအရော ကိုယ်စားလှယ်စနစ်၏ ပထမအပိုင်းဖြစ်သော မဲအများစုအနိုင်ပေးသည့် စနစ်ကြောင့် အချိုးမညီဖြစ်သည်ကို မှန်ကန်သည့်ကိုယ်စားပြုမှု ရရှိစေရန်နေရာပေးသည့် အချိုးကျအရောကိုယ်စားလှယ်စနစ်၏ ပါတီနေရာစာရင်း။ |
| Competitive democracy<br>ယှဉ်ပြိုင်ရသော ဒီမိုကရေစီစနစ် | A democratic system in which two or more viable political parties or groupings contest free and fair elections which are based on a transparent and comprehensible electoral system in which candidates have appropriate access to financial resources and the media. | ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲရန်ပုံငွေနှင့် သတင်းမီဒီယာ၏ သတင်းတင်ပြပေးမှုကိုရရှိရန် တူညီသောအခွင့်အလမ်းရှိပြီး၊ သိသာမြင်သာရှိကာပြီးပြည့်စုံသော ရွေးကောက်ပွဲစနစ်တစ်ခုကိုအခြေခံသည့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတွင် နှစ်ပါတီနှင့်အထက်တို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဒီမိုကရေစီစနစ်တစ်မျိုး။ |
| Competitive election<br>ယှဉ်ပြိုင်ရသော ရွေးကောက်ပွဲ | An election for which there is more than one candidate for each available position. | အမတ်နေရာတစ်နေရာအတွက် အမတ်လောင်းတစ်ဦးထက်ပိုသော ကိုယ်စားလှယ်များယှဉ်ပြိုင်သည့်ရွေးကောက်ပွဲ။ |

| | | |
|---|---|---|
| Concurrent powers<br>တပြိုင်နက်တည်း ကျင့်သုံးနိုင်သော အာဏာများ | Powers that are shared by federal and constituent governments under a federal constitution, or by two different levels of government in a unitary system. Where laws in an area of concurrency conflict, the law of the higher level authority is normally paramount. For example, education and health are areas where union government and state governments in India hold concurrent powers. | ဖယ်ဒရယ်အစိုးရနှင့်ယင်းအစိုးရ၏ အစိတ်အပိုင်းတစ်ခုဖယ်ဒရယ် အခြေခံမူအောက်တွင်ခွဲဝေရသောအာဏာ သို့မဟုတ် မတူသော အဆင့်နှစ်ခုမှအစိုးရတစ်ရပ်တည်းစနစ်အောက်တွင် ခွဲဝေရသော အာဏာ။ ပူးတွဲအာဏာခွဲဝေနေသောဒေသမှ ဥပဒေများမတိုက် ဆိုင်ခဲ့လျှင် လုပ်ပိုင်ခွင့်အာဏာပိုရှိသောအဆင့်၏ ဥပဒေက ပုံမှန် အခြေအနေတွင် လွှမ်းမိုးသည်။ ဥပမာပညာရေးနှင့်ကျန်းမာရေးတို့ ကို အိန္ဒိယရှိပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့က ပူးတွဲ အာဏာဖြင့် စီမံသည်။ |
| Conditional grants<br>ကန့်သတ်ချက် ရှိသော ရန်ပုံငွေ | In a federation, funds transferred by the federal government to constituent units for specific purposes and with limits on its spending that are monitored by the grantor. | ဖယ်ဒရယ်စနစ်တွင် ဖယ်ဒရယ်အစိုးရမှယင်းအစိတ်အပိုင်းပြည်နယ် များသို့ တိကျသောလုပ်ငန်းရည်ရွယ်ချက်တို့အတွက် ငွေကြေး အထောက်အပံ့ပေးပြီး၊ အသုံးပြုပုံကိုထောက်ပံ့သူက စီစစ် စောင့်ကြည့်သည့် အထောက်အပံ့။ |
| Confederation<br>ကွန်ဖက်ဒရေးရှင်း | A group of nations or states, or a government encompassing several states or political divisions, in which the powers of the higher level of government are delegated by the lower level authorities and may be withdrawn; for example Switzerland. The component units of a confederation retain considerable independence, and often delegate only a few powers to the central authority. | အာဏာတို့ကို အောက်ခြေအဆင့်အာဏာပိုင်တို့က အထက်အ ဆင့်ရှိ အစိုးရကိုအပ်နှင်းထားပြီးပြန်လည်ရုပ်သိမ်းနိုင်သော အမျိုး သားနိုင်ငံများ အုပ်စု သို့မဟုတ် ပြည်ထောင်များ သို့မဟုတ် နိုင်ငံ အများအပြား သို့မဟုတ် နိုင်ငံရေးဒေသကြီးများကို လွှမ်းခြုံသော အစိုးရ၊ ဥပမာ ဆွစ်ဇာလန်နိုင်ငံများအုပ်စုတွင်ပါဝင်သော အစိတ် အပိုင်းတို့သည် အတော်အတန်ပင် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပိုင်ဆိုင်ထားကြပြီး၊ အချို့သောအာဏာတို့ကိုသာ ဗဟိုအစိုးရကို ပေးအပ်ထားသည်။ |

| | | |
|---|---|---|
| Conflict management<br>ပဋိပက္ခ စီမံခန့်ခွဲမှု | An approach to conflict which assumes that it is likely to be a long-term process that often cannot be quickly resolved, and that the primary goal of any intervention is the reduction or control of volatility rather than dealing with the real source of the problem. | ရေရှည်လုပ်ငန်းစဉ်ဖြစ်ပြီး အလျှင်အမြန်ဖြေရှင်း၍မရနိုင်ဟု ယူဆသည့်ပဋိပက္ခကိုချဉ်းကပ်နည်းတစ်ခု။ ထိုအပြင် ကြားဝင်ဖြန်ဖြေမှု၏မူလပထမပန်းတိုင်မှာ ပြဿနာ၏ဇစ်မြစ်ကိုကိုင်တွယ်ခြင်းထက် အခြေအနေမတည်ငြိမ်မှုကိုလျှော့ချခြင်း၊ ထိမ်းချုပ်ခြင်းတို့ဖြစ်သည်။ |
| Conflict of interest<br>အကျိုးစီးပွား ဂိုရောဓိ | In general, a situation where a person's individual (often financial) interests conflict with the interests of a body for which she or he undertakes paid work or activity or acts in an official capacity. It is often provided that a person subject to a conflict of interest may not participate in any discussion of or decision taken on that matter. | ယေဘုယျအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးနှင့်ဆိုင်သော(များသောအားဖြင့် စီးပွားရေးနှင့်သက်ဆိုင်သည့်)ကိုယ်ကျိုးစီးပွားက ယင်းလူပုဂ္ဂိုလ် အခကြေးငွေယူ၍ တရားဝင်ရရှိထားသော လုပ်ပိုင်ခွင့်တစ်ခုဖြင့် တာဝန်ခံလုပ်ဆောင်ပေးနေသောအလုပ် သို့မဟုတ် လုပ်ရှားဆောင်ရွက်မှု သို့မဟုတ် လုပ်ရပ်နှင့်ပဋိပက္ခဖြစ်သော အခြေအနေတစ်ခုကို ဆိုလိုသည်။ အကျိုးစီးပွားပဋိပက္ခရှိသော နိုင်ခြေရှိသော သူသည်၄င်းကိစ္စနှင့် ပတ်သက်ဆက်နွယ်သည့် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်မရှိဟု အများအားဖြင့် သတ်မှတ်ယူဆကြသည်။ |
| Conflict prevention<br>ပဋိပက္ခ ကာကွယ်ခြင်း | The use of diplomatic techniques to prevent disputes from arising, prevent such disputes from escalating into armed conflict and prevent armed conflict from spreading. | သံတမန်ဆိုင်ရာ နည်းနာတို့ကိုအသုံးပြုပြီး အငြင်းပွားမှုဖြစ်ပွားစေခြင်းမှတားဆီးခြင်း၊ လက်နက်ကိုင်ပဋိပက္ခထိ ဖြစ်ပေါ်မလာစေရန် တားဆီးခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခအဆင့် ရောက်ရှိခဲ့ပါက ယင်းပဋိပက္ခမပြန့်ပွားစေရန် တားဆီးခြင်း။ |

| | | |
|---|---|---|
| Conflict resolution<br>ပဋိပက္ခဖြေရှင်းခြင်း | The methods and process of negotiation, arbitration and institution building designed to promote the peaceful ending of social, political or economic conflict. | ညှိနှိုင်းဆွေးနွေးသည့်နည်းနာနှင့် ဖြစ်စဉ်၊ဖျန်ဖြေခြင်းနှင့်မူအခြေခံစည်းမျဉ်းတို့ကို အစီအစည်ချရေးဆွဲပြီး၊ လူမှုစီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် စီပွားရေးပဋိပက္ခတို့ကိုငြိမ်းချမ်းစွာ အဆုံးသတ်စေခြင်း။ |
| Conflict transformation<br>ပဋိပက္ခ အသွင်ပြောင်းခြင်း | An approach to social conflict derived from the assertion that it is a natural occurrence between humans who are involved in relationships, which changes those relationships in predictable ways, altering communication patterns, patterns of social organization, and images of the self and the other. | လူမှုဆိုင်ရာပဋိပက္ခတို့သည် လူတို့ဆက်ဆံရာတွင်ပေါ်ပေါက်လေ့ရှိသည်မှာ သဘာဝပင်ဖြစ်သည်။ ယင်းသဘောမှပင်ဆက်သွယ်ဆက်ဆံမှုပုံစံများ၊ လူမှုအဖွဲ့အစည်း၏ ပုံသဏ္ဍာန်များ၊ မိမိနှင့်အခြားသူတို့၏အသွင်တို့ကိုပြုပြင်ပြီးလူမှုဆက်ဆံပုံတို့ကို တင်ကြိုမှန်းဆနိုင်သော လမ်းကြောင်းအတိုင်း ပြောင်းလဲသည်ဆိုသည့်ယုံကြည်ယူဆချက်ကိုမူတည်သော လူမှုပဋိပက္ခကိုချဉ်းကပ်နည်းတစ်မျိုး။ |
| Consensual democracy<br>သဘောတူညီမှု အခြေခံသော ဒီမိုကရေစီ | The type of democratic system that prevents the winners (majority party) from taking all power and provides the minorities scope for power-sharing in governance. In this system most decisions are made on the basis of the participation and consent of most parties concerned rather than on the will of the majority. | ရွေးကောက်ပွဲအနိုင်ရရှိသူ (လူများစုပါတီ) ကိုအာဏာအားလုံးရယူခြင်းမှတားဆီးပြီး အုပ်ချုပ်မှုပိုင်းတွင်အာဏာကိုလူနည်းစုတို့နှင့်လည်းမျှဝေနိုင်စေသည့်လမ်းကြောင်းကို ထားရှိသောဒီမိုကရေစီစနစ်တစ်မျိုး။ဤစနစ်တွင်ဆုံးဖြတ်ချက်အများစုကို လူများစု၏သဘောဆန္ဒအလျောက်ပြုလုပ်ခြင်းထက် သက်ဆိုင်သူအများပါဝင်ဆောင်ရွက်မှုနှင့်သဘောတူညီမှုတို့ကို အခြေခံ၍ပြုလုပ်သည်။ |
| Consensus<br>သဘောတူမျှမှု | General agreement or accord, to which no objections are registered. | ကန့်ကွက်မှုမရှိသည့် အထွေထွေသဘောတူညီမှု သို့မဟုတ် သဘော ဆန္ဒကိုက်ညီမှု။ |

| | | |
|---|---|---|
| Consensus building<br>သဘောတူမျှမှု<br>တည်ဆောက်ခြင်း | A process of mediation of a conflict which involves many parties as well as multiple, complex issues. It is applicable in public policy disputes at the community, national and international levels. It is usually carried out by a mediator or a facilitator, often involving a team of intermediaries, and is normally a process which moves through a series of steps. | ပုဂ္ဂိုလ်အဖွဲ့များနှင့် ရှုပ်ထွေးများပြားသော ပြဿနာတို့ပါဝင်သည့် ပဋိပက္ခတစ်ခုကို ပြေလည်မှုရရန်ဆောင်ရွက်သည့်ဖြစ်စဉ်။ ယင်းဖြစ်စဉ်တွင် နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်နှင့်လူအုပ်စုတစ်စုအဆင့်တို့တွင် ပေါ်ပေါက်သော အများပြည်သူဆိုင်ရာ ပေါ်လစီနှင့်ဆက်စပ်သော အငြင်းပွားမှုတို့ပါဝင်သည်။ ပုံမှန်အားဖြင့်အဆင့်ဆင့်ကိုဖြတ်သန်း၍ ဖျန်ဖြေပေးသူ၊ ပံ့ပိုးကူညီသူနှင့်၊ ကြားနေသူများက ပါဝင်ဆောင်ရွက်ပေးသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ |
| Consociational democracy<br>သဘောတူမျှမှု<br>ညှိနှိုင်းဒီမိုကရေစီ | A system of governance based on recognized national ethnic, linguistic or religious communities, which provides for some autonomy for these communities as well as for some joint decision-making, including the right of each community to veto unacceptable decisions. This system may be established formally or by convention and is not necessarily fully recognized constitutionally. Both unitary and federal governments can have consociational features. | အသိအမှတ်ပြုထားသည့် အမျိုးသားလူမျိုးစု၊ ဘာသာစကား သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သော လူအဖွဲ့အစည်းတို့ကိုအခြေခံထားသော အစိုးရစနစ်တစ်ခုဖြစ်သည်။ဤစနစ်တွင်လက်ခံနိုင်ဖွယ်မရှိသောဆုံးဖြတ်ချက်များကို ဗီတိုအာဏာဖြင့်ပယ်ချခြင်းအပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပူးတွဲဆုံးဖြတ်ချက်ချခြင်းတို့ကိုလည်း ပြုလုပ်ခွင့်ပေးသည်။ ဤစနစ်ကိုတရားဝင် သို့မဟုတ် သဘောတူညီချက်ဖြင့်ထူထောင်နိုင်ပြီး၊ အခြေခံဥပဒေအရအပြည့်အဝ အသိအမှတ်ပြုလက်ခံထားရန်မလိုပေ။ ဗဟိုအစိုးရတစ်ရပ်တည်းရှိသော နိုင်ငံ သို့မဟုတ် ဖယ်ဒရယ်မူကျင့်သုံးသော နိုင်ငံတို့တွင်လည်း ပူးပေါင်းဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်သည်။ |
| Consolidated<br>ပေါင်းစုထားသော | Brought together or merged into a single whole. | တစ်ခုတည်းသော အပေါင်းအစုဖြစ်အောင် အတူတကွ သယ်ဆောင်ပေါင်းစပ်ထားသော။ |

C

| | | |
|---|---|---|
| Consolidated Fund<br>သီးသန့်လျာထားသော ရန်ပုံငွေ | The reserved revenue funds of a country which are managed by the national treasury. Expenses charged directly to the fund are not subject to legislative alteration or delay or ministerial delay. | အမျိုးသားဘဏ္ဍာရေးဌာနက နိုင်ငံတစ်ခု၏ဝင်ငွေမှ သီးသန့်လျာထားသော ရန်ပုံငွေ။ ကုန်ကျစရိတ်တို့ကို ယင်းရန်ပုံငွေမှ ရယူတောင်းခံခြင်းကို ဥပဒေပြုရေးအာဏာမှပြောင်းလဲခြင်း၊ နှောင့်နှေးစေခြင်း၊ ဝန်ကြီးဌာနမှနှောင့်နှေးစေခြင်းနိုင်ခြင်း မရှိစေရ။ |
| Constituent Assembly<br>ဥပဒေပြု လွှတ်တော် | A body set up for the specific purpose of making a new, or amend an existing, constitution. Members are usually elected, though some may be chosen through other methods. Constituent assemblies are sometimes similar to a legisalture; for example, a nation's parliament has acted as its Constituent Assembly (as in South Africa), or the Constituent Assembly has had the functions of Parliament also (as in India). | အခြေခံဥပဒေအားအသစ်ရေးဆွဲရန် သို့မဟုတ် တည်ဆဲတစ်ခုအားပြင်ဆင်ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသောအစုအဖွဲ့။ အဖွဲ့ဝင်များမှာအများအားဖြင့် မဲဖြင့်တင်မြှောက်ခံရသူများဖြစ်ပြီး၊ အချို့မှာအခြားနည်းဖြင့် ရွေးချယ်ခံထားရသူများဖြစ်သည်။ အထူးအဖွဲ့တို့သည် တခါတရံတွင် ဥပဒေပြုအာဏာနှင့်အလားသဏ္ဍာန် တူညီတတ်သည်။ ဥပမာနိုင်ငံတစ်ခု၏ပါလီမန်သည်(တောင်အာဖရိကမှာကဲ့သို့)အထူးအဖွဲ့အဖြစ် လုပ်ဆောင်တတ်သည်။ သို့မဟုတ် အထူးအဖွဲ့သည် ပါလီမန်၏ လုပ်ငန်းတို့ကို (အိန္ဒိယမှာကဲ့သို့) လုပ်ဆောင်တတ်သည်။ |
| Constitution<br>ဖွဲ့စည်းပုံ<br>အခြေခံဥပဒေ | The fundamental or basic law,of a country, which determines the fundamental political principles of the government, rules of procedure of that government, relations between different organs of government, rights and obligations of the citizenry and also sets forth methods to ensure accountability of governmental branches. | အစိုးရ၏ နိုင်ငံရေးဆိုင်ရာမူများ၊ အစိုးရ၏လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့တွင်း မဏ္ဍိုင်များအကြားဆက်ဆံရေးများ၊ နိုင်ငံသားတို့၏ တာဝန်နှင့်အခွင့်အရေးများ စသည်တို့ကို သတ်မှတ်ပြဌာန်းထားပြီး၊ အစိုးရအစိတ်အပိုင်းအသီးသီး၏ တာဝန်ယူမှုရှိစေရန် ထိန်းကွပ်ပေးသည့် တိုင်းပြည်တစ်ပြည်၏ အဓိကကျသော သို့မဟုတ် အခြေခံကျသော ဥပဒေ။ |

| | | |
|---|---|---|
| Constitution building<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲခြင်း | An inclusive and participatory process of making a new constitution or amending an existing constitution, designed to lead to constitutions that are nationally owned, sustainable and sensitive to gender and conflict prevention dimensions | အများဆန္ဒကိုခြုံငုံမိပြီး၊ အများစုပါဝင်လုပ်ဆောင်နိုင်သည့် တစ်မျိုးသားလုံးပိုင်ဆိုင်ပြီး ရေရှည်တည်တံ့နိုင်ကာ ယောက်ျား မိန်းမ လူမှုဘဝ တာဝန်အခန်းကဏ္ဍနှင့်၊ ပဋိပက္ခတားမြစ်နိုင်စေရန် ကာကွယ်မှုများ ထည့်သွင်းထားသည့် အခြေခံဥပဒေပြင်ဆင်သည့် သို့မဟုတ် အသစ်ရေးဆွဲသည့် ဖြစ်စဉ်။ |
| Constitutional<br>ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်လျော်ညီသော | Power or action in compliance with the provisions of the constitution; related to the constitution. | အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်နှင့်အတိုင်းဖြစ်သော အာဏာ သို့မဟုတ် လုပ်ဆောင်ချက်။ အခြေအခံဥပဒေနှင့်သက်ဆိုင်သော။ |
| Constitutional amendment<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ချက် | A change to the text of a constitution enacted by a legal process normally defined within that constitution. | အခြေခံဥပဒေထဲတွင် မည်သို့ ပြင်ဆင်ရမည်ကို အဓိပ္ပါယ်ဖွင့်ဆို ပြဋ္ဌာန်းထားသည့် လုပ်ထုံးအတိုင်းအခြေခံဥပဒေပါ စာသားတို့ကို ပြောင်းလဲခြင်း။ |
| Constitutional body<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းသော အဖွဲ့အစည်း | A body or entity created by or under the constitution of a particular country for a specified task. | တိကျရေရာသော လုပ်ငန်းဆောင်တာတစ်ခုအတွက် အခြေခံဥပဒေက သို့မဟုတ် အခြေခံဥပဒေပါအတိုင်း ဖွဲ့စည်းထားသော အစုအဖွဲ့။ |

| | | |
|---|---|---|
| Constitutional change<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေပြောင်းလဲခြင်း | The process of amending or otherwise altering a country's Constitution. The process itself is often set out in the Constitution. | နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေကိုပြင်ဆင်ဖြည့်စွက်သော သို့မဟုတ် ပြောင်းလဲသောဖြစ်စဉ်။ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေအား မည်ကဲ့သို့ ပြောင်းလဲရမည်ကို အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပင် ရေးသားဖော်ပြထားလေ့ ရှိပါသည်။ |
| Constitutional convention<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေ ညီလာခံ | A body chosen in some way (often but not necessarily by election) to represent the citizenry in a constitution building process. A constitutional convention may be a 'general constitutional convention', an 'unlimited constitutional convention' or a 'limited constitutional convention'. A general Constitutional Convention is employed when a country that has never before had or written a constitution embarks on this process, or if a country wishes to revise the entire old constitution. An unlimited Constitutional Convention aims to revise an existing constitution to the extent that it deems to be proper, whereas a limited Constitutional Convention only concerns itself with reforming, revising and/or make amendments to part of the constitution that the existing constitution allows for it to reform. Constitutional conventions have also been used by separate geographical districts in federal states in order to create, replace or revise their own constitutions. | ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးရန် နိုင်ငံသားတို့ကိုကိုယ်စားပြုသော နည်းလမ်းတစ်ခုခုဖြင့် (အများအားဖြင့် ရွေးကောက်တင်မြှောက်ထားသည့်) ရွေးချယ်ထားသော အစုအဖွဲ့။ ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံတစ်ခုသည် အထွေထွေ သို့မဟုတ် အကန့်အသတ်မရှိ သို့မဟုတ် အကန့်အသတ်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံတို့ဖြစ်နိုင်သည်။ နိုင်ငံတစ်ခု၌အခြေခံဥပဒေတစ်ရပ်မရှိသေးလျှင် သို့မဟုတ် မရေးသားရသေးလျှင် သို့မဟုတ် အခြေခံဥပဒေ အဟောင်းတစ်ခုလုံးကို ပြင်ဆင်လိုလျှင် အထွေထွေဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံကို ကျင်းပသည်။ သင့်လျော်သောအဆင့်တစ်ခုအထိပြင်ဆင်လိုလျှင် အကန့်အသတ်မရှိ ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံကိုကျင်းပပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုသလောက် ယင်းဥပဒေ၏ အစိတ်အပိုင်းတို့ကို ပြုပြင်ပြောင်းလဲရန်၊ ပြင်ဆင်ရန်အတွက်မူအကန့်အသတ်ရှိသော အထွေထွေဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံကို ကျင်းပသည်။ ပထဝီအနေအထားအရ ကွဲပြားတည်ရှိနေပြီး ဖယ်ဒရယ်မူအရ တည်ထောင်ထားသည့် ပြည်နယ်များရှိ ဒေသများတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံကိုကျင်းပပြီး ၎င်းတို့၏ အခြေခံဥပဒေကို ရေးဆွဲရန်၊ အစားထိုးရန်၊ ပြင်ဆင်ရန် ကျင်းပကြသည်။ |

| | | |
|---|---|---|
| Constitutional Council<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေကောင်စီ | A special body of persons created by the constitution for the appointment of authorities and/or constitutional bodies. | အာဏာပိုင်အဖွဲ့အစည်းများနှင့် အခြေခံဥပဒေဆိုင်ရာအစုအဖွဲ့တို့ကိုခန့်အပ်ရန်လူပုဂ္ဂိုလ်တို့နှင့် ဖွဲ့စည်းထားသော အထူးအဖွဲ့အစည်း။ |
| Constitutional Court<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေတရားရုံး (သို့) ခုံရုံး | A high court that deals primarily with constitutional law. Its main purpose is to rule on whether laws comply with the terms or articles of the Constitution or are 'unconstitutional'. The court may also rule on proposed amendments to the Constitution and the legality of the processes used to bring these about. A constitutional court may be a specialised court that will not occupy itself with other types of cases that are not directly related to the constitution. | အခြေခံဥပဒေဆိုင်ရာတို့ကိုဆုံးဖြတ်သော အထက်တရားရုံး။ ဤတရားရုံး၏ အဓိကရည်ရွယ်ချက်မှာဥပဒေများသည် အခြေခံဥပဒေပါအပိုဒ်တို့နှင့်ညီညွတ်ခြင်းရှိမရှိ ဆုံးဖြတ်ရန်ဖြစ်သည်။ ဤတရားရုံးကအဆိုပြုသော ပြင်ဆင်ချက်တို့နှင့်ပြင်ဆင်ပုံဥပဒေနှင့် ညီမညီ အဆုံးအဖြတ်ပေးနိုင်သည်။ အခြေခံဥပဒေတရားရုံးသည် အထူးတရားရုံးဖြစ်ပြီး အခြေခံဥပဒေနှင့် တိုက်ရိုက်မသက်ဆိုင်သောအမှုတို့ကို ကိုင်တွယ်လေ့မရှိ။ |
| Constitutional entrenchment of fundamental rights<br>အခြေခံအခွင့်အရေးများကိုဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်ထည့်သွင်းခြင်း | The incorporation of fundamental rights in the constitution. Amendments to these constitutional provisions normally require more than a simple, legislative majority. | အဓိကကျသော အခွင့်အရေးများကို အခြေခံဥပဒေထဲတွင် ထည့်သွင်းခြင်း။ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ပြင်ဆင်ရာတွင် ဥပဒေပြုအာဏာ၏ ပုံမှန်လူများစု၏ထောက်ခံချက်ကိုလိုသည်။ |

C

| | | |
|---|---|---|
| Constitutional order<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ စနစ် | Political order organized around agreed-upon legal and political institutions that operate to allocate rights and limit the exercise of power. In a constitutional order, power is "tamed" by making it less consequential. The stakes in political struggles are reduced by the creation of institutionalized processes of participation and decision making that specifies rules, rights, and limits power holders. | အခွင့်အရေးကို သတ်မှတ်ပေးရန်နှင့်အာဏာအသုံးပြုသည်ကို ကန့်သတ်ပေးရန် သဘောတူညီထားသည့်ဥပဒေနှင့် နိုင်ငံရေးဆိုင်ရာ အလေ့အထတို့ကိုမူတည်ပြီး စည်းရုံးစီစဉ်ထားသောနိုင်ငံရေးအခင်းအကျင်း။ အခြေခံဥပဒေဆိုင်ရာအခင်းအကျင်းတွင်အာဏာ၏အကျိုးဆက်တို့အရေးပါမှုကို လျှော့ချခြင်းနည်းဖြင့် ထိန်းကျောင်းထားသည့် ပါဝင်လုပ်ဆောင်မှုနှင့်ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာစည်းမျဉ်းများ၊ အခွင့်အရေးများ သတ်မှတ်ပြီးအာဏာရရှိသူကိုကန့်သတ်သည့် စနစ်ချပြီးသော လုပ်ငန်းစဉ်တို့ကို ပြဋ္ဌာန်းသတ်မှတ်ကာ နိုင်ငံရေးရုန်းကန်တိုက်ခိုက်မှုတို့မှရနိုင်သော အကျိုးရလဒ်တို့ကို လျှော့ချထားသည်။ |
| Constitutional process<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေအရလုပ်ငန်းစဉ် | A process that is set out in or within the limits defined in a constitution. | အခြေခံဥပဒေတွင်သတ်မှတ်ထားသောကန့်သတ်မှုဘောင်အတွင်း မှလုပ်ဆောင်ရသော လုပ်ငန်းစဉ်။ |
| Constitutional reform<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေပြုပြင် ပြောင်းလဲခြင်း | See also 'constitutional change' (p. 34). | ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲခြင်း ရှု။ |

| | | |
|---|---|---|
| Constitutionalism<br>ဖွဲ့စည်းပုံအခြေခံဥပဒေကိုလိုက်နာသော ဝါဒ | The practice or philosophy of adherence to constitutional principles involving limits on the power of the government and other institutions defined by those constitutional principles and by the words of the constitution. | အစိုးရ၏အာဏာအပေါ် ကန့်သတ်မှုများနှင့်အခြေခံဥပဒေ၏မူနှင့် စကားရပ်များအရ ချမှတ်ထားသော အခြားလုပ်ထုံးများအတိုင်း လိုက်နာသော အလေ့အကျင့် သို့မဟုတ် အတွေးအခေါ်။ |
| Constitutionality<br>ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လျော်ညီခြင်း | Conformity with the constitution: a status of legality given to a law, statute, act, rules, procedures or administrative actions dependent upon their conformity to constitutional provisions. | အခြေခံဥပဒေကိုလိုက်နာခြင်း။ အခြေခံဥပဒေနှင့်ကိုက်ညီမှုပေါ် မူတည်၍ ဥပဒေ၊ ဥပဒေပြုအာဏာမှပြဋ္ဌာန်းထားသော ဥပဒေ၊ အက်ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ သို့ မဟုတ် အုပ်ချုပ်ရေးဆိုင်ရာလုပ်ဆောင်ချက်များ၏ တရားဝင်ဖြစ်မှု အခြေအနေ။ |
| Consultative referendum<br>ဥပဒေအရလိုက်နာရန်မလိုသော ပြည်သူ့ဆန္ဒခံယူပွဲ | A vote of the electorate the outcome of which is in legal terms only advisory on a government or appropriate authority, even though it may be politically difficult for a government or authority to ignore. | အစိုးရနှင့်အာဏာပိုင်များအဖို့ နိုင်ငံရေးအရ လစ်လျူရှုရန်ခက်ခဲ သော်လည်း ဥပဒေအရအစိုးရ သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင် တို့အပေါ်တွင် အကြံပြုရုံသဘောလောက်သာ သက်ရောက်သည့် မဲရလဒ်။ |
| Contiguous district<br>ဆက်စပ်နေသော မဲဆန္ဒနယ် | An electoral district that can be enclosed within a single continuous boundary line. | တဆက်တည်းသော နယ်နိမိတ်လိုင်းဖြင့် သတ်မှတ်နိုင်သော ရွေးကောက်တင်မြှောက်ခံနယ်နိမိတ်။ |

C

Convention on the Elimination of all forms of Discrimination Against Women (CEDAW)
အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ဆိုင်ရာ ကွန်ဗင်းရှင်း (C.E.A.D.A.W)

The text of the Convention on the Elimination of All Forms of Discrimination against Women was prepared by working groups within the UN Commission on the Status of Women (CSW) during 1976 and extensive deliberations by a working group of the Third Committee of the General Assembly from 1977 to 1979. The Convention entered into force in 1981 and had 99 signatories as of December 2011. The convention was drawn up under the CSW mandate for the preparation of recommendations relating to urgent problems requiring immediate attention in the field of women's rights with the object of implementing the principle that men and women should have equal rights, and the development of proposals to give effect to such recommendations. This mandate derives from equality of rights for women as a basic principle of the United Nations; the Preamble to the Charter of the United Nations sets as one of the Organization's central goals the reaffirmation of "faith in fundamental human rights, in the dignity and worth of the human person, in the equal rights of men and women". (Myanmar acceded to CEDAW on 22 July 1997.)

အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်သွားစေရန် ကမ္ဘာ့ကုလသမဂ္ဂအမျိုးသမီးရေးရာ အခြေအနေကော်မရှင်၏ သုတေသနအဖွဲ့များက ၁၉၇၆ ခုနှစ်တွင်ပြင်ဆင်ပြီး၊ ၁၉၇၇ မှ ၁၉၇၉ ထိ အထွေထွေညီလာခံ တတိယကော်မတီ၏ သုတေသနအဖွဲ့ကကျယ်ပြန့်စွာညှိနှိုင်းခဲ့ကြပြီးနောက်၊ ကုလသမဂ္ဂက သဘောတူပြဌာန်းခဲ့သည့်ကွန်းဗင်းရှင်းဖြစ်သည်။ ဤသဘောတူညီချက်သည် ၁၉၈၁ ခုနှစ်တွင် ဥပဒေအဖြစ်အသက်ဝင်ပြီး၊ ၂၀၁၁ ဒီဇင်ဘာလတွင် လက်ခံကျင့်သုံးသောနိုင်ငံ ၁၉၆ နိုင်ငံရှိလာသည်။ မှတ်ချက် : ဤသဘောတူညီချက်ကို CSW၏ အခွင့်အာဏာပေးအပ်မှုဖြင့် ယောကျာ်း၊ မိန်းမတို့သည် တူညီသော အခွင့်အရေးတို့ရှိကြသည်ဆိုသည့်မှုကို အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်ချက်ဖြင့်အမျိုးသမီးအခွင့်အရေးနယ်ပယ်တွင် မဆိုင်းမတွ အာရုံစိုက်မှုကိုလိုအပ်သော အရေးကြီးသည့်ပြဿနာတို့ကို အကြံပြုချက်ပေးရန် ပြင်ဆင်ခဲ့ပြီး၊ အကြံပြုချက်များကို ထိရောက်စေရန်အဆိုပြုချက်များပြုလုပ်ခဲ့သည်။ ယခုကဲ့သို့ အခွင့်အာဏာသည် အမျိုးသမီးများ၏ တူညီသောအခွင့်အရေးဟူသော ကမ္ဘာ့ကုလသမဂ္ဂ၏ မူပေါ်တွင် အခြေခံတည်ဆောက်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ပဋိညာဉ်တွင် အဖွဲ့ကြီး၏ အဓိကပန်းတိုင်တစ်ခုမှာ လူ့အခွင့်အရေး၏ အခြေခံကျမှု၊ လူသား၏ ဂုဏ်သိက္ခာ၊ လူသား၏ တန်ဖိုး၊ ယောကျာ်း၊ မိန်းမတို့၏ တူညီသောအခွင့်အရေးတို့တွင်ထားရှိသော ယုံကြည်မှုကို ပြန်လည်ခိုင်မာအောင် လုပ်ဆောင်ရန်ဖြစ်သည်ဟု ဖော်ပြထားသည်။ (မြန်မာနိုင်ငံက CEDAW ကို ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် လက်ခံခဲ့သည်။)

| | | |
|---|---|---|
| Convention on the Rights of the Child<br>ကလေးအခွင့်အရေး ဆိုင်ရာ ကွန်ဗင်းရှင်း (C.R.C) | A UN Convention adopted in 1989 which is the most widely ratified international human rights treaty in history. The 54 provisions of the convention, and its optional protocols, articulate the full complement of civil, political, cultural, social and economic rights for all children, based on four core principles: non-discrimination; actions taken in the best interests of the child; the right to life, survival and development; and respect for the views of the child in accordance with age and maturity. It has been signed by every country in the world, and currently ratified into law by all but two. Since 1990, more than 70 countries have incorporated children's codes into national legislation as part of law reform efforts based on the Convention's provisions. (Myanmar became a signatory to the Convention on the Rights of the Child on 16 July 1991.) | ကုလသမဂ္ဂ၏ ၁၉၈၉ တွင်အတည်ပြုခဲ့သော သမိုင်းတွင် အကျယ်ပြန့်ဆုံး အတည်ပြုလက်ခံခဲ့သည့် နိုင်ငံတကာ လူ့အခွင့်အရေး ပဋိညာဉ်တစ်ခုဖြစ်သည်။ ပြဋ္ဌာန်းချက် ၅၄ချက်နှင့် ၄င်း၏ရွေးချယ်နိုင်သော သဘောတူညီမှုတို့က အရပ်ဖက်ဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ လူမှုရေး ဆိုင်ရာနှင့်စီးပွားရေးဆိုင်ရာ ကလေးသူငယ်များ၏ အခွင့်အရေးကို အပြည့်အဝဖြည့်ဆည်းပေးထားပြီး ယင်းအခွင့်အရေးတို့သည် ခွဲခြားဆက်ဆံမှုမပြုခြင်း၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးအတွက် ဆောင်ရွက်ခြင်း၊ အသက်ရှင်နေထိုင်ခွင့်နှင့်ဖွံ့ဖြိုးတိုးတက်ခွင့်၊ကလေးသူငယ်၏ ဆန္ဒသဘောထားကို အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် လေးစားခြင်း။ ဆိုသည့်မူလေးချက်အပေါ် အခြေခံပြီး သတ်မှတ်ပြောဆိုထားခြင်းဖြစ်သည်။ နိုင်ငံတိုင်းကအတည်ပြုခဲ့ပြီး၊ ဥပဒေအဖြစ်ပြောင်းလဲအတ်ပြုကြရာ အတည်မပြုရသေးသည့်နိုင်ငံ နှစ်နိုင်ငံသာကျန်ရှိတော့သည်။ ၁၉၉၀ခုနှစ်မှ၊ နိုင်ငံပေါင်း ၇၀ကျော်က ခလေးသူငယ်ဆိုင်ရာဥပဒေကို သဘောတူညီချက်၏ ပြဋ္ဌာန်းချက်အတိုင်း အမျိုးသားဥပဒေပြုရေးတွင် ဥပဒေပြင်ဆင်ရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းခဲ့သည်။ မှတ်စု : မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်ကို ၁၉၉၁ ဇူလိုင်လ ၁၆ ရက်နေ့တွင် ပါဝင်သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ |

C

**Convention relating to the Status of Refugees**
**ဒုက္ခသည်များ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း**

A UN Convention adopted in 1951 which is the key legal document in defining who is a refugee, the rights of refugees, and the legal obligations of states. The 1967 Protocol removed geographical and temporal restrictions from the Convention. The Convention clearly spells out who is a refugee and the kind of legal protection, other assistance and social rights he or she should receive from the states that have signed up to it. The Convention also defines a refugee's obligations to host governments, and certain categories of people such as war criminals who do not qualify for refugee status. Initially the 1951 Convention was more or less limited to protecting European refugees in the aftermath of World War II, but the 1967 Protocol expanded its scope as the problem of displacement spread around the world. Together, they have also helped inspire important regional instruments such as the 1969 OAU Refugee Convention in Africa and the 1984 Latin American Cartagena Declaration. (Myanmar has not signed or acceded to the Convention relating to the Status of Refugees.)

၁၉၅၁ ခုနှစ်တွင်လက်ခံခဲ့သော သဘောတူညီမှုသည် မည်သို့သောသူသည် ခိုလှုံသူဒုက္ခသည်ဖြစ်သည်ဆိုသည်ကိုလည်းကောင်း၊ ခိုလှုံသူဒုက္ခသည်၏ အခွင့်အရေးများနှင့် ဥပဒေအရ နိုင်ငံများ၏တာဝန်ကို အဓိပ္ပါယ်သတ်မှတ်ထားသော အဓိကကျသည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ၁၉၇၆ သဘောတူညီမှုသည် ကာလ၊ ဒေသဆိုင်ရာ အကန့်အသတ်တို့ကို ယင်းသဘောတူညီမှုမှဖယ်ရှားခဲ့သည်။ သဘောတူညီမှုကမည်သူသည် ခိုလှုံသူဒုက္ခသည်ဖြစ်သည် ဆိုသောအချက်၊ ဥပဒေမှပေးသော အကာအကွယ်အမျိုးအစား၊ အခြားအထောက်အပံ့များနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးတို့ကိုသူရွေးချယ်သောနိုင်ငံမှရရှိသင့်သည်ဟု ဖော်ပြပါရှိသည်။ ယင်းသဘောတူညီချက်က ခိုလှုံသူဒုက္ခသည် သူ့အားလက်ခံသည့် နိုင်ငံအပေါ်ထားရှိရမည့်တာဝန်တို့ကိုလည်း ဖွင့်ဆိုထားပြီး၊ စစ်ရာဇဝတ်သားကဲ့သို့သော ခိုလှုံသူဒုက္ခသည်အဖြစ် လက်မခံနိုင်သူတို့ကိုလည်း ဖော်ပြထားသည်။ အစတွင် ၁၉၅၁ သဘောတူညီမှုသည် ဒုတိယကမ္ဘာစစ်အပြီး ဥရောပမှခိုလှုံသူဒုက္ခသည်များကိုသာ အနည်းနှင့်အများ အကာအကွယ်ပေးလိုရင်းရှိသော်လည်း၊ ၁၉၆၇ သဘောတူညီမှုက ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံမှနှင်ထုတ်ခံရသူ၊ ထွက်ပြေးလာရသူတို့ကိုပါ သဘောတူညီမှု ထဲတွင်ထည့်သွင်းလာခဲ့သည်။ ယင်းသဘောတူညီမှုနှစ်ခုက ဒေသဆိုင်ရာဥပဒေများဖြစ်ကြသော အာဖရိကတိုက်၏ ၁၉၆၉ OAU ခိုလှုံသူဒုက္ခသည်ဆိုင်ရာ သဘောတူညီမှုနှင့် ၁၉၈၄ လက်တင်အမေရိကကာအဂျီနာ ကြေညာစာတမ်းတို့ကို ပေါ်ပေါက်လာစေရန် ကူညီအားပေးခဲ့သည်။ (မြန်မာနိုင်ငံသည် ဤခိုလှုံခွင့်တောင်းသူ ဒုက္ခသည်အဆင့်နှင့်ပတ်သက်၍ သဘောတူညီချက်ကို သဘောတူလက်မှတ်ရေးထိုးထားခြင်း၊ ပါဝင်ရန်သဘောတူခြင်း မရှိသေးပေ။)

| | | |
|---|---|---|
| Corrupt practice<br>ရွေးကောက်ပွဲ<br>အဂတိလိုက်စားမှု | Any offence which is declared to be a corrupt practice under a particular electoral law. | ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတစ်ရပ်အရ အဂတိလိုက်စားသည်ဟု ထုတ်ပြန်ကြေညာသည့်ပြစ်မှု။ |
| Corruption<br>အဂတိလိုက်စားခြင်း | Use of bribery and other practices in order to encourage behaviour, especially by officials, to further a particular or private interest. In order to strengthen accountability of elected officials, constitutions may take measures so that those in power do not unfairly appropriate public goods. Traditionally, anti-corruption measures have been left to ordinary legislation. As it has become acknowledged that those who benefit from corruption are often the same people in charge of legislating against corruption, including instruments in the constitution that reach beyond current politicians' term in office, for example provisions that aim to contribute to transparency, accountability, and to establish independent tribunals and other institutions where those who have committed official corruption may be investigated and prosecuted. | အစိုးရတာဝန်ထမ်းဆောင်နေသူတို့အားတစ်စုံတစ်ခုသော ပုဂ္ဂလိက အကျိုးစီးပွားတစ်ခုကိုရရှိရန်အတွက် လုပ်ဆောင်ခြင်းကိုအားပေး အားမြောက်ပြုသည့်လာဘ်ပေးလာဘ်ယူမှုနှင့် အခြားသောအလေ့ အထများ။ ရွေးကောက်တင်မြှောက်ခံရသူတို့၏ တာဝန်ယူမှုကို အားကောင်းစေရန် အခြေခံဥပဒေကအာဏာလက်ဝယ်ရှိသူများ အများပြည်သူ၏ အကျိုးစီးပွားကိုမလျော်ညီစွာ အသုံးမပြုစေရန် စီမံဆောင်ရွက်မှုများ ပြဋ္ဌာန်းပေးထားနိုင်သည်။ အစဉ်အလာအရ၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ကိုသာမန်ဥပဒေပြုရေးကို ကိုင် တွယ်စေခဲ့သည်။ အကျင့်ပျက်ခြစားမှုမှ အကျိုးခံစားနေရသူတို့မှာ မကြာခဏဆိုသလို ခြစားမှုကိုတိုက်ဖျက်ရန်ဥပဒေပြုရေးအာဏာ ကို တာဝန်ယူထားသူများ ဖြစ်နေသည်ကို သိရှိလာပြီးနောက်။ အခြေခံဥပဒေထဲတွင် ဥပဒေများပြဋ္ဌာန်းရာတွင် လက်ရှိနိုင်ငံရေး အာဏာရှိသူများ ရာထူးသက်တမ်းကုန်ဆုံးကျော်လွန်သည်အထိ၊ ထိရောက်စေနိုင်သော၊ ဥပမာပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုတို့ကို ရည်ရွယ်သောဥပဒေပြဋ္ဌာန်းချက်များနှင့် ရာထူးလက်ဝယ်ရှိစဉ် ကျူးလွန်သော အကျင့်ပျက်ခြစားမှုအတွက် စုံစမ်းစစ်ဆေးရန်နှင့် တရားဆွဲဆိုရန်လွတ်လပ်သောခုံရုံးတို့နှင့်အခြားသောအဖွဲ့အစည်း၊ စည်းမျဉ်းတို့ကိုတည်ထောင်သည့်ဥပဒေပြဋ္ဌာန်းမှုမျိုးကို ထည့်သွင်း လာကြသည်။ |

C

C

| | | |
|---|---|---|
| Counterproposal<br>တန်ပြန်အဆို | A proposal agreed by the legislature to be presented to a vote of the electorate as an alternative to the proposal contained in a citizens' initiative. | နိုင်ငံသားတို့မှ ဦးဆောင်တင်သွင်းသောအဆိုအပြင်၊ အခြားနည်းလမ်းတစ်ခုအနေဖြင့်ရွေးကောက်တင်မြှောက်သူတို့၏ဆန္ဒသဘောထားခံယူရန် ဥပဒေပြုအာဏာမှသဘောတူညီသည့် အဆိုတစ်ခု။ |
| Crimes against humanity<br>လူသားအားလုံးကို စော်ကားထိခိုက်စေသော ရာဇဝတ်မှုများ | A term defined in the Rome Statute of the International Criminal Court Explanatory Memorandum as "particularly odious offenses in that they constitute a serious attack on human dignity or grave humiliation or a degradation of one or more human beings. They are not isolated or sporadic events, but are part either of a government policy (although the perpetrators need not identify themselves with this policy) or of a wide practice of atrocities tolerated or condoned by a government or a de facto authority. Murder; extermination; torture; rape; political, racial, or religious persecution and other inhumane acts reach the threshold of crimes against humanity only if they are part of a widespread or systematic practice. Isolated inhumane acts of this nature may constitute grave infringements of human rights, or depending on the circumstances, war crimes, but may fall short of falling into the category of crimes under discussion". Crimes against humanity are distinguishable from war crimes in that they apply in times of war or peace. | လူသားတစ်ယောက် သို့မဟုတ် အများစု၏ဂုဏ်သိက္ခာကိုတိုက်ခိုက်သည့် သို့မဟုတ် ဆိုးရွားစွာစော်ကားကာအရှက်ရစေသည့်၊ လူအဆင့်မှနိမ့်ချဆက်ဆံသည့်အထူးစက်ဆုပ်ဖွယ်ပြစ်မှုများဟု နိုင်ငံတကာရာဇဝတ်မှုခုံရုံးရောမဥပဒေရှင်းလင်းချက်ပြန်တန်းတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသောစကားရပ်။ ဤပြစ်မှုတို့သည်သီးခြားဖြစ်ပေါ်နေခြင်း၊ တစ်ခါတစ်ရံသာဖြစ်ပေါ်တတ်ခြင်းမဟုတ်ပဲ၊ ကျူးလွန်သူကအစိုးရ၏မူကြောင့် ကျူးလွန်သည်ဟုဝန်မခံသောလည်း၊ အစိုးရ သို့မဟုတ် လက်ရှိအာဏာပိုင်တို့၏မူကြောင့်သော်လည်းကောင်း သို့မဟုတ် ကျယ်ပြန့်စွာကျင့်သုံးနေသောရက်စက်မှုတို့ကိုအစိုးရကသည်းခံနေခြင်း သို့မဟုတ် အရေးမယူခြင်းကြောင့်ဖြစ်ပွားရခြင်းဖြစ်သည်။ လူသတ်ခြင်း၊ အမြစ်ပြုတ်သုတ်သင်ခြင်း၊ နှိပ်စက်ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ နိုင်ငံရေး၊ လူမျိုးရေးဘာသာရေးတို့နှင့်သက်ဆိုင်သောအကြောင်းနှင့် ဖိစီးနှိပ်ဆက်ခြင်း၊ နှင့်အခြားလူမဆန်သောလုပ်ရပ်တို့ကိုစနစ်တကျနှင့်ကျယ်ပြန့်စွာကျူးလွန်မှသာ လူသားဖြစ်မှုကို ထိခိုက်သောရာဇဝတ်မှုအဖြစ် မှတ်ယူသည်။ သီးခြားဖြစ်ပွားသော အထက်ဖော်ပြပါ လူမဆန်သောပြစ်မှုတို့ကို ဆိုးရွားသောလူ့အခွင့်အရေး ချိုးဖောက်မှုများ သို့မဟုတ် အခြေအနေဖြစ်ပွားမှုပေါ်မူတည်၍ စစ်ရာဇဝတ်မှုဟုသတ်မှတ်နိုင်သော်လည်း အထက်ဖော်ပြပါ ရာဇဝတ်မှုအမျိုးအစားတွင်ပါဝင်ခြင်းမရှိပေ။ လူသားဖြစ်မှုကိုထိခိုက်စေသော ရာဇဝတ်မှုများနှင့်စစ်ရာဇဝတ်မှုတို့ကိုခွဲခြားရာတွင် စစ်အတွင်းကျူးလွန်ခြင်းနှင့်စစ်ဖြစ်မနေသည့်အချိန်တွင်ကျူးလွန်ခြင်း အချိန်ကာလပေါ်မူတည်ပြီး ခွဲခြားသတ်မှတ်သည်။ |

| | | |
|---|---|---|
| Critical mass<br>အရေးပါသော<br>လူအရေအတွက် | Used in business, management and sociological studies to mean the amount or level of an input that must be reached for a specific result or new action to occur or become sustainable. | စီးပွားရေးလုပ်ငန်းဘာသာ၊ စီမံခန့်ခွဲမှုဘာသာနှင့် လူမှုဗေဒဘာသာ လေ့လာမှုတို့တွင် အသုံးပြုပြီးတိကျသေချာသည့် ရလဒ်တစ်ခုရရန် အတွက်(သို့)လုပ်ဆောင်မှုအသစ်တစ်ရပ် ပေါ်ပေါက်လာစေရန် အတွက်(သို့)ရေရှည်တည့်တံ့စေရန်အတွက် လိုအပ်သောထည့်ဝင်မှု ပမာဏ (သို့) အဆင့်။ |
| Cross-cutting cleavages<br>အလွှာစုံဖြတ်<br>သဘောကွဲလွဲမှု | Issues which divide the political allegiances of voters which cut across ethnic, religious and class divisions in society. | မဲပေးသူတို့၏ နိုင်ငံရေးထောက်ခံမှုကိုကွဲပြားသွားစေသောလူ့အဖွဲ့ အစည်းအတွင်းရှိလူမျိုးစုအရေး၊ဘာသာရေးနှင့်လူတန်းစားနှင့်ဆိုင် သည့် ကွဲပြားခြားနားသည့်ကိစ္စများ။ |
| Cross-cutting themes<br>အလွှာစုံအကျုံးဝင်သော<br>အကြောင်းအရာများ | Issues that are likely to affect or have an impact on more than one department of an organization or that cut across the ethnic, religious or class divisions in a society. | ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုအပေါ်တွင်သက်ရောက်မှုရှိစေသော ကိစ္စများ သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်းရှိ လူမျိုးစုအရေး၊ ဘာသာရေးနှင့် လူတန်းစားနှင့်ဆိုင်သည့် ကွဲပြားခြားနားသည့် ကိစ္စများ။ |
| Cultural rights<br>ယဉ်ကျေးမှု<br>အခွင့်အရေးများ | Rights vested in groups of people which focus on religious and ethnic minorities or indigenous societies that are in danger or under threat. | အန္တရာယ်ကျရောက်နေသော၊ ခြိမ်းခြောက်ခံနေရသောလူနည်းစု ကိုသာကိုယ်စားပြုသည့် ဘာသာရေးနှင့်လူမျိုးစု သို့မဟုတ် ဒေသခံ လူ့အဖွဲ့အစည်းတို့အတွက် ရည်ရွယ်အပ်နှင်းထားသော အခွင့် အရေးများ။ |

| | | |
|---|---|---|
| Culture of democracy<br>ဒီမိုကရေစီယဉ်ကျေးမှု (ဝါ) အပြုအမူ (ဝါ) အလေ့အကျင့် | A society in which democracy is entrenched and widely accepted to be the best form of governance, and where the application of democracy is recognized as fair and open. | ဒီမိုကရေစီအမြစ်စွဲပြီး အကောင်းဆုံးအုပ်ချုပ်မှု ပုံသဏ္ဌာန်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည့်၊ ဒီမိုကရေစီကျင့်သုံးမှုသည် မျှတပြီး ပွင့်လင်းသည်ဟု လက်ခံထားသည့် လူ့အဖွဲ့အစည်း။ |
| Culture of impunity<br>ဥပဒေချိုးဖောက်မှု မျက်ကွယ်ပြုခလေ့ | A situation in which perpetrators of gross human rights violations or those who commit crimes against humanity are not brought to justice or held accountable for their crimes. | ကြမ်းတမ်းသော လူ့အခွင့်အရေးချိုးဖောက်သူများ သို့မဟုတ် လူသားဖြစ်မှုကိုထိခိုက်စေသည့် ရာဇဝတ်မှုကိုကျူးလွန်သူတို့ကို ၄င်းတို့ ကျူးလွန်မှုအတွက် တရားစွဲဆိုခြင်းတာဝန်ယူစေခြင်းတို့ကို လုပ်ဆောင်ခြင်းမရှိသည့် အခြေအနေတစ်ရပ်။ |
| Customary law<br>ကျင့်ထုံးဥပဒေ | Unwritten law established by long usage. Customary international law results from the general and consistent practice of states followed from a sense of legal obligation. | ကြာမြင့်စွာအသုံးပြုလာခြင်းကြောင့်ရေးသားထားစရာမလိုပဲတည်ရှိနေသောဥပဒေ။ နိုင်ငံတို့ကဥပဒေအရတာဝန်သိမှုကိုအရင်းခံ၍ အထွေအထွေသော အကြောင်းများအတွက် တစ်လျှောက်လုံး သုံးစွဲလာသော ဓလေ့ထုံးစံဆိုင်ရာ နိုင်ငံတကာဥပဒေ။ |
| D'Hondt Formula<br>ဒီဟွန့် ဖော်မြူလာ | One of the options for the series of divisors used to distribute seats in list proportional representation systems which adopt the Highest Average Method. The votes of a party or grouping are divided successively by 1, 2, 3… as seats are allocated to it. Of the available formulas, D'Hondt tends to be the most favourable to larger parties. | စားခြေစီးရီးအတွက် ရွေးချယ်စရာတစ်ခုဖြစ်ပြီး အစီအစဉ်စာရင်းအလိုက်အချိုးချကိုယ်စားပြုစနစ်အတွက် ရွေးကောက်တင်မြှောက်သည့်နေရာများခွဲဝေချထားရာတွင်အသုံးပြုကာ အကြီးဆုံးပျမ်းမျှကိန်းကို ယူသည့်စနစ်။ ပါတီသို့မဟုတ်အုပ်စုတစ်ခုရရှိသောမဲများကို ၁၊၂၊၃စသဖြင့်တစ်ခုပြီးတစ်ခုလွှတ်တော်တွင်းတွင်နေရာများရာထားသည့်အတိုင်းခွဲခြမ်းသည်။ မဲခွဲဝေမှုနှင့်သက်ဆိုင်သည့်ပုံသေနည်းတို့ထဲတွင်ဒွန့်ပုံသေနည်းကိုနိုင်ငံရေးပါတီကြီးများကနှစ်သက်ကြသည်။ |

| | | |
|---|---|---|
| Decentralization<br>ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း | (1) A model of governance where constituent units exercise administrative, legislative and/or fiscal authority. (2) The process of transfer of authority from central government to lower levels of government in the political, administrative and/or territorial hierarchy. See also 'devolution' (p. 149). | (၁) မဲဆန္ဒနယ်များက စီမံခန့်ခွဲရေး၊ ဥပဒေပြုရေးနှင့်/ သို့မဟုတ် ငွေကြေးလုပ်ပိုင်ခွင့်အာဏာတို့ကို ကျင့်သုံးနိုင်သည့် အုပ်ချုပ်မှု ပုံစံတစ်ခု။ (၂)ဗဟိုအစိုးရမှ နိုင်ငံရေး၊ အုပ်ချုပ်ရေး နှင့်/သို့မဟုတ် နယ်နိမိတ်ဆိုင်ရာ အဆင့်အတန်းအလိုက် အောက်ခြေအဆင့်သို့ အာဏာလွှဲပေးရသည့် လုပ်ငန်းစဉ်။ |
| Deconcentration<br>အောက်ခြေအထိ လုပ်ပိုင်ခွင့်ချပေးခြင်း | (1) The transfer of the administration or implementation of legislation to a lower level of executive government. (2) The process of making such a transfer. | (၁) အုပ်ချုပ်စီမံခြင်း သို့မဟုတ် ဥပဒေပြုရေးအာဏာအား အောက်တစ်ဆင့်ရှိ အစိုးရအား လွှဲပြောင်းပေးခြင်း။ (၂) ယင်းသို့ ပြုလုပ်သည့် လုပ်ငန်းစဉ်။ |
| Delegated jurisdiction and responsibilities<br>အောက်ခြေသို့ လုပ်ပိုင်ခွင့်ပေးခြင်း | Governmental powers constitutionally assigned to one level of government which have been transferred by the authority that possesses them to another lower level of government, subject to the condition that the transfer is revocable by the delegating authority. | အာဏာခွဲဝေမှုကို ခွဲဝေပေးသောအစိုးရက ပယ်ဖျက်နိုင်သည် ဆိုသည့် အခြေခံဖြင့် အာဏာလွှဲပြောင်းခွင့်ရှိသော အစိုးရက အခြားအဆင့် အစိုးရတစ်ရပ်အား ခွဲဝေလွှဲပြောင်းနိုင်သည့် အခြေခံ ဥပဒေအရ ချမှတ်ထားသော အစိုးရအာဏာ။ |

D

D

| | | |
|---|---|---|
| Delegated legislation<br>ဥပဒေပြုခွင့် လွှဲပေးခြင်း | Legislation promulgated by an authority on the basis of power conferred on that body by a legislative authority having competence over the subject matter. For instance, a legislature normally delegates authority to the executive to make regulations or other detailed laws within the framework of a piece of legislation. | လုပ်ကိုင်ရမည့် လုပ်ငန်းပိုင်းဆိုင်ရာတွင် ကျွမ်းကျင်သက်ဆိုင်သော ဥပဒေပြုရေးအာဏာက လွှဲအပ်ထားသော အာဏာကိုအခြေခံပြီး ရရှိထားသော လုပ်ပိုင်ခွင့်အာဏာဖြင့် ပြဋ္ဌာန်းသောဥပဒေ။ |
| Delegated powers<br>ထပ်ဆင့်ခွဲဝေပေးထားသော အာဏာများ | Powers that are assigned by one level of government to another lower level on a revocable basis. | အစိုးရမှတစ်ဆင့်မှ အခြားအစိုးရတစ်ဆင့်အား ပြန်လည်ပယ်ဖျက်နိုင်သည်ဆိုသော အခြေခံမူဖြင့် အပ်နှင်းထားသော အာဏာ။ |
| Democratic consolidation<br>ဒီမိုကရေစီ ကြံ့ခိုင်လာခြင်း | The process by which a country's political institutions and democratic procedures become legitimized, stable and broadly accepted by political actors and the wider population. | နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများ တရားဝင်ဖြစ်လာခြင်း၊ တည်ငြိမ်လာခြင်းနှင့် နိုင်ငံရေး ပါဝင်ဆောင်ရွက်သူတို့နှင့် ပိုမိုကြီးမားသောလူထုကြီးက ပိုမိုကျယ်ပြန့်စွာလက်ခံလာသည့်ဖြစ်စဉ်။ |
| Democratic development<br>ဒီမိုကရေစီ တိုးတက်ဖွံ့ဖြိုးမှု | The inclusion within national development of the development of democratic institutions and processes, associated with the inclusion in its measurement of categories of human progress over and above GDP and HDI, such as democratic health, democratic inclusiveness and levels of human capital. | GDPနှင့်HDIတို့အပြင် ဒီမိုကရေစီကြံ့ခိုင်မှု၊အများပါဝင်နိုင်မှုနှင့် လူသားရင်းမြစ်ဖွံ့ဖြိုးမှုစသည့်လူတို့၏တိုးတက်မှုတို့ကိုထည့်သွင်းတိုင်းတာသည့်အမျိုးအစားတို့ကို ထည့်သွင်းလာခြင်းနှင့်ဆက်စပ်ပြီး၊ ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့်ဖြစ်စဉ်များဖွံ့ဖြိုးမှုကိုအမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွင်းထည့်သွင်းလာခြင်း။ |

| | | |
|---|---|---|
| Democratic governance<br>ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှု | Institutions and processes that are responsive to the needs of ordinary citizens, including the poor, and promote participation, accountability and effectiveness at all levels, including strong electoral and legislative systems, equal access to justice, fair systems of public administration and the capacity to deliver basic services to those most in need. | ဆင်းရဲသူတို့အပါအဝင် သာမာန်ပြည်သူတို့၏ လိုအပ်ချက်များကို မဆိုင်းမတွတုန့်ပြန်ပေးပြီး၊ အများပါဝင်ဆောင်ရွက်မှုရှိခြင်း၊တာဝန်ယူမှုရှိခြင်းနှင့်ထိရောက်မှုရှိခြင်းတို့ကို အစိုးရအဆင့်ဆင့်အသီးသီးတို့တွင် အားပေးမြှင့်တင်ပေးသည်။ ယင်းသို့မြှင့်တင်ပေးရာတွင် အားကောင်းသောရွေးကောက်ပွဲနှင့်ဥပဒေပြုရေးဆိုင်ရာစနစ်၊ တရားမျှတမှုကိုတောင်းဆိုနိုင်သည့်အခွင့်အလမ်း၊မျှတသောအများ ပြည်သူအုပ်ချုပ်ရေးစနစ်နှင့် လိုအပ်ချက်အများဆုံးရှိနေသူတို့ထံအခြေခံလိုအပ်ချက်များဖြည့်စည်းပေးနိုင်စွမ်းရှိခြင်းတို့လည်းပါဝင်သည်။ |
| Democratic institutions<br>ဒီမိုကရေစီ အဆောက်အအုံများ | Primarily the formal institutions associated with the legislative and executive functions of governance and with political parties, but may also include non-governmental organizations and interest groups in the public sphere. | အဓိကအားဖြင့် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့်စပ်ဆိုင်သော အစိုးရလုပ်ငန်းများ၊ နိုင်ငံရေးပါတီများနှင့်ဆက်စပ်သော ပုံစံတကျ အင်စတီကျူးရှင်းများ။ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အများပြည်သူများကြားတွင် အကျိုးစီးပွားတူသူများ ဖွဲ့စည်းထားသော အဖွဲ့များလည်း ပါဝင်နိုင်သည်။ |
| Democratic legitimacy<br>အစိုးရအာဏာနှင့် ပေါ်လစီများကိုအများ ပြည်သူမှလက်ခံမှု | The broad acceptance by citizens of the validity of the decisions and policies of government, usually fostered by the incorporation of political participation, responsiveness and accountability into public life through institutional frameworks, democratic process, and practice. | အင်စတီကျူးရှင်းမူဘောင်များ၊ ဒီမိုကရေစီလုပ်ငန်းစဉ်နှင့် ကျင့်သုံးမှုတို့ကြောင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင်ပြည်သူများ ပါဝင်ခွင့်ရခြင်း ပြည်သူများ၏ လိုလားချက်များအပေါ်တုံ့ပြန်မှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်းတို့ကြောင့် အစိုးရ၏ဆုံးဖြတ်ချက်များနှင့်မူဝါဒများ တရားဝင်ကြောင်း နိုင်ငံသားများမှ ကျယ်ပြန့်စွာ လက်ခံမှု။ |

D

| | | |
|---|---|---|
| Democratic oversight<br>ဒီမိုကရေစီနည်းကျ ကွပ်ကဲမှု | The setting of broad guidelines for an executive and its agencies, and the process of scrutinizing performance against these guidelines. | အုပ်ချုပ်ရေး အကြီးအကဲနှင့် ယင်းလက်အောက်ရှိ အေဂျင်စီများ အတွက် ကျယ်ပြန့်သောအထိန်းအကွပ်မူဘောင်များ ချမှတ်ခြင်း၊ ယင်းမူဘောင်များကို စံအဖြစ်သုံး၍ လုပ်ငန်းဆောင်ရွက်မှုများကို စူးစိုက်လေ့လာစောင့်ကြည့်မှု။ |
| Democratic process<br>ဒီမိုကရေစီဖြစ်စဉ် | A process of public decision-making based on the principles of inclusion and of the equal voice of all citizens. | နိုင်ငံသားအားလုံးပါဝင်ခြင်းနှင့် တူညီသော အသံပြုခွင့် ရှိခြင်း စသည်တို့ အပေါ်အခြေခံသော အများနှင့်ဆိုင်သော ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်။ |
| Democratic reform<br>ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု | The process of altering the form or design of a democratic system, usually with the aim of making it more inclusive and/or more responsive. | ပိုမို၍ လူအများပါဝင်လာစေသော ရည်ရွယ်ချက်၊ပိုမို၍ပြည်သူများကိုတုန့်ပြန်မှုရှိလာစေသောရည်ရွယ်ချက်တို့ဖြင့်ဒီမိုကရေစီစနစ်တစ်ခု၏ အသွင်သဏ္ဍာန်/ ပုံစံ ကို ပြောင်းလဲသော လုပ်ငန်းစဉ် ။ |
| Democratic transition<br>ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်း | The process of moving from an authoritarian, conflicted or chaotic political system to a system of democracy. | အာဏာရှင်စနစ်၊ ပဋိပက္ခ နှင့် ဗရမ်းဗတာ ဖြစ်နေသော နိုင်ငံရေး စနစ်တစ်ခု မှ ဒီမိုကရေစီ စနစ်ဆီသို့ ရွေ့လျားသော ဖြစ်စဉ် ။ |
| Development assistance<br>ဖွံ့ဖြိုးမှုအကူအညီ | Another term for international aid, used for assistance that is more long-term than humanitarian assistance or disaster relief. | လူသားချင်းစာနာသော ကူညီမှု သို့မဟုတ်သဘာဝဘေးအန္တရာယ် အတွက်ကူညီမှုများထက် ကာလပိုရှည်သောနိုင်ငံတကာအကူအညီ၏ အမည်ကွဲတစ်မျိုး ။ |

| | | |
|---|---|---|
| Development cooperation<br>ဖွံ့ဖြိုးမှုအတွက်<br>ပူးပေါင်းဆောင်ရွက်မှု | Another term for international aid, used for assistance provided by governmental and non-governmental agencies that is more long-term than humanitarian assistance or disaster relief. The term also emphasizes the importance of the cooperative relationship between donor and recipient. | လူသားချင်းစာနာသော ကူညီမှု သို့မဟုတ် သဘာဝဘေးအန္တရာယ် အတွက် ကူညီမှုများထက် ကာလပိုရှည်သော အစိုးရနှင့် အစိုးရ မဟုတ်သော အေဂျင်စီများမှ ပေးအပ်သော နိုင်ငံတကာ အကူ အညီ၏ အမည်ကွဲတစ်မျိုး ။ ယင်းအခေါ်အဝေါ်သည် အလှူရှင်နှင့် အလှူလက်ခံသူတို့အကြားတွင် ပူးပေါင်းဆောင်ရွက်သော ဆက်ဆံရေးကို အထူးပြုဖော်ပြသည်။ |
| Devolution<br>အာဏာခွဲဝေပေးခြင်း | A process by which administrative, executive, legislative and fiscal powers are given to constituent units. Devolution differs from federalism in that the devolved powers may be repealed, that is taken back to the centre by the central government by ordinary legislation. It is different from decentralization in the sense that devolution involves transfer of political powers whereas decentralization is usually the transfer of administrative or fiscal powers. See also ‘decentralizaton’ (p. 45). | မဲဆန္ဒနယ်မြေများသို့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေး၊ ဥပဒေပြုခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အာဏာများကိုပေးအပ်ခြင်း။ ဤနည်းဖြင့် အာဏာခွဲဝေပေးခြင်းသည် ပြည်ထောင်စုစနစ်တွင် အာဏာခွဲဝေ ပေးခြင်းနှင့်ကွာခြားပုံမှာဤစနစ်တွင်ပေးအပ်လိုက်သော အာဏာ များကို သာမန်ဥပဒေဖြင့် ဗဟိုသို့ပြန်လည်ရုပ်သိမ်းရယူနိုင်သည် ။ ဤဖြစ်စဉ်နှင့်ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းလုပ်ငန်းစဉ်တို့၏ ကွာခြား ပုံမှာဤဖြစ်စဉ်တွင် နိုင်ငံရေး အာဏာကို လွှဲပြောင်းပေးခြင်းပါဝင် ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းတွင်အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးဆိုင် ရာအာဏာများကို လွှဲပြောင်းပေးလေ့ရှိသည်။ |
| Dialogue<br>ဒိုင်ယာလော့ | A process of discussion between stakeholders in a society or political process aimed at broadening and building upon common understanding and the emergence of agreement or consensus. | သဘောတူညီမှု ပေါ်ပေါက်စေရေးနှင့် တူညီသော နားလည်မှု ကျယ်ပြန့်စွာ ဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်၍ လုပ်ဆောင်သော နိုင်ငံရေးလုပ်ငန်းစဉ် သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်းရှိ သက်ဆိုင် သူများပါဝင်သော ဆွေးနွေးမှုဖြစ်စဉ်။ |

D

| | | |
|---|---|---|
| Direct democracy<br>တိုက်ရိုက်ဒီမိုကရေစီ | A form of governance in which decision-making on specific issues of national or regional importance takes place through the direct involvement of citizens through referendums, citizens' initiatives and/or recall processes. | ပြည်သူ့သဘောထားခံယူပွဲများ၊ နိုင်ငံသားများ၏ ဦးဆောင်ဦးရွက်ပြုမှုများ၊ ရွေးကောက်ခံပုဂ္ဂိုလ်များကိုနေရာမှ ပြန်လည်ရုပ်သိမ်းမှုများ စသည်ဖြင့် တစ်နိုင်ငံလုံးနှင့်ဆိုင်သော သို့မဟုတ် ဒေသတစ်ခုနှင့်ဆိုင်သော အရေးကြီးသည့် ကိစ္စများဆုံးဖြတ်ရာတွင် နိုင်ငံသားများ တိုက်ရိုက်ပါဝင်သောသော အစိုးရပုံစံတစ်မျိုး ။ |
| Direct democracy instrument<br>တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးစေသောစနစ် | An instrument which gives citizens the right to be directly involved in the political decision-making process. It may take one of three forms: 1. Citizens voting on a public policy proposal originated elsewhere (referendum); 2. Citizens setting the agenda by originating a public policy proposal themselves (initiative); 3. Citizens requesting and voting on the early termination of the period of office of one of the personnel of government (recall). | နိုင်ငံရေးဆုံးဖြတ်ချက်များပြုလုပ်ရာတွင်နိုင်ငံသားများကိုတိုက်ရိုက်ပါဝင်ပတ်သက်ခွင့် ပေးအပ်သောအရာ။ အောက်ပါပုံစံ သုံးမျိုးအနက်မှ တစ်မျိုးဖြစ်နိုင်သည်။ ၁။ တစ်နေရာရာတွင် အစပြုခဲ့သောမူဝါဒဆိုင်ရာ အဆိုပြုချက်ကို နိုင်ငံသားများမှ မဲပေးဆုံးဖြတ်ခြင်း (ပြည်သူ့ဆန္ဒခံယူပွဲ ) ၂။ ပြည်သူများမှ မိမိတို့ဘာသာလုပ်ဆောင်ဖွယ် ဆွေးနွေးဖွယ် အစီအစဉ်ရေးဆွဲကာ ပြည်သူ့မူဝါဒတစ်ရပ်ကို အစပျိုးခြင်း (ဦးဆောင်ဦးရွက်ပြုခြင်း) ၃။ အစိုးရ အဖွဲ့ဝင်တစ်ဦးဦး၏ သက်တမ်းကိုစော၍ အဆုံးသတ်စေရန် တောင်းဆိုခြင်း၊ မဲပေးဆုံးဖြတ်ခြင်း ( ရာထူးနေရာမှရုပ်သိမ်းခြင်း) |
| Direct election<br>တိုက်ရိုက်ရွေးကောက်ခြင်း | A process of choosing representatives or officeholders through the vote of an electorate rather through election or appointment by an intermediary elected or unelected body or individual. | ရွေးကောက်ပွဲမှဖြစ်စေ၊ ရွေးကောက်ခံထားရသော သို့မဟုတ် ရွေးကောက်ခြင်းမခံထားရသော တဆင့်ခံ အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်စုံတစ်ဦးမှ ခန့်ထား၍ဖြစ်စေ ကိုယ်စားလှယ်/ အစိုးရရာထူးနေရာများအတွက် ရွေးချယ်ခြင်းလုပ်ငန်းစဉ် ။ |

| | | |
|---|---|---|
| Disadvantaged group<br>အနိမ့်ခံအုပ်စု/ အခွင့်အလမ်းနည်း အုပ်စု | A group that is identifiable on ethnic, religious, gender, age or other grounds which has either been discriminated against historically or is deprived of social, economical and political opportunities. | လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ၊ အသက်နှင့် သမိုင်းတလျှောက် အခြားအခြေခံအချက်များအပေါ် မူတည်ခွဲခြားဆက်ဆံခံရသော အုပ်စု။ လူမှုရေး ၊ စီးပွားရေး နှင့် နိုင်ငံရေးအခွင့်အရေးများ ခံစားရခြင်း ကင်းမဲ့သောအုပ်စု ။ |
| Disarmament, demobilization and reintegration<br>လက်နက်ဖျက်သိမ်းခြင်း၊ တပ်ရုပ်သိမ်းခြင်း နှင့်ပြန်လည်ပေါင်းစည်းခြင်း | A strategy applied in peacekeeping operations, particularly United Nations peacekeeping operations. Disarmament entails the physical removal of the means of combat from ex-belligerents (weapons, ammunition, etc.); demobilization entails the disbanding of armed groups; and reintegration describes the process of reintegrating former combatants into society. | ငြိမ်းချမ်းရေး ထိန်းသိမ်းသောလုပ်ငန်းများ (အထူးသဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသောလုပ်ငန်းများ)တွင် အသုံးချလေ့ရှိသော ဗျူဟာ။ လက်နက်ဖျက်သိမ်းရေးတွင် တိုက်ခိုက်ရေးနည်းလမ်းများ (လက်နက်၊ ခဲယမ်းစသည်)ကို စစ်ပွဲတွင်ပါဝင်ခဲ့သူထံမှ ဖယ်ရှားခြင်း။ တပ်ရုပ်သိမ်းခြင်းတွင် လက်နက်ကိုင်အဖွဲ့များကို ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းတွင် ယခင်လက်နက်ကိုင်တိုက်ပွဲဝင်များကို အရပ်ဖက်သို့ ပြန်လည်ပေါင်းစည်းခြင်းတို့ကို ဆိုလိုသည်။ |
| Disclosure<br>ဖွင့်လှစ်ကြေညာခြင်း | Notification of certain financial details, either to the public or to the electoral commission or another electoral authority, in accordance with the electoral law, by candidates, political parties and other persons or groups engaged in an election. | ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများမှဖြစ်စေ နိုင်ငံရေးပါတီများမှဖြစ်စေ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ငွေကြေးဆိုင်ရာ အသေးစိတ်အချက်အလက် အချို့တို့ကို အများသို့ သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်သို့ သို့မဟုတ် အခြား ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းသို့ ရွေးကောက်ပွဲ ဥပဒေအရ အသိပေးခြင်း ။ |

D

| | | |
|---|---|---|
| Discriminate<br>ခွဲခြားဆက်ဆံသည် | To make distinctions on the basis of class or category without regard to individual merit; to show preference or prejudice. | အလေးသာစေခြင်း၊ ကြိုတင်သတ်မှတ်ခွဲခြားဆက်ဆံခြင်းတို့ကို ဖော်ပြလျက် လူတစ်ဦးတစ်ယောက်၏ တစ်ဦးချင်း အရည်အသွေးကို အလေးမပြုမူဘဲ ယင်းပုဂ္ဂိုလ်၏အဆင့်နှင့် အမျိုးတူအုပ်စုအဖွဲ့တို့ကို မူတည်ကာကွဲပြားစေခြင်း ။ |
| Disenfranchise<br>မဲပေးခွင့်မဲ့စေသည် | To deprive a person of his or her right to vote. | ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို မဲပေးနိုင်သော အခွင့်အရေး ကင်းမဲ့စေသည်။ |
| Disenfranchisement<br>မဲပေးခွင့်မဲ့စေခြင်း | Suspension or removal of the right to vote, either through a formal action or resulting from an omission. | တရားဝင် ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ ချန်လှပ်ထားခြင်းကြောင့်ဖြစ်စေ မဲပေးနိုင်သော အခွင့်အရေးကို ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ။ |
| Distribution of preferences<br>ကြိုက်မဲများကို ခွဲဝေခြင်း | An operational process of alternative vote and single transferable vote electoral systems in which preferences expressed by voters for a candidate who has been either elected or eliminated are transferred to other candidates. | ရွေးချယ်ခံလိုက်ရပြီးဖြစ်သော သို့မဟုတ် ရွေးချယ်ခံစာရင်းမှ ပယ်ဖျက်လိုက်ပြီးဖြစ်သော ကိုယ်စားလှယ်လောင်းအတွက် ထပ်မံပေးအပ်လိုက်သော ဆန္ဒမဲများကို အခြားကိုယ်စားလှယ်လောင်းများထံသို့ လွှဲပြောင်းပေးနိုင်သော အစီအစဉ် ။ |
| District magnitude<br>မဲဆန္ဒနယ်ရှိ ကိုယ်စားလှယ် လောင်း ပမာဏ | The number of representatives to be elected from an electoral district. | ရွေးကောက်ပွဲ ခရိုင်တစ်ခု မှ ရွေးကောက်တင်မြောက်ရန်ရှိသော ကိုယ်စားလှယ် အရေအတွက် |

| | | |
|---|---|---|
| Districting<br>မဲဆန္ဒနယ်<br>သတ်မှတ်ခြင်း | The process of setting electoral district or voting area boundaries. Also known as boundary delimitation. | ရွေးကောက်ပွဲ ခရိုင် သို့မဟုတ် မဲပေးရန် နယ်နိမိတ် သတ်မှတ်သော လုပ်ငန်းစဉ်။ |
| Domestic observers<br>ပြည်တွင်း ရွေး<br>ကောက်ပွဲလေ့လာ<br>အကဲခတ်သူများ | Groups of individuals, residents or citizens that observe the election process in their own country. | မိမိတို့နိုင်ငံတွင်း ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့်သူ ပုဂ္ဂိုလ်အဖွဲ့များ၊ ဒေသတွင်းနေထိုင်သူများ သို့မဟုတ် နိုင်ငံသားများ။ |
| Dominant-party system<br>ပါတီတစ်ခုတည်း<br>လွှမ်းမိုးသောစနစ် | A system in which only one political party can realistically become the government, either by itself or in a coalition. | မိမိပါတီတစ်ခုတည်းဖြစ်စေ၊ ညွန့်ပေါင်းဖွဲ့၍ဖြစ်စေ နိုင်ငံရေးပါတီတစ်ခုတည်းကသာ လက်တွေ့တွင် အစိုးရဖြစ်လာစေသော စနစ်။ |
| Double majority<br>နှစ်ထပ်ကွမ်း<br>အများစုမဲလိုအပ်ချက် | A requirement that for a proposal to pass it must receive both a majority of the total votes cast and a specific proportion of the votes cast in a defined lower level electoral area. | အဆိုပြုချက်တစ်ခု အတည်ပြုခံရစေရန်လိုအပ်ချက် - ယင်းအဆိုပြုချက်သည် စုစုပေါင်း မဲအရေအတွက်၏ ၅၀ ရာခိုင်နှုန်းကျော် နှင့် သတ်မှတ်ထားသော အောက်အဆင့် မဲဆန္ဒခံယူရာ နယ်ပယ်တွင် မဲအားလုံး၏ အစိတ်အပိုင်းတစ်ခု ရရန်လိုသည်။ |

Due process

အစိုးရအနေဖြင့် ပြည်သူ့အခွင့်အရေး ပြဋ္ဌာန်း ဥပဒေများကို လိုက်နာလေးစားခြင်း

A term used in American jurisprudence. The definition is 'The state shall give, and must follow and respect, all the legal rights that are owed to a citizen.' Generally the state must give these privileges to citizens:

(a) give notice to a citizen regarding all actions that a state may do which affects that person and/or his property;

(b) give the citizen the right to grieve, which is the right to complain, disagree, and/or protest against that action;

(c) should the citizen still be dissatisfied after his grievance, the state must give the citizen the right to appeal to a court against the state's action.

အမေရိကန်ဥပဒေသိပ္ပံပညာစကားဖြစ်ပါသည်။ ယင်းသိပ္ပံပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ "အစိုးရသည် နိုင်ငံသားနှင့်ဆက်ဆံရာကိစ္စ မှန်သမျှ၌ အဆိုပါနိုင်ငံသား၏ နိုင်ငံတော်ဥပဒေများ အောက်တွင် ရသင့်၊ရထိုက်သော ဥပဒေအခွင့်အရေးများအားလုံးကို ပေးအပ်၊ လေးစားလိုက်နာ ရမည်" ဟူ၍ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် Due Process အောက်တွင် အစိုးရအနေဖြင့် -

(က) နိုင်ငံသားနှင့်ယင်းပိုင်ဆိုင်မှုအား ပတ်သက်ထိခိုက်နိုင်မည့် မည်သည့်လုပ်ရပ်မဆို မလုပ်မီနိုင်ငံသားအား ကြိုတင်၍ အသိပေးရမည်။

(ခ) နိုင်ငံသားမှာအစိုးရ၏မည်သည့်လုပ်ရပ်မဆိုအား မကျေနပ်မှု ထုတ်ဖော် ပြောဆိုရေးသားဆန္ဒပြခွင့်ရှိရမည်(right to grieve)

(ဂ) နိုင်ငံသားမှာ ယင်းသို့ပြောဆိုရေးသားဆန္ဒထုတ်ဖော်သည့်တိုင် အစိုးရမှာ ယင်းအား ကျေနပ်လောက်အောင် ဆောင်ရွက်ပေးခြင်း မရှိလျှင် နိုင်ငံသားသည် တရားရုံးတွင် အဆိုပါ အစိုးရလုပ်ရပ် အပေါ်အယူခံဝင်ခွင့်ရှိခြင်း(right to appeal)-အခွင့်အရေးများအား နိုင်ငံသားများကို မပျက်မကွက်ပေးကိုပေးရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| Economic rights<br>စီးပွားရေး ရပိုင်ခွင့်များ | A group of human rights which includes the right to securely own property, the right to work, the right to the free choice of employment, just and favourable conditions of work, the right to form and join trade unions, the right to strike, and the right to social security. Economic rights are often referred to as part of the second generation of human rights: the first generation refers to civil and political rights, the second generation comprises economic, social and cultural rights, and the third generation refers to collective rights. | ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့်၊ အလုပ်အကိုင်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်၊ တရားမျှတ၍ သင့်လျော်သော လုပ်ငန်းခွင်အခြေအနေရပိုင်ခွင့်၊ ကုန်သွယ်မှုဆိုင်ရာ သမဂ္ဂများ ဖွဲ့စည်းပိုင်ခွင့်နှင့်အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်နိုင်ခွင့်၊ ဆန္ဒပြပိုင်ခွင့်၊ လူမှုဖူလုံမှုအခွင့်အရေးရပိုင်ခွင့် စသည်တို့ပါဝင်သော လူ့အခွင့်အရေး အစုအစည်းတစ်ခု။ စီးပွားရေးဆိုင်ရာ အခွင့်အရေးများ သည် တခါတရံ လူ့အခွင့်အရေးများ၏ဒုတိယမျိုးဆက်အဖြစ်လည်း ညွှန်းဆိုခံရလေ့ရှိသည်။ ပထမမျိုးဆက်မှာ နိုင်ငံသားအခွင့်အရေးများ၊ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများဖြစ်ပြီး ဒုတိယမျိုးဆက်တွင် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု ဆိုင်ရာအခွင့်အရေးများ၊ တတိယမျိုးဆက်တွင် အစုအဖွဲ့လိုက်ပိုင်ဆိုင်သောအခွင့်အရေးများပါဝင်သည်၊ |
| Election expenses<br>ရွေးကောက်ပွဲ ကုန်ကျစရိတ်များ (ပါတီတစ်ခု (သို့) အမတ်လောင်း တစ်ဦး၏) | The expenses incurred during an election campaign by a candidate or political party in pursuit of being elected. | ရွေးကောက်တင်မြောက်ခံရစေရေး ကြိုးပမ်းမှုအတွက် မဲဆွယ်ကာလအတွင်း ကိုယ်စားလှယ်လောင်းတစ်ဦး သို့မဟုတ် နိုင်ငံရေးပါတီ တစ်ခု၏ ကုန်ကျစရိတ်။ |
| Election petition<br>ရွေးကောက်ပွဲဆိုင်ရာ တိုင်လျှောက်ချက် | The procedure for initiating a challenge in an electoral court to the result of an election in a system based on United Kingdom electoral practice. | ယူနိုက်တက်ကင်းဒမ်း ရွေးကောက်ပွဲ ကျင့်စဉ် တွင် အခြေခံသော စနစ်အရ ရွေးကောက်ပွဲ ဆိုင်ရာ ခုံရုံးတစ်ခုတွင် ရွေးကောက်ပွဲရလဒ်နှင့် စပ်လျဉ်း၍ စိန်ခေါ်လျှောက်ထားမှုများ ပြုလုပ်ရာတွင် လိုက်နာဆောင်ရွက်ဖွယ် အဆင့်များ ။ |

| | | |
|---|---|---|
| Election precincts<br>ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်မှုနယ်နိမိတ် | Administrative units where all voters within a circumscribed geographic territory are assigned to the same polling place. Also known as voting areas, polling areas or polling districts. | ပထဝီနယ်နမိတ်တစ်ခုအတွင်းရှိ မဲဆန္ဒရှင်များအား မဲပေးရန်နေရာတစ်ခုသို့ သတ်မှတ်ထားသော အုပ်ချုပ်ရေးယူနစ်။ မဲပေးရန်နေရာဟုလည်း ခေါ်သည် ။ |
| Electoral assistance<br>ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးမှု | The legal, technical and logistics support provided to electoral laws, processes and institutions-from the establishment of the legal framework for the administration of elections, to inclusive electoral systems and voter registration processes, support to the institutions called on to administer and adjudicate on electoral processes, to the provision of financial resources, materials, equipment and expert advice, as well as technical and financial support to civil society engaged in civic and voter education, election observation and media monitoring, including technical assistance to political parties. | ရွေးကောက်ပွဲ ဥပဒေ၊ လုပ်ငန်းစဉ် နှင့် အင်စတီကျူးရှင်းများအတွက် ဥပဒေပိုင်းဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် ညှိနှိုင်းဆက်စပ်မှုပိုင်းဆိုင်ရာအကူအညီ။ ယင်းတွင် ရွေးကောက်ပွဲကြီးကြပ်မှုပိုင်းအတွက် ဥပဒေ မူဘောင်များချမှတ်ခြင်းမှသည် အားလုံးပါဝင်သော ရွေးကောက်ပွဲစနစ် နှင့် မဲဆန္ဒရှင် မှတ်ပုံတင်ခြင်း လုပ်ငန်းများ၊ ရွေးကောက်ပွဲတွင် ကြီးကြပ်ရန်နှင့် အငြင်းပွားမှုများဖြေရှင်းရန် တာဝန်ရှိသောအင်စတီကျူးရှင်းများကိုပံ့ပိုးခြင်း၊ ငွေကြေးဆိုင်ရာ အရင်းအမြစ်၊ အထောက်အပံ့ပစ္စည်းများ၊ ကိရိယာများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကြံဉာဏ်များထောက်ပံ့ခြင်း၊ ပြည်သူ့နီတိနှင့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း၊ မီဒီယာစောင့်ကြည့်ခြင်းများ ပြုလုပ်နေသော အရပ်ဘက် လူ့အဖွဲ့အစည်းများကို နည်းပညာနှင့်ငွေကြေးအထောက်အပံ့များပေးခြင်းတို့ ပါဝင်သည် ။ |
| Electoral authority<br>ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိအဖွဲ့ | The body that deals with the electoral process. See electoral management body (p. 62) and electoral commission (p. 57). | ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ဆောင်ရွက်သော အဖွဲ့။ |

| | | |
|---|---|---|
| Electoral calendar<br>ရွေးကောက်ပွဲ ပြက္ခဒိန် | The timetable which sets out deadlines for the holding of all types of election in a country and the steps that must be taken in matters such as candidate and voter registration to enable these deadlines to be met. | တိုင်းပြည်တစ်ခုတွင် ရွေးကောက်ပွဲ အမျိုးအစားအားလုံးတို့အတွက် ကျင်းပရန် နောက်ဆုံးရက်စွဲများနှင့် ယင်းရက်စွဲများနှင့် ကိုက်ညီစေရန်ကိုယ်စားလှယ်နှင့် မဲဆန္ဒရှင်များမှတ်ပုံတင်ခြင်းစသည်တို့ကို ဆောင်ရွက်ရာတွင်လုပ်ဆောင်ရမည့် အဆင့်များကို သတ်မှတ်ဖော်ပြပေးထားသော အချိန်ဇယား။ |
| Electoral campaign/period<br>ရွေးကောက်ပွဲ မဲဆွယ် အချိန်ကာလ၊ ရွေးကောက်ပွဲမဲဆွယ် စည်းရုံးမှု | The period of time between an election being officially called and the day of the vote. A minimum period of campaigning is often set out in law. Often important because of restrictions on spending during this time and stipulations on equal media coverage for political parties. See also 'electoral cycle' (p. 59). | ရွေးကောက်ပွဲ ကြေငြာသော အချိန်နှင့် မဲပေးသောနေ့ အချိန်ကြားရှိ ကာလအပိုင်းအခြား။ အနည်းဆုံးရှိရမည့် မဲဆွယ်ကာလ အပိုင်းအခြားကို ဥပဒေတွင် ပြဌာန်းထားလေ့ရှိသည်။ ဤကာလ အပိုင်းအခြားအတွင်း အသုံးစရိတ်ငွေ ကန့်သတ်ချက်နှင့် နိုင်ငံရေးပါတီများအတွက် မီဒီယာအသုံးပြုမှု ညီမျှမှုရှိစေရန် သတ်မှတ်မှုများကြောင့် ဤကာလသတ်မှတ်ချက်သည် အရေးပါသည်။ |
| Electoral code<br>ရွေးကောက်ပွဲဥပဒေ | A legal code setting out the rules and procedures for the conduct of elections in a country. | နိုင်ငံတစ်ခုတွင် ရွေးကောက်ပွဲ ကျင်းပခြင်းဆိုင်ရာ စည်းမျဉ်းနှင့် လုပ်ငန်းစဉ်အဆင့်များကို သတ်မှတ်ဖော်ပြသော ဥပဒေ။ |
| Electoral Commission<br>ရွေးကောက်ပွဲ ကော်မရှင် | A title often given to an independent EMB under the Independent Model of electoral management or to the component independent EMB under the Mixed Model of electoral management. See also 'electoral management body' (p. 62). | လွတ်လပ်သော ရွေးကောက်ပွဲ စီမံခန့်ခွဲမှုပုံစံတွင် လွတ်လပ်သော ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ကိုလည်းကောင်း၊ ရောနှောထားသော ရွေးကောက်ပွဲ စီမံခန့်ခွဲမှုပုံစံတွင် လွတ်လပ်သော ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အစိတ်အပိုင်းကိုသော်လည်းကောင်း ခေါ်ဝေါ်သော အမည်။ |

E

E

| | | |
|---|---|---|
| Electoral Commissioner<br>ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် | A member of the electoral commission. Sometimes the title is limited to the chairperson or the chief executive officer. | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်။ တစ်ခါတစ်ရံ ယင်းအသုံးအနှုန်းသည် ကော်မရှင်ဥက္ကဋ္ဌကိုသီးသန့်ရည်ညွှန်းသည်။ |
| Electoral contestants<br>ရွေးကောက်ပွဲ ဝင်ပြိုင်သူပါတီများ | Political parties and/or candidates competing in an election. | ရွေးကောက်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ။ |
| Electoral costs<br>ရွေးကောက်ပွဲ ကုန်ကျစရိတ်များ | All the costs incurred for the preparation and conduct of an election, which may include core, integrity and diffused costs. | ရွေးကောက်ပွဲတစ်ခုအတွက် ပြင်ဆင်ခြင်းနှင့် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များအတွက် ကုန်ကျစရိတ်များအားလုံး ။ ယင်းတို့တွင် တိုက်ရိုက်ကုန်ကျစရိတ်၊လုံခြုံရေးနှင့်သမာသမတ်ကျစေရေးအတွက်ကုန်ကျစရိတ်သွယ်ဝိုက်ကုန်ကျစရိတ်များ ပါဝင်သည်။ |
| Electoral court<br>ရွေးကောက်ပွဲဆိုင်ရာ ခုံရုံး/တရားရုံး | A court of justice that exists in some countries with the exclusive purpose of handling electoral disputes. | ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုသာ သီးသန့်ကိုင်တွယ်ရန် အချို့သောနိုင်ငံများတွင် ထားရှိသောခုံရုံး။ |

| | | |
|---|---|---|
| Electoral cycle<br>ရွေးကောက်ပွဲ<br>စက်ဝန်း | The complete period for the preparation, conduct and completion of an electoral process, consisting of a pre-election period including for example the passing of electoral law and the conduct of electoral registration, the electoral period including nominations, campaigning, polling, countring, tabulation and declaration of results, and the post-electoral period including electoral dispute resolution and post-elecoral review. | ရွေးကောက်ပွဲ ဖြစ်စဉ်တစ်ခု အတွက် ပြင်ဆင်ခြင်း၊ လုပ်ဆောင်ခြင်းနှင့်ပြီးဆုံးသည်ထိ ပါဝင်သော အချိန်အပိုင်းအခြားကာလ။ ပြင်ဆင်ခြင်းကာလတွင် ဥပမာအားဖြင့် ရွေးကောက်ပွဲဥပဒေများ၊ ရွေးကောက်ပွဲမှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခြင်း။ ရွေးကောက်ပွဲကာလတွင် ကိုယ်စားလှယ်အဆိုပြုခြင်း၊ ရွေးကောက်ပွဲအကြိုမဲဆွယ်ခြင်း၊ မဲကောက်ခံခြင်း၊ မဲရေတွက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် ရလဒ်များကိုကြေငြာခြင်း။ ရွေးကောက်ပွဲလွန်ကာလတွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ရွေးကောက်ပွဲလွန်ကာလ သုံးသပ်ချက်များပါဝင်သည်။ |
| Electoral dispute<br>ရွေးကောက်ပွဲ<br>အငြင်းပွားမှု | A complaint, challenge, claim, request for recall or contestations made by a stakeholder or participant in an electoral process and relating to the electoral process. | ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူ သို့မဟုတ် အကျိုးစီးပွား နွယ်ယှက်သူတစ်ဦးမှ ရွေးကောက်ပွဲရလဒ်နှင့် စပ်လျဉ်း၍ မကျေနပ်မှုကိုဖော်ပြခြင်း၊ စိန်ခေါ်ခြင်း၊ ရွေးကောက်ခံရသူကို နေရာမှ ပြန်ရုပ်သိမ်းရန်တောင်းဆိုခြင်း၊ ရလဒ်ကိုအငြင်းပွားခြင်း။ |
| Electoral dispute resolution<br>ရွေးကောက်ပွဲ<br>အငြင်းပွားမှု<br>ဖြေရှင်းခြင်း | The process of resolving electoral disputes. | ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကိုဖြေရှင်းသော လုပ်ငန်းစဉ်။ |

| | | |
|---|---|---|
| Electoral district<br>မဲဆန္ဒနယ် | One of the geographic areas into which a country, local authority or supranational institution may be divided for electoral purposes. Also known as circonscription, constituency or riding. An electoral district may elect one or more representatives to an elected body. See single-member district and multi-member district. | တိုင်းပြည်တစ်ခု သို့မဟုတ် ဒေသအာဏာပိုင်နယ်နိမိတ်တစ်ခု သို့မဟုတ် နိုင်ငံတစ်ခုချင်းထက် အာဏာပိုလွှမ်းသော အင်စတီကျူးရှင်းတစ်ခုကို ရွေးကောက်ပွဲနှင့်စပ်ဆိုင်သော ရည်ရွယ်ချက်ဖြင့် ပိုင်းခြားရာမှ ဖြစ်ပေါ်လာသော ပထဝီနယ်နိမိတ်များ အနက်မှ တစ်ခု။ မဲဆန္ဒနယ်မြေဟုလည်း ခေါ်ဝေါ်သည်။ ရွေးကောက်ပွဲခရိုင်တစ်ခုသည် ရွေးချယ်တင်မြှောက်ခံအဖွဲ့ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ တင်မြှောက်လေ့ရှိသည်။ |
| Electoral education<br>ရွေးကောက်ပွဲ အသိပညာပေး လုပ်ငန်း | Programmes containing a combination of aspects of civic and voter education that may benefit citizens or electors; participants in an election, particularly political party office holders, party activists, candidates for election, scrutineers at the registration of voters, and agents and representatives of candidates and political parties; and/or other groups such as journalists, members of civil society organizations and non-governmental organizations involved in electoral processes and officers ensuring electoral security. | တိုင်းသူပြည်သားများ သို့မဟုတ် မဲဆန္ဒရှင်များကို အကျိုးဖြစ်စေသော ပြည်သူ့နီတိနှင့် ရွေးကောက်ပွဲဆိုင်ရာ ပညာပေး အစီအစဉ်များ၊ မဲဆန္ဒရှင်များဟုဆိုရာတွင် ရွေးကောက်ပွဲတွင် ပါဝင်သူများ၊ အထူးသဖြင့် နိုင်ငံရေးပါတီများမှအစိုးရရာထူးနေရာ ရယူထားသူများ၊ ပါတီမှတက်ကြွလှုပ်ရှားသူများ၊ ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်များ မှတ်ပုံတင်ရာတွင် စောင့်ကြည့်သူများ၊ ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် ပါတီကိုကိုယ်စားပြုသူများ၊ ဂျာနယ်လစ်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင်ပါဝင်ပတ်သက်သော အရပ်ဖက်လူ့အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှအဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲလုံခြုံရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များတို့ ပါဝင်သည် ။ |

| | | |
|---|---|---|
| Electoral formula<br>အမတ်နေရာ တွက်ချက်သော ပုံသေနည်း | That part of the electoral system which deals specifically with the translation of votes into seats. | ရွေးကောက်ပွဲ စနစ်တစ်ခုတွင်ရှိသော မဲရလဒ်ကို ရွေးကောက်တင်မြှောက်ခံနေရာအဖြစ် ပြောင်းလဲပေးသော အစိတ်အပိုင်း။ |
| Electoral gender quotas<br>ရွေးကောက်ပွဲဆိုင်ရာ ကျား၊မ ခွဲတမ်း | The mechanism used to recruit women into political positions. Three common types of gender quotas are used in politics: reserved seats, which are constitutional and/or legislative; legal candidate quotas, which are constitutional and/or legislative; and political party quotas, which are voluntary. Reserved seats regulate the number of women elected, but the other two forms set minimums for the number or proportion of women on candidate lists, either as a legal requirement or as a measure written into the statutes of individual political parties. | အမျိုးသမီးများကို နိုင်ငံရေးဆိုင်ရာ ရာထူးများတွင် ထည့်သွင်းခန့်အပ်ရန် အသုံးပြုသော နည်းလမ်း။ နိုင်ငံရေးတွင် ကျား၊ မ ခွဲတမ်းပုံစံ သုံးမျိုးကို အများဆုံးအသုံးပြုသည်။ ယင်းတို့မှာ- ဥပဒေပြုအာဏာနှင့်အခြေခံဥပဒေအရ ကြိုတင်ချန်လှပ်ထားသော နေရာများ၊ ဥပဒေပြုအာဏာနှင့် အခြေခံဥပဒေအရထားရှိသော တရားဝင်ကိုယ်စားလှယ်ခွဲတမ်း၊ ဥပဒေအရ တောင်းဆိုမှုမရှိပါဘဲ လွတ်လပ်သော ဆန္ဒအရထားရှိသော နိုင်ငံရေးပါတီခွဲတမ်းများတို့ဖြစ်သည်။ ကြိုတင်ချန်လှပ်ထားသော နေရာများစနစ်သည် ရွေးကောက်ခံရသော အမျိုးသမီးအရေအတွက်ကိုထိန်းညှိပေးသည်၊ သို့သော် အခြား ခွဲတမ်း စနစ် ၂ မျိုးသည် ကိုယ်စားလှယ်လောင်းစာရင်းတွင် တရားဝင် လိုအပ်ချက်အဖြစ်သော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခု၏ စည်းမျဉ်းဥပဒေတွင်ရေးသားထားရှိမှုအရသော်လည်းကောင်း အမျိုးသမီးများ ပါဝင်ရမည့်အနည်းဆုံး အရေအတွက်ကိုသတ်မှတ်ပေးသည်။ |
| Electoral information<br>ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် | In some electoral frameworks, statutory information that must be provided by law to all individual electors. | အချို့သော ရွေးကောက်ပွဲ ပုံစံအချို့တို့တွင် အားလုံးသော မဲဆန္ဒရှင်များသို့ ဥပဒေအရ ပေးအပ်ရန်ရှိသောသတင်းအချက်အလက်။ |

| | | |
|---|---|---|
| Electoral irregularity ရွေးကောက်ပွဲဆိုင်ရာ ချွတ်ချော်မှားယွင်းမှု | Acts by electoral officials which inadvertently or carelessly contravene electoral law and regulations, for example, failure by a presiding officer to stamp a ballot paper with the official mark at an election before handing it to a voter. | ရွေးကောက်ပွဲ တာဝန်ရှိသူများ၏ ရည်ရွယ်ကြံဆောင်မှုကြောင့်မဟုတ်ဘဲ ပေါ့လျော့မှုကြောင့် ရွေးကောက်ပွဲ ဥပဒေ နှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ဆန့်ကျင်ရာ ဖြစ်သောလုပ်ရပ်၊ ဥပမာ- မဲဆန္ဒရှင်သို့ တာဝန်ရှိသူမှ မဲလက်မှတ်မပေးအပ်မီ တရားဝင်တံဆိပ်တုံး ခတ်နှိပ်ရန် ပျက်ကွက်မှု ။ |
| Electoral management ရွေးကောက်ပွဲ စီမံခန့်ခွဲမှု | The administrative infrastructure for the democratic process of elections involving the execution of election activities, tasks and functions. | ဒီမိုကရေစီ ရွေးကောက်ပွဲ ဆိုင်ရာလုပ်ဆောင်မှုများအတွက် ထားရှိသော စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအဆောက်အဉီ။ |
| Electoral Management Body ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်း | An authority responsible for the management of elections. Functions may include administering the electoral process, preparing, maintaining and updating the electoral register, registration of political parties, regulation of the media in relation to electoral matters, and settling electoral disputes. | ရွေးကောက်ပွဲစီမံခန့်ခွဲမှုအတွက် တာဝန်ရှိသော အာဏာပိုင်အဖွဲ့။ လုပ်ငန်းတာဝန်များတွင်ရွေးကောက်ပွဲလုပ်ငန်းစဉ်ကိုဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းကို ကြိုတင်ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြည့်စွက်မွမ်းမံခြင်း၊ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသော ကိစ္စများတွင် မီဒီယာများကိုထိန်းသိမ်းကွပ်ကဲခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်း။ |
| Electoral manipulation ရွေးကောက်ပွဲအား ဝင်ရောက်စွက်ဖက် ချယ်လှယ်ခြင်း | Deliberate attempts, with or without the connivance of government authorities, electoral management or staff, to improperly influence any aspect of the electoral process. | အစိုးရ အာဏာပိုင်များ၊ ရွေးကောက်ပွဲ စီမံခန့်ခွဲသူများ တိတ်တဆိတ်ခွင့်ပြုမှုပါရှိ၍ဖြစ်စေ၊ မပါရှိဘဲဖြစ်စေ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို မသင့်မလျော်တမင်ဝင်ရောက်စွက်ဖက်ခြင်း။ |

| | | |
|---|---|---|
| Electoral materials<br>ရွေးကောက်ပွဲ ပစ္စည်းများ | Materials specific to an electoral process (for example ballot papers, ballot boxes) rather than general materials used for electoral purposes. | ရွေးကောက်ပွဲအတွက်ရည်ရွယ် အသုံးချသော အထွေထွေစာရွက်စာတမ်းများ မဟုတ်သော ရွေးကောက်သည့် လုပ်ငန်းစဉ်အတွက် သီးသန့်သက်ဆိုင်သော ပစ္စည်းများ (ဥပမာ မဲစာရွက်၊ မဲပုံးစသည်) |
| Electoral modernization<br>ရွေးကောက်ပွဲခေတ်မီရေး လုပ်ငန်းစဉ် | The process of reviewing and updating electoral legislative schemes and procedures, and introducing new electoral technologies to electoral administration and organization. | ရွေးကောက်ပွဲ ဥပဒေဆိုင်ရာ အစီအစဉ်နှင့် လုပ်ဆောင်ရန် အဆင့်များကို ပြန်လည်သုံးသပ်ခြင်း၊ မွမ်းမံခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ နည်းပညာသစ်များကိုရွေးကောက်ပွဲ စီမံအုပ်ချုပ်ရေး အဖွဲ့အစည်းသို့ မိတ်ဆက်ခြင်း။ |
| Electoral monitor<br>ရွေးကောက်ပွဲစောင့်ကြည့်ထိန်းကျောင်းရန် တာဝန်ရှိသူ | One who observes an electoral process and who is entitled to intervene to draw the attention of the election official in charge of the process to any irregularity observed. | ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့်လေ့လာသူ၊ ပုံမှန်လုပ်ငန်းစဉ်မှ သွေဖည်မှုများ တွေ့ရှိခဲ့လျှင် ရွေးကောက်ပွဲ တာဝန်ရှိသူများကို အာရုံစိုက်စေ၍ ဝင်ရောက်စွက်ဖက်ရန် အခွင့်အရေးရှိသူ ။ |
| Electoral monitoring<br>ရွေးကောက်ပွဲ စောင့်ကြည့်ထိန်းကျောင်းခြင်း | Any activity which involves the authority to observe an electoral process and to intervene in the process by drawing the attention of the relevant electoral official to circumstances in which relevant laws or standard procedures are being violated or ignored. See also 'electoral observation' (p. 64). | ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့်ရှုလေ့လာခြင်း။ သက်ဆိုင်သော ဥပဒေနှင့် စံထားသောလုပ်ငန်းစဉ်အဆင့်များကို ကျူးလွန်ဖောက်ဖျက်ခြင်း၊ မျက်ကွယ်ပြုခြင်းများဖြစ်ခဲ့လျှင် သက်ဆိုင်ရာ ရွေးကောက်ပွဲ အာဏာပိုင်များကို အာရုံစိုက်စေပြီး ဝင်ရောက်စွက်ဖက်ခြင်း။ |

E

E

| | | |
|---|---|---|
| Electoral observation<br>ရွေးကောက်ပွဲ စောင့်ကြည့်ကဲခတ်ခြင်း | The gathering of information with respect to an electoral process and making informed judgments on the conduct of such a process on the basis of the information collected, by accredited persons who are not authorized to intervene in the process. | ရွေးကောက်ပွဲ လုပ်ငန်းစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို စုဆောင်းခြင်းနှင့် စုဆောင်းရရှိသော အချက်အလက်များကိုအခြေခံ၍ ရွေးကောက်ပွဲလုပ်ငန်း သုံးသပ်ချက် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း။ |
| Electoral official<br>ရွေးကောက်ပွဲအရာရှိ | An officer of the electoral management body. | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ မှ အရာရှိ။ |
| Electoral operations<br>ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်ထောက်ပံ့မှု လုပ်ငန်းများ | The administrative and logistics actions required to conduct an electoral process. | ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ခု အတွက် လိုအပ်သော အုပ်ချုပ်မှုနှင့် ဆက်စပ် ပံ့ပိုးမှုဆိုင်ရာ လုပ်ဆောင်မှုများ။ |
| Electoral politics<br>ရွေးကောက်ပွဲဝင် နိုင်ငံရေး | That part of the political process related to the contestation of elections. | ရွေးကောက်ပွဲ ပြိုင်ဆိုင်မှုနှင့် ပတ်သက်သော နိုင်ငံရေးလုပ်ငန်းစဉ်။ |
| Electoral procedures<br>ရွေးကောက်ပွဲလုပ်ထုံး လုပ်နည်းများ | The mechanisms set out in electoral law and regulations for the conduct of an electoral process. | ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွက် ရွေးကောက်ပွဲ ဥပဒေ များတွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများ။ |

| | | |
|---|---|---|
| Electoral process<br>ရွေးကောက်ပွဲ<br>လုပ်ငန်းစဉ်များ | The steps involved in the preparation and carrying out of an election, including matters related to the announcement of the election and the enactment of the electoral law, the registration of voters and candidates, the campaign, the voting, counting and tabulating the votes, and the announcement of results. | ရွေးကောက်ပွဲကိုကြေငြာခြင်း၊ ရွေးကောက်ပွဲဥပဒေကိုပြဋ္ဌာန်းခြင်း၊ မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများကို မှတ်ပုံတင်ခြင်း၊ မဲဆွယ်လှုပ်ရှားခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များကို ကြေငြာခြင်းတို့အပါအဝင် ရွေးကောက်ပွဲအတွက် ပြင်ဆင်ခြင်းနှင့် ဖော်ဆောင်ခြင်းတို့တွင် ပါဝင်သောအဆင့်များ ။ |
| Electoral programme<br>ရွေးကောက်ပွဲ<br>အစီအစဉ် | The collected policy proposals of a political party presented to the electorate in the course of an electoral campaign. | ရွေးကောက်ပွဲ မဲဆွယ်ကာလတွင် မဲဆန္ဒရှင်များသို့ တင်ပြသော နိုင်ငံရေးပါတီတစ်ခု၏ မူဝါဒဆိုင်ရာ ကမ်းလှမ်းချက်များ ။ |

**Electoral quota**
ရွေးကောက်ပွဲဆိုင်ရာ ခွဲတမ်းအမျိုးမျိုး

May have one of three distinct meanings:
(a) The number obtained by dividing the total electorate in all the constituencies or electoral districts of an authority by the number of members to be elected to that authority, used within the process of boundary delimitation;
(b) The number of votes which guarantees a party or candidate to win one seat in a particular electoral district in a proportional representation system. There are three variants in common use, the Hare, Droop (or Hagenbach-Bischoff) and Imperiali quotas;
(c) A number of seats in an elected body or a proportion of candidates nominated by a party or grouping which are required by law to be filled by representatives of a particular kind; most commonly used to ensure the nomination and election of a minimum number of women.

အောက်ပါ ခြားနားသော အဓိပ္ပါယ်သုံးမျိုးအနက်မှ တစ်မျိုးရှိနိုင်သည် ။
(က) မဲဆန္ဒနယ်အားလုံးရှိ မဲဆန္ဒရှင် စုစုပေါင်း အရေအတွက်ကို ယင်းမဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်မည့် ကိုယ်စားလှယ် အရေအတွက်နှင့် စားခြင်းဖြင့်ရရှိသော ကိန်းဂဏန်း။ နယ်နိမိတ်သတ်မှတ်သော လုပ်ငန်းစဉ်တွင် သုံးသည်။
(ခ) အချိုးကျ ကိုယ်စားပြုမှုစနစ်တွင် ပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦး မဲဆန္ဒနယ်တစ်ခုတွင် ရွေးချယ်ခြင်းခံရစေရန် သေချာစေသော မဲအရေအတွက်။ အသုံးများသော ပုံစံကွဲသုံးခုရှိသည် (ဟဲရ်၊ ဒရုပ် သို့မဟုတ် ဟောဂန်ဘက်ဘစ်ရှော့ဖ် နှင့် အင်ပီးရီးယယ် ခွဲတမ်းတို့ ဖြစ်သည်)။
(ဂ) ရွေးကောက်ခံကိုယ်စားလှယ်အရေအတွက် (သို့မဟုတ်) ဥပဒေနှင့်အညီ ပါတီမှအဆိုပြုထားသော ကိုယ်စားလှယ်အချိုးအစား၊ အဆိုပြုချက်နှင့် အနည်းဆုံး အမျိုးသမီးအရေအတွက် တို့ ပါဝင်စေရန်အသုံးပြုသည်။

| | | |
|---|---|---|
| Electoral reform<br>ရွေးကောက်ပွဲ<br>ပြုပြင်ပြောင်းလဲမှု | The process of changing or reforming the electoral system. Often synonymous with extending the franchise to previously unrepresented groups or minorities; abolishing property, income or residence qualifications; or altering the voting system. | ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲခြင်း(သို့မဟုတ်) ပြုပြင်ခြင်းလုပ်ငန်းစဉ်။ မဲပေးခွင့်ကို ယခင်က ကိုယ်စားပြုခွင့်မရသော အုပ်စုများနှင့် လူနည်းစုများကို အပ်နှင်းခြင်း၊ မဲပေးရန်ပိုင်ဆိုင်မှု၊ ဝင်ငွေနှင့် အိုးအိမ်ပိုင်ဆိုင်မှုဆိုင်ရာ အရည်အချင်းကန့်သတ်မှုများကို ပယ်ဖျက်ခြင်း (သို့မဟုတ်) မဲပေးသည့်စနစ်ကိုပြောင်းလဲခြင်း တို့နှင့်လည်း အဓိပ္ပါယ်ဆင်သည်။ |
| Electoral register<br>ရွေးကောက်ပွဲ<br>မဲဆန္ဒရှင်စာရင်း | The list of persons registered as qualified to vote. | မဲပေးရန် အရည်အချင်းပြည့်မီသူအဖြစ် မှတ်ပုံတင်ထားသော လူစာရင်း ။ |
| Electoral registration<br>ရွေးကောက်ပွဲ<br>မဲဆန္ဒရှင်<br>စာရင်းသွင်းခြင်း | The process of inscribing electors on the electoral register. | ရွေးကောက်ပွဲ မှတ်ပုံတင်စာရင်းတွင် မဲဆန္ဒရှင်များကို စာရင်းသွင်းခြင်း။ |
| Electoral regulations<br>ရွေးကောက်ပွဲ<br>စည်းမျဉ်း<br>စည်းကမ်းများ | Rules that are subsidiary to legislation, often drawn up by the electoral management body under powers contained in the electoral law, to govern aspects of the organization and administration of an election. | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ မှ ရွေးကောက်ပွဲ ၏ ဖွဲ့စည်းပုံ နှင့် အုပ်ချုပ်မှုဆိုင်ရာများကို ကွပ်ကဲရန် ရွေးကောက်ပွဲ ဥပဒေ အရ ရေးဆွဲသော ဥပဒေထက် အဆင့်နိမ့်သော စည်းမျဉ်းများ ။ |

E

F

| | | |
|---|---|---|
| Federacy<br>ဖက်ဒရယ် အစီအစဉ် | A term which refers to political arrangements where a smaller unit or units are linked to a larger unitary or federal polity, but the smaller unit or units retain considerable autonomy except over foreign affairs and defence, have a minimum role in the management of the larger one, and the relationship can be dissolved only by mutual agreement. For example, Puerto Rico and the Northern Marianas in relation to the United States of America. | နိုင်ငံရေးစနစ်တစ်ခုတွင် သေးငယ်သော အုပ်ချုပ်မှုယူနစ်များသည် ပိုမိုကြီးမားသော (တစ်ပြည်ထောင် သို့မဟုတ် ပြည်ထောင်စု) အစိုးရအဖွဲ့သို့တွဲစပ်နေသော ပုံစံကိုရည်ညွှန်းသည်။ ယင်းစနစ်တွင် သေးငယ်သော အုပ်ချုပ်မှုယူနစ်များသည် နိုင်ငံခြားဆက်ဆံရေးနှင့် ကာကွယ်ရေးမှလွဲ၍ ထိုက်သင့်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိပိုင်ဆိုင်ထားကြပြီး ပိုမိုကြီးမားသော အစိုးရအဖွဲ့အတွင်း စီမံခန့်ခွဲမှုအတွက် အခန်းကဏ္ဍ အနည်းငယ်သာ ရရှိကြသည်။ ဥပမာအားဖြင့် ပူအာတိုရီကို၊ မြောက်ပိုင်းမာရီယားနားတို့နှင့် အမေရိကန်ပြည်ထောင်စုအကြားရှိ ဆက်ဆံရေး ။ |
| Federal Constitutional Court<br>ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေတရားရုံး | In a federation, the final court of appeal with the decisive power of resolving issues relating to the federal constitution In some countries called a Supreme Court; in other countries, distinct from a Supreme Court which has other functions. | ဖက်ဒရေးရှင်းတစ်ခုတွင် နောက်ဆုံးအဆင့် အယူခံဝင်နိုင်သော ခုံရုံး ။ ယင်းခုံရုံးသည် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆက်စပ်သောကိစ္စများနှင့်ပတ်သက်လျှင်အဆုံးအဖြတ်ပေးနိုင်သော အာဏာရှိသည်။ အချို့သောနိုင်ငံများတွင် စုပရင်းကုတ်( တရားလွှတ်တော်)ဟုလည်းကောင်း၊ အချို့နိုင်ငံများတွင် အခြားတာဝန်များရှိသော စုပရင်းကုတ်( တရားလွှတ်တော်)နှင့် ခြားနားသည်။ |
| Federal election<br>ပြည်ထောင်စု/တိုင်း နှင့် ပြည်နယ်အဆင့် ရွေးကောက်ပွဲ | In a federal system, an election for a body or position at federal level. | ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း သို့မဟုတ် ရာထူးနေရာ တစ်ခုအတွက် ကျင်းပသော ရွေးကောက်ပွဲ။ |

| | | |
|---|---|---|
| Federal government<br>ပြည်ထောင်စုအစိုးရ | The central government of a federal state. A federal government may be named in different ways, such as national government in South Africa, Commonwealth government in Australia, Union government in India, and federal government in the United States of America. | ပြည်ထောင်စုစနစ်သုံးတိုင်းပြည်တစ်ခု၏ဗဟိုအစိုးရ။ ပြည်ထောင်စုအစိုးရကို အမျိုးမျိုးအမည်မှည့်ခေါ်လေ့ရှိသည်။ ဥပမာ- တောင်အာဖရိကတွင် အမျိုးသားအစိုးရ၊ ဩစတြေးလျတွင် ဓနသဟာယအစိုးရ၊ အိန္ဒိယတွင် ပြည်ထောင်စုအစိုးရ၊ အမေရိကန်ပြည်ထောင်စုတွင် ပြည်ထောင်စုအစိုးရတို့ ဖြစ်ကြသည်။ |
| Federal loyalty<br>ပြည်ထောင်စုအပေါ် သစ္စာရှိခြင်း | The loyalty of governments–federal and constituent units–toward the federal system of government. It also implies solidarity of governments towards one another. | အစိုးရများ (ဖက်ဒရယ်အစိုးရနှင့် မဲဆန္ဒနယ် အခြေခံအစိုးရများ) ၏ ဖက်ဒရယ်အစိုးရစနစ်အပေါ် သစ္စာရှိမှု။ ယင်းသည် အစိုးရအလွှာများတစ်ခုနှင့်တစ်ခု ညီညွတ်မှုကိုလည်း ရည်ညွှန်းသည်။ |
| Federal system<br>ပြည်ထောင်စု စနစ် | A state structure based on two or more levels of government, a central (federal) government and the governments of constituent units, with powers and authority assigned to each level by a supreme (federal) constitution under which their allocation cannot be amended without sufficient agreement at both upper and lower levels. | နှစ်ခု(သို့မဟုတ်) နှစ်ခုထက်ပိုသော အစိုးရအလွှာများကို အခြေခံထားသော နိုင်ငံတည်ဆောက်ပုံ။ ယင်းတွင် ဗဟို(ဖက်ဒရယ်) အစိုးရနှင့် မဲဆန္ဒနယ်များရှိ အစိုးရများဟူ၍ရှိသည်။ အမြင့်ဆုံးဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဏာနှင့်လုပ်ပိုင်ခွင့်များကို အစိုးရအလွှာအသီးသီးသို့ ပေးအပ်ထားသည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့တွင် လုံလောက်သောသဘောတူညီမှုမရရှိဘဲ ယင်းသို့အာဏာခွဲဝေပေးအပ်ထားမှုကို ပြင်ဆင်ရန် မဖြစ်နိုင်ပေ။ |

F

| | | |
|---|---|---|
| Federalism<br>ပြည်ထောင်စုဝါဒ | A broad category of political systems in which, in contrast with the single central source of political and legal authority in unitary systems, there are two or more constitutionally established orders of government, each directly elected, and each order having some autonomy from the other in terms of the powers assigned to it. The system combines elements of shared rule (collaborative partnership) through a common government and regional self-rule (constituent unit autonomy) for the governments of the constituent units. | တစ်ပြည်ထောင်စနစ်ရှိ နိုင်ငံရေးနှင့် တရားဥပဒေဆိုင်ရာ အာဏာကို ချုပ်ကိုင်သော တစ်ခုတည်းသော ဗဟိုချက်နှင့် ခြားနားသော ကျယ်ပြန့်သည့် နိုင်ငံရေးစနစ် အမျိုးအစားဖြစ်သည်။ ပြည်ထောင်စုစနစ်တွင် အခြေခံဥပဒေအရ ဖွဲ့စည်းသော နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အစိုးရ အဖွဲ့အစည်းများရှိသည်။ ယင်းတို့သည် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းခံရပြီး အစိုးရအဖွဲ့အစည်းတစ်ရပ်ချင်းသည် ပေးအပ်ထားသော အာဏာပေါ်မူတည်၍ အခြားအစိုးရအဖွဲ့အစည်းမှကင်းလွတ်သော ကိုယ်ပိုင်အုပ်စိုးခွင့်အာဏာ အတိုင်းအတာတစ်ခုအထိ ရှိသည်။ ဤစနစ်သည် ခွဲဝေအုပ်ချုပ်မှု၏ အခြေခံအစိတ်အပိုင်းများကို ဘုံအစိုးရနှင့် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်မှုများနှင့် ပေါင်းစပ်ထားသည် ။ |
| Federalism by disaggregation<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ဖော်ဆောင်ကာ ပြည်ထောင်စု ဖန်တီးခြင်း | The creation of a federal system when a unitary state transforms itself by forming autonomous constituent units. | တစ်ပြည်ထောင်စနစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မဲဆန္ဒနယ်မြေများ ဖော်ဆောင်ကာ ပုံစံပြောင်းခြင်းဖြင့် ပြည်ထောင်စုစနစ် ဖန်တီးခြင်း။ |

| | | |
|---|---|---|
| First Past The Post<br>မဲများသူနိုင်စနစ်/<br>မဲများသူအကုန်ယူ<br>စနစ်/မဲများသူ<br>အနိုင်ယူစနစ် | The simplest form of plurality/majority vote electoral system, which uses single-member districts and candidate-centred voting. The winning candidate is the one who gains more votes than any other candidate, even if this is not an absolute majority of the valid votes. | အများစုအသာရစေသော ရွေးကောက်ပွဲစနစ်တွင် အရိုးရှင်းဆုံးသောပုံစံဖြစ်သည်။ ယင်းပုံစံတွင် မဲဆန္ဒနယ်တစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးရွေးချယ်ပြီး ကိုယ်စားလှယ်ကို ဦးတည်ရွေးချယ်သည်။ ကိုယ်စားလှယ်တစ်ဦးသည် စုစုပေါင်းတရားဝင်မဲအရေအတွက်၏ တစ်ဝက်ကျော် မရရှိသည့်တိုင် အခြား ကိုယ်စားလှယ်လောင်းများထက် မဲအရေအတွက် ပိုမိုရရှိလျှင် အနိုင်ရသူဖြစ်သည်။ |
| First preference<br>အကြိုက်ဆုံး<br>ရွေးချယ်ခြင်း | In a system of proportional representation, the indication by the voter of his or her most preferred party or candidate. | အချိုးကျ ကိုယ်စားပြုစနစ်တစ်မျိုးတွင် မဲဆန္ဒရှင်တစ်ဦးက သူ၏ အနှစ်သက်ဆုံးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းကို ဖော်ပြခြင်း။ |
| Fiscal constitution<br>ဘဏ္ဍာရေးလုပ်ပိုင်ခွင့်<br>ဖွဲ့စည်းပုံ | In a federation, the constitutional division of powers among different levels of government on revenue raising responsibilities and spending powers and provisions governing inter-governmental transfers and fiscal discipline. Federations differ regarding how many of these issues, especially relating to transfers, are set down in the constitution. | ဖက်ဒရေးရှင်းတစ်ခုတွင် အစိုးရ အလွှာအဆင့်ဆင့်အကြား အခွန်ကောက်ခံခြင်းဆိုင်ရာ တာဝန်များ၊ သုံးစွဲခြင်းဆိုင်ရာ အာဏာများ၊ အစိုးရ အဖွဲ့အစည်းအချင်းချင်းအကြား လွှဲပြောင်းခြင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများနှင့် ပတ်သက်သော အစီအမံများနှင့်စပ်လျဉ်း၍ အခြေခံဥပဒေပါ အာဏာခွဲဝေမှု။ အခြေခံဥပဒေတွင် အဆိုပါ အရေးကိစ္စများ အထူးသဖြင့် လွှဲပြောင်းမှုဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ မည်မျှဖော်ပြသတ်မှတ်ထားသည်ကို မူတည်ပြီး ဖက်ဒရေးရှင်းများသည် ကွဲပြားကြသည်။ |

F

| | | |
|---|---|---|
| Form of government<br>အစိုးရစနစ် | The set of political institutions by which the government of a state is organized in order to exert its powers. Examples include: federations; unitary states; republics (people's republics, socialist republics, democratic people's republics, Islamic republics); monarchies (absolute and constitutional monarchies, Emirates, Sultanates, grand duchies and principalities); presidential, semipresidential and parliamentary systems. | တိုင်းပြည်၏ အစိုးရတစ်ရပ်အာဏာကို ကျင့်သုံးရာတွင် အခြေခံသော နိုင်ငံရေးအင်စတီကျူးရှင်းများ။ ဥပမာများတွင် ဖက်ဒရေးရှင်းများ၊ တစ်ပြည်ထောင်စနစ်သုံးနိုင်ငံများ၊ သမ္မတနိုင်ငံများ (ပြည်သူ့သမ္မတနိုင်ငံများ၊ ဆိုရှယ်လစ်သမ္မတနိုင်ငံများ၊ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံများ၊ အစ္စလာမ္မစ်သမ္မတနိုင်ငံများ စသည်)၊ ဘုရင်စနစ်သုံးနိုင်ငံများ (အကြွင်းမဲ့နှင့် စည်းမျဉ်းခံဘုရင်စနစ်များ၊ မူစလင်စော်ဘွားနိုင်ငံများ၊ စူလ်တန်အုပ်ချုပ်သောနိုင်ငံများ၊ နယ်စားအုပ်ချုပ်သော နယ်ပယ်များ၊ မင်းသားအုပ်ချုပ်သောနယ်ပယ်များ စသည်)၊ သမ္မတစနစ်၊ တစ်ဝက်သမ္မတစနစ်နှင့် ပါလီမန်စနစ်များ။ |
| Free and fair elections<br>လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ | An election for which every qualified person has a reasonable opportunity to register as a voter; in which every registered voter is allowed to vote once within a reasonable distance from his/her residence and in complete secrecy; the campaign for which is open to each candidate and political party, each of which has a relatively even access to the media; and the management of which is impartial and efficient and ensures that the election results take effect according to law. | ရွေးကောက်ပွဲတစ်ခုတွင် အရည်အချင်းကန့်သတ်ချက်နှင့် ပြည့်မီသူတိုင်းသည် မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ရန် ထိုက်သင့်ဆီလျော်သည့် အခွင့်အရေးရှိသည်ဆိုပါက၊ မှတ်ပုံတင်ထားသော မဲဆန္ဒရှင်တိုင်းသည် ယင်းနေထိုင်ရာ အိမ်မှထိုက်သင့်ဆီလျော်သည့် အကွာအဝေးအတွင်း မဲပေးခွင့်ရသည်ဆိုပါက၊ အပြည့်အစုံဆိုရလျှင် ရွေးကောက်ပွဲအကြိုလှုပ်ရှားမှုများသည် နိုင်ငံရေးပါတီတိုင်း ကိုယ်စားလှယ်တိုင်းအတွက် အခွင့်အလမ်းရှိပါက အားလုံးအတွက် မီဒီယာကို ဆက်သွယ်အသုံးပြုရန် အခွင့်အလမ်း မျှမျှတတရှိပါက၊ ယင်း ရွေးကောက်ပွဲ၏ စီမံခန့်ခွဲမှုသည် ဘက်မလိုက်ဘဲ ထိထိရောက်ရောက်ရှိပြီး ရွေးကောက်ပွဲ ရလဒ်များသည်ဥပဒေနှင့် အညီ အကျိုးသက်ရောက်မှုရှိပါက ယင်းရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်သည်။ |

| | | |
|---|---|---|
| Free List<br>စိတ်ကြိုက်ဆန္ဒပြု နိုင်သောစနစ် | A form of List Proportional Representation in which voters may vote for a party or grouping and in addition for one or more candidates, whether or not those candidates are nominated by that party or grouping. | အချိုးကျကိုယ်စားပြုစနစ်သုံး ရွေးကောက်ပွဲတွင် မဲဆန္ဒပြုရာတွင် မဲပေးသူများအနေဖြင့် ပါတီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု ကို မဲပေးသည့်အပြင် ယင်းပါတီက အမည်နာမ တင်သွင်းထားသည် ဖြစ်စေ၊ မတင်သွင်းထားသည်ဖြစ်စေ တစ်ဦး သို့မဟုတ် တစ်ဦး ထက်ပိုသော ကိုယ်စားလှယ်လောင်းများကို မဲဆန္ဒပြုနိုင်သောပုံစံ။ |
| Freedom from fear<br>ကြောက်ရွံ့ခြင်းမှ ကင်းဝေးရေး | The fourth freedom set out by US President Franklin D. Roosevelt in his Four Freedoms speech of 1941. The United Nations Development Programme's 1994 Human Development Report argued that human security requires attention to both freedom from fear and freedom from want. Freedom from fear entails protecting individuals from violent conflicts while recognizing that these violent threats are strongly associated with poverty, lack of state capacity and other forms of inequality. The Responsibility to Protect is a key component of the 'Freedom from Fear'-agenda. See also 'human security' (p. 83). | ယင်းသည် အမေရိကန်သမ္မတ ဖရန်ကလင် ဒီရုစဗဲ့ ၁၉၄၁ ခုနှစ် တွင် ပြောကြားခဲ့သော လွတ်လပ်ခြင်းလေးမျိုး မိန့်ခွန်းတွင် အစပြုခဲ့ သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၏ ၁၉၉၄ ခုနှစ် လူသားဖွံ့ဖြိုးမှု အစီအရင်ခံစာတွင် လူသားလုံခြုံမှုရစေရန်မှာ ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ရန်နှင့် လိုချင်မှုများမှလွတ်မြောက် ရန်လိုအပ်သည်ဟုဆိုသည် ။ ကြမ်းတမ်းသော ပဋိပက္ခများသည် ဆင်းရဲမွဲတေမှု၊ တိုင်းပြည်၏ စွမ်းဆောင်ရည် ကင်းမဲ့မှုနှင့် အခြား မညီမျှမှုများနှင့် တွဲစပ်လျက်ရှိသည်ဆိုသည်ကို သဘောပေါက် နားလည်ပြီး ကြောက်ရွံ့ခြင်းမှ လွတ်မြောက်စေရန် လူသားတို့ကို ယင်း ကြမ်းတမ်းသော ပဋိပက္ခများမှ ကာကွယ်ပေးရန် လိုသည်။ ကြောက်ရွံ့ခြင်းမှလွတ်မြောက်စေရေး။ အစီအစဉ်တွင် ကာကွယ် ပေးရန်တာဝန်ရှိမှုသည် အဓိကကျသော အစိတ်အပိုင်းဖြစ်သည်။ (လူသား လုံခြုံရေးကိုလည်း ရှုပါ) |

F

F

| | | |
|---|---|---|
| Freedom of expression<br>လွတ်လပ်စွာ ထုတ်ဖော်ခွင့် | The principle defined in article 19 of the Universal Declaration of Human Rights: 'Everyone has the right to freedom of opinion and expression; this right includes freedom to hold opinions without interference and to seek, receive and impart information and ideas through any media and regardless of frontiers'. | ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း အပိုဒ် ၁၉ တွင် ဖော်ပြချက် " လူသားတိုင်းသည် လွတ်လပ်စွာ တွေးထင်ခွင့်နှင့် ထုတ်ဖော်ခွင့်ရှိသည်။ ယင်းတွင် စွက်ဖက်မှုကင်းစွာဖြင့် တွေးထင်ယူဆမှုများကို စွဲကိုင်ခွင့်၊ သတင်းအချက်အလက်နှင့် အတွေးအခေါ်များ ကို နယ်နိမိတ်ကန့်သတ်မှုမရှိ မည်သည့်မီဒီယာမှမဆို ရှာဖွေခြင်း၊ လက်ခံခြင်း၊ ပေးအပ်ခြင်း လုပ်ပိုင်ခွင့်များ ပါဝင်သည်။ |
| Freedom of religion<br>လွတ်လပ်စွာ ကိုးကွယ်ခွင့် | The principle defined in article 18 of the Universal Declaration of Human Rights: 'Everyone has the right to freedom of thought, conscience and religion; this right includes freedom to change his religion or belief, and freedom, either alone or in community with others and in public or private, to manifest his religion or belief in teaching, practice, worship and observance'. The concept is generally recognized also to include the freedom not to follow any religion. | ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း အပိုဒ် ၁၈ တွင် ဖော်ပြချက် " လူသားတိုင်းသည် လွတ်လပ်စွာ တွေးကြံခွင့်၊ မှားမှန်ခွဲခြားသိမြင်ခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်တို့ ရှိသည်။ ယင်းတွင်မိမိကိုးကွယ်သောဘာသာနှင့်ယုံကြည်မှုကိုလွတ်လပ်စွာ ပြောင်းလဲပိုင်ခွင့်၊ တစ်ဦးတည်းဖြစ်စေ အများနှင့်လူ့အဖွဲ့အစည်းအတွင်းဖြစ်စေ မိမိ၏ကိုးကွယ်မှုနှင့် ယုံကြည်မှုဆိုင်ရာသင်ကြားမှု၊ ကျင့်သုံးမှု၊ ကိုးကွယ်အလေးအမြတ်ပြုမှု၊ စောင့်စည်းလိုက်နာမှုတို့ကို လွတ်လပ်စွာဖော်ထုတ်ပြသခွင့်တို့ ပါဝင်သည်။ ဤအယူအဆတွင် မည်သည့်ကိုးကွယ်ယုံကြည်မှုမျိုးကိုမှ မလိုက်နာဘဲ နေနိုင်သော လွတ်လပ်ခွင့်ပါ အကျုံးဝင်သည်။ |

| | | |
|---|---|---|
| Freedom of speech<br>လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဝေဖန်ခွင့် | The freedom to speak without censorship or limitation, which is recognized as a human right under article 19 of the Universal Declaration of Human Rights and in international human rights law in the International Covenant on Civil and Political Rights. Freedom of speech is also recognized in European, inter-American and African regional human rights law. | ဆင်ဆာဖြတ်ခြင်း၊ ကန့်သတ်ခြင်း မှကင်းလွတ်စေလျက် လွတ်လပ်စွာ ပြောဆိုခွင့်...(ယင်းကို လူ့အခွင့်အရေးအဖြစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း အပိုဒ် ၁၉ တွင်၎င်း၊ အပြည်ပြည်ဆိုင်ရာ အရပ်ဖက်နှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ ပဋိညာဉ်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအဖြစ်၎င်း အသိအမှတ်ပြုထားသည်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို ဥရောပ၊ အမေရိက တိုက်တွင်းနှင့် အာဖရိက ဒေသဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများတွင် အသိအမှတ်ပြုထားသည် ။ |
| Fundamental rights<br>အခြေခံ အခွင့်အရေးများ | Human rights set out in constitutions or charters, such as the US Constitution and the Charter of Fundamental Rights of the European Union. | အခြေခံဥပဒေ သို့မဟုတ် ပဋိညာဉ် (အမေရိကန် နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဥရောပ သမဂ္ဂ၏ အခြေခံအခွင့်အရေးများ ဆိုင်ရာ ပဋိညာဉ် စသည်)တွင် ဖော်ပြပေးအပ်ထားသော လူသားရပိုင်ခွင့် အခွင့်အရေးများ ။ |

G

**Gender**
**ကျား၊မလူမှုရေးရာ**

The socially constructed rather than biologically determined roles of women and men, as well as the relationships between them in a given society at a specific time and place. While sex refers to biologically determined difference and roles, the qualities, identities and behaviours expected from men and women are determined through the process of socialization. Gender is an analytical category comparable to race, class, ethnicity, religious background, and so on, and it should be used in a similar way as an analytical tool. Like race, class, ethnicity, religion and culture, gender has constituted and still constitutes a basis for oppression and discrimination among individuals; the term gender captures a frequently invoked reason for inequalities between women and men, boys and girls. Gender is often overlooked as an aspect of men's social identity, yet the lives and activities of men as well as women are strongly influenced by gender. In most societies, men tend to have broader options, more opportunities and greater access to society's resources than women. This is the result of a framework of legislation, policies and institutions that incorporates attitudes and practices about what is appropriate to being male and female in a given society.

ဇီဝကမ္မအရ သတ်မှတ်ချက်ထက် လူမှုရေးအရ သတ်မှတ်တည်ဆောက်ထားသော ယောကျ်ားနှင့်မိန်းမတို့၏ အခန်းကဏ္ဍများ၊ ယောကျ်ားနှင့် မိန်းမတို့အကြား လူ့အဖွဲ့အစည်းတစ်ခုအတွင်း အချိန်တစ်ခုနေရာတစ်ခုတွင် တည်ရှိသော ဆက်ဆံရေး။ လိင်သည် ဇီဝကမ္မ အရ သတ်မှတ်ထားသော ခြားနားမှုနှင့်အခန်းကဏ္ဍများကို ရည်ညွှန်းသည်။ သို့သော် ယောကျ်ားနှင့် မိန်းမတို့ထံမှမျှော်လင့်သော အရည်အသွေး၊ ကိုယ်ပိုင်လက္ခဏာများနှင့် အမူအကျင့်များတို့သည် ပေါင်းသင်းဆက်ဆံမှုဖြစ်စဉ်မှ ပေါ်ပေါက်သည်။ ကျား/မလူမှုရေးရာဆိုသည်မှာ မျိုးရိုး၊ အဆင့်အတန်း၊ တိုင်းရင်းသားလူမျိုး၊ ကိုးကွယ်သည့် ဘာသာနောက်ခံ စသည်တို့ နှင့် နှိုင်းယှဉ်နိုင်သော ဆန်းစစ်လေ့လာမှုအုပ်စုတစ်ခုဖြစ်သည်။ ယင်းကို ခွဲခြမ်းစိတ်ဖြာကိရိယာတစ်ခုအဖြစ် အလားတူ အသုံးချသင့်သည်။ မျိုးရိုး၊ အဆင့်အတန်း၊ တိုင်းရင်းသားလူမျိုး၊ ကိုးကွယ်သည့် ဘာသာနှင့် ယဉ်ကျေးမှုတို့ကဲ့သို့ ကျား/မ လူမှုရေးရာအမြင်သည် ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုတို့၏ အခြေခံ အဖြစ်ရှိခဲ့၊ ရှိဆဲဖြစ်သည်။ ကျား/မ လူမှုရေးရာဆိုသော အခေါ်အဝေါ်သည် မိန်းမနှင့် ယောကျ်ားတို့ အကြားရှိသော မညီမျှမှုများအတွက် အကြောင်းပြချက်အဖြစ် ပြဆိုခြင်းခံရသည်။ ကျား/မလူမှုရေးရာအမြင်ဆိုသည်က ယောကျ်ားနှင့် မိန်းမနှစ်မျိုးစလုံးတို့၏ ရှင်သန်မှုနှင့် လှုပ်ရှားဆောင်ရွက်မှုများကို လွှမ်းမိုးမှုရှိသော်လည်း ကျား/မ လူမှုရေးရာအမြင်ဆိုသည်မှာ လူသား၏လူမှုရေးကိုယ်ပိုင် လက္ခဏာတစ်ခုဖြစ်မှုကို မကြာခဏဆိုသလို အမြင်လျှမ်းကြသည်။ လူ့အဖွဲ့အစည်းအများစုတွင် ယောကျ်ားများသည် မိန်းမများထက် ပိုများသောရွေးချယ်စရာ၊ ပိုများသော အခွင့်အလမ်းနှင့် လူ့အဖွဲ့ပအစည်း၏ အရင်းအမြစ်များကို အသုံးချခွင့် ပိုမိုရရှိကြသည်။ ဤသို့ဖြစ်ရခြင်းသည် သဘောထားများကို ပေါင်းစပ်ထည့်သွင်းထားသော ဥပဒေပြုမှုမူဘောင်၊ မူဝါဒနှင့် အင်စတီကျူးရှင်းများတို့၏ ရလဒ်ဖြစ်သည်။

| | | |
|---|---|---|
| Gender analysis<br>ကျား၊မ လိင်မတူ ကွဲပြားမှု အခြေပြု လူမှုဘဝ ဆန်းစစ် လေ့လာချက် | The examination and identification of the processes by which, in a given context, relations between men and women are shaped and shape the various needs and experiences of each gender. Such analysis is informed by how gender is intertwined with and affected by other identities and realities such as ethnicity, class, race, religion, disability and culture. | အခြေအနေတစ်ခုတွင် ကျားနှင့်မတို့ကြားရှိ ဆက်ဆံရေးကို ပုံဖော်သော၊ ကျား / မ အသီးသီးတို့ ၏ လိုအင်အသီးသီး နှင့် အတွေ့အကြုံတို့ကို ပုံဖော်သောဖြစ်စဉ်ကို ရှာဖွေသတ်မှတ်ခြင်းနှင့် စူးစမ်းလေ့လာခြင်း။ ယင်းဆန်းစစ်လေ့လာမှုသည် ကျား/မ ဖြစ်တည်မှုသည် အခြားဖြစ်တည်မှု သက်သေခံများနှင့် မည်သို့ ဒွေးရောယှက်တင်သည် စသည်နှင့် အခြားအမှန်တကယ် တည်ရှိမှုများဖြစ်သော တိုင်းရင်းသား၊ အလွှာ၊ လူမျိုး၊ ဘာသာ၊ ကိုယ်လက်မသန်စွမ်းမှု၊ ယဉ်ကျေးမှု စသည်တို့၏ ထိခတ်မှုကိုခံရသည် ဆိုသည်တို့မှ အချက်အလက်များကို အခြေခံလေ့လာသည်။ |
| Gender balance<br>ကျား၊မ အချိုးညီခြင်း | Equivalence in life outcomes for women and men, recognizing their different needs and interests, and requiring a redistribution of power and resources. | ကျားနှင့်မ တို့၏ ခြားနားသော လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို နားလည် သဘောပေါက်ပြီး ၊ သြဇာအာဏာနှင့် အရင်းအမြစ်များကို ပြန်လည် ဖြန့်ဝေပေးရန်လိုအပ်ချက် ပါရှိသော ကျားနှင့်မတို့အတွက် ဘဝ ရလဒ် တူမျှမှု။ |
| Gender equality<br>ကျား၊မ တန်းတူညီမျှမှု | The principle that women and men enjoy the same status, and have equal conditions for realizing their full human rights and potential to contribute to national, political, social, cultural and economic development and to benefit from the results; the equal valuing by society of both the similarities and differences of men and women and the varying roles they perform. | ကျားနှင့်မတို့သည် တူမျှသော အဆင့်အတန်းရှိသည်။ လူသားဆိုင်ရာ ရပိုင်ခွင့်များကို အပြည့်အဝ ရရှိခံစားရန်အတွက် တူမျှသော အခြေအနေ၊ အမျိုးသားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု များအတွက် ပါဝင်ဆောင်ရွက်ရန်နှင့် ရလဒ်များမှ အကျိုးခံစားရန်တူမျှသော စွမ်းဆောင်ရည် ရှိသည်ဟူသော ယုံကြည်မှု။ ကျားနှင့်မ တို့၏ တူညီမှုနှင့် ကွဲပြားမှု၊ ယင်းတို့၏ခြားနားသော လုပ်ဆောင်နိုင်မှု အခန်းကဏ္ဍကို လူ့အဖွဲ့အစည်း၏ တူညီစွာတန်ဘိုးထားမှု။ |

| | | |
|---|---|---|
| Gender equity<br>ကျား၊မ သာတူညီမျှမှု | The process which leads to gender equality by seeking to overcome the historical and social disadvantages that prevent women and men from enjoying a level playing field in different spheres of life. | ဘဝနယ်ပယ်အသီးသီးတွင် ကျားနှင့်မ အခွင့်အရေးတူ ပြိုင်ဆိုင်မှုမဖြစ်နိုင်စေရန် တားဆီးထားသော သမိုင်းနှင့် လူမှုရေးဆိုင်ရာအားနည်းချက်များကို ရှာဖွေကျော်လွှားပြီး ကျား/မ တန်းတူညီမျှစေရေးအတွက် ရှေးရှုသောလုပ်ငန်းစဉ် |
| Gender mainstreaming<br>ကျားမမတူကွဲပြားမှု အမြင်နှင့်တန်းတူ ရရှိစေရေးမှုတို့ကို လုပ်ဆောင်မှုတိုင်းတွင် ထည့်သွင်းပါဝင်စေခြင်း။ | An organizational strategy to bring a gender perspective to all aspects of an institution's policy and activities,through building gender capacity and accountability. The act of bringing gender awareness into all areas of activity. | ကျား/မ မတူကွဲပြားမှုကြောင့် လိုအပ်ချက်ခြားနားမှု ရှိနိုင်သည်၊ သို့သော် အခွင့်အလမ်းကိုတူညီစွာရရှိနိုင်ရန် ဖန်တီးပေးရမည်ဟူသောအမြင်ကို အင်စတီကျူးရှင်းတစ်ခု၏ မူဝါဒနှင့်လုပ်ဆောင်ချက်များနှင့် ပတ်သက်သော ကိစ္စရပ်တိုင်းတွင်ထည့်သွင်းထားသော အဖွဲ့အစည်းဆိုင်ရာ ဗျူဟာ။ လုပ်ဆောင်မှုနယ်ပယ်တိုင်းတွင် ကျား/မ ဆိုင်ရာ အသိအမြင်ကို ပေါင်းစပ်ထည့်သွင်းခြင်း။ |
| Gender parity<br>ကျား၊မ တန်းတူညီမျှမှု | See gender equality (p. 77). | ရှု : ကျား၊မ ခွဲတမ်းနှင့် ကျားမညီမျှမှု |
| Gender quota<br>ကျား၊မ ခွဲတမ်း | The number or share of seats in an elected body or the proportion of candidates nominated by a party or grouping which are required by law to be filled by women and/or men; most commonly used to ensure the nomination and election of a minimum number of women. | လွှတ်တော်တွင်းရှိ ကိုယ်စားလှယ်နေရာ သို့မဟုတ် ပါတီ၊အဖွဲ့တစ်ခုမှ အမည်စာရင်းတင်သွင်းသော ကိုယ်စားလှယ်လောင်း နေရာများအတွက် ဥပဒေသတ်မှတ်ချက်အရ အမျိုးသမီး/ အမျိုးသားများအတွက်ခွဲတမ်းအချိုးအစား။ (အမည်တင်သွင်းခြင်းနှင့်ရွေးကောက်တင်မြောက်ခြင်းအတွက် အမျိုးသမီးအရေအတွက် အနည်းဆုံးသတ်မှတ်ထားသော ပမာဏပြည့်မီစေရန်သုံးသည်) |

G

| | | |
|---|---|---|
| Gender quota provisions<br>ကျား၊မ ခွဲတမ်း ပြဋ္ဌာန်းချက်များ | The provisions set out in law on gender quotas. | ကျားမ ခွဲတမ်း နှင့် စပ်လျဉ်း၍ ဥပဒေတွင် ပြဋ္ဌာန်းချက် |
| Gender representation | See gender quota (p. 78) and gender equality (p. 77). | ကျားမ ခွဲတမ်း နှင့် ကျားမ ညီမျှမှုကို ကြည့်ပါ |
| General election<br>အထွေထွေ ရွေးကောက်ပွဲ | An election in which all the seats in the lower house or chamber are contested. | အောက်လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်နေရာများ အားလုံးအတွက် ပြုလုပ်သောရွေးကောက်ပွဲ |
| Gerrymandering<br>မဲဆန္ဒနယ်အား မသမာရည်ရွယ်ချက်ဖြင့်ရေးဆွဲသက်မှတ်မှု | The deliberate manipulation of electoral district boundaries in order to advantage or disadvantage a particular political interest. | ရွေးကောက်ပွဲ မဲဆန္ဒနယ် နယ်နိမိတ်များရေးဆွဲရာတွင် နိုင်ငံရေးအဖွဲ့အစည်းတစ်ခု အားသာအောင် (သို့မဟုတ်) အားနည်းအောင် ရည်ရွယ်၍တမင်တကာ ကြံရွယ်ရေးဆွဲသတ်မှတ်ခြင်း။ |
| Glass ceiling<br>မမြင်နိုင်သော အတားအဆီးများ | An unofficial, invisible barrier that prevents women and minorities from advancing in their careers. | တရားဝင်မဟုတ်သော်လည်း အမျိုးသမီးများနှင့် လူနည်းစုဝင်များအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လမ်းကို ပိတ်ပင်ထားသော မမြင်နိုင်သည့် အတားအဆီး။ |

G

G

| | | |
|---|---|---|
| Good governance<br>ကောင်းမွန်သော<br>အုပ်ချုပ်ရေး | Competent management of a country's resources and affairs in a manner that is open, transparent, accountable, equitable and responsive to people's needs. Key elements of good governance are: the establishment of a representative and accountable form of government; a strong and pluralistic civil society, where there is freedom of expression and association; sets of rules governing the actions of individuals and organizations and the negotiation of differences between them; the primacy of the rule of law, maintained through an impartial and effective legal system; and a high degree of transparency and accountability in public and corporate processes. | နိုင်ငံတစ်ခု၏ အရင်းအမြစ်များနှင့် လုပ်ဆောင်ဖွယ်ကိစ္စများကို ပွင်းလင်းမြင်သာသော၊ တာဝန်ခံမှုရှိသော၊ မျှတသော၊ ပြည်သူ အများ၏ လိုအပ်မှုများကို တုန့်ပြန်မှုရှိသော အသွင်သဏ္ဍာန်ဖြင့် စွမ်းရည်ပြည့်စီမံခန့်ခွဲမှု။ ကောင်းမွန်သော အုပ်ချုပ်ရေး၏ အဓိက အစိတ်အပိုင်းများမှာ - ကိုယ်စားပြုမှုရှိ၍ တာဝန်ခံမှုရှိသော အစိုးရ အဖွဲ့တည်ရှိမှု၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာ စုရုံးခွင့် တို့ရှိသော ခိုင်မာသော ဗဟုလူ့အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကို ထိန်းကွပ်သော ယင်းတို့ အကြားရှိ ကွဲပြားမှုများကို စေ့စပ်ညှိနှိုင်းပေးသော စည်းမျဉ်းဥပဒေ များ၊ ဘက်မလိုက်သော ထိရောက်သော တရားစီရင်ရေးစနစ်ဖြင့် ထိန်းသိမ်းထားရှိသော တရားဥပဒေစိုးမိုးမှု၊ အများနှင့်ဆိုင်သောကိစ္စ ရပ်များနှင့် ကော်ပိုရိတ်ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုနှင့်တာဝန် ခံမှုမြင့်မားစွာရှိခြင်းတို့ဖြစ်သည်။ |
| Governing party<br>အာဏာရပါတီ | In a parliamentary system, the political party with the largest number of seats, which is therefore able to form a government. | ပါလီမန်စနစ်တွင် လွှတ်တော်အတွင်း ကိုယ်စားလှယ်အရေ အတွက် အများဆုံးရရှိပြီး အစိုးရဖွဲ့စည်းနိုင်သော နိုင်ငံရေးပါတီ |
| Government<br>အစိုးရ | The governing body of a state; often same as the 'executive', but also used to cover the legislature and judiciary; 'three branches of government'. | နိုင်ငံတစ်ခု၏ အုပ်ချုပ်ရေးအဖွဲ့/အစိုးရ၊(အများအားဖြင့် အုပ်ချုပ်ရေး မဏ္ဍိုင်နှင့်တူသော်လည်း ဥပဒေပြုမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် များပါ အကျုံးဝင်ပြီး မဏ္ဍိုင်သုံးခုစလုံးကိုပါ ရည်ညွှန်း၍သုံးစွဲလေ့ ရှိသည်။ |

| | | |
|---|---|---|
| Group rights<br>အုပ်စုလိုက် အခွင့်အရေးများ | Rights held by a group rather than by its members severally. See also 'collective rights' (p. 25). | အဖွဲ့ဝင် တစ်ဦးချင်းစီ၏ ရပိုင်ခွင့်များနှင့် ခြားနားသောအဖွဲ့တစ်ခု၏ ရပိုင်ခွင့်များ |
| Healing and reconciliation<br>ကြေရာကြေကြောင်း နှင့်ပြန်လည်သင့်မြတ် စေခြင်း | A mechanism linked to peacebuilding and post-conflict initiatives. | ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခလွန် လုပ်ဆောင်မှုများ တို့ဖြင့် ဆက်စပ်နေသော လုပ်ငန်းစဉ် |
| Homogeneous district<br>လူမျိုး၊ဘာသာ၊ စကား၊ ယုံကြည်မှုတူရာ မဲဆန္ဒရှင်များစုစည်းနေသော မဲဆန္ဒနယ် | An electoral district in which, either by design or as a result of the operation of other criteria for boundary delimitation, the electorate contains substantial social, ethnic, religious or linguistic uniformity. | တမင်တကာ ဖန်တီးထား၍ဖြစ်စေ၊ နယ်မြေသတ်မှတ်မှုဆိုင်ရာ အခြား စံနှုန်းတစ်ခုခုကြောင့်ဖြစ်စေ၊ လူမှုရေး၊ မျိုးရိုး၊ ကိုးကွယ် ယုံကြည်မှုနှင့် ဘာသာစကားတူသူ အလွန်များစွာပါရှိသော မဲဆန္ဒနယ်မြေ |
| Horizontal accountability<br>တပြေးညီ တာဝန်ခံမှု | Horizontal accountability can be defined as the degree to which people communicate across a society or an organization, problem solve together and in teams, build trust and accountability, and take increased amounts of responsibility. | ဘေးတိုက်တာဝန်ခံခြင်းဆိုသည်ကိုလူအများလူ့အဖွဲ့အစည်းအတွင်း ဆက်သွယ်မှုပြုခြင်း၊ ပြဿနာများကိုအတူတကွ အစုအဖွဲ့အနေဖြင့် ဖြေရှင်းခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ တာဝန်ခံခြင်း၊ တာဝန်ယူမှုအတိုင်းအတာ တိုးမြှင့်ယူခြင်းတို့ကို မည်သည့်အတိုင်းအတာဖြင့် ပြုလုပ်သည်ဆိုခြင်းဖြင့် အဓိပ္ပါယ်ဖွင့်ဆိုသည်။ |

G/H

H

| | | |
|---|---|---|
| Human rights<br>လူ့အခွင့်အရေးများ | Fundamental freedoms and rights such as the right to life, the right to privacy, freedom of thought and religion, freedom of expression and assembly, and freedom from any kind of discrimination (sexual, racial, ethnic, religious). Human rights encompass the right to participate in public life, as well as economic, social and cultural rights. See also political rights. See also 'Universal Declaration of Human Rights' (p. 146). | အခြေခံလွတ်လပ်ခွင့်နှင့်ရပိုင်ခွင့်များ(အသက်ရှင်သန်ခွင့်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ လွတ်လပ်စွာတွေးခေါ် ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်နှင့် စုရုံးခွင့်၊ မည်သည့်ခွဲခြား ဆက်ဆံခြင်းမှမဆို လွတ်ကင်းခွင့် (လိင်၊ မျိုးရိုး၊ လူမျိုး၊ ဘာသာရေး စသည်))။ လူ့အခွင့်အရေးများတွင် လူမှုဘဝတွင် ပါဝင်ခွင့်နှင့် အတူ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ အကျုံးဝင်သည်။ |
| Human rights violations<br>လူ့အခွင့်အရေး ချိုးဖေါက်မှုများ | Abuses of human rights. See also 'human rights' (p. 82). | လူ့အခွင့်အရေး ချိုးဖောက်မှုများ။ |

Human security
လူ့မှုဘဝလုံခြုံရေး

Human security is a multifaceted concept. It can be summarized in three categorizes: 1) Freedom from want; Extreme poverty together with the associated vulnerability to disease and child mortality, poses immediate, critical threats to the safety of nearly on-sixth of the world's population; 2) Freedom from fear; Terrorism, nuclear, chemical and biological threats, war and the risk of new wars top the agenda of human security advocates. Terrorism requires a comprehensive strategy that includes the need for a new international convention to coordinate and harmonize international reaction to these threats. Progress towards the elimination of weapons of mass destruction has taken on new urgency with the upsurge in transnational terrorism, with the risk that terrorists would use such weapons against innocent populations. Finally, war-to-democracy transitions are essential because historically, where civil wars have recurred after several years, this has usually been because underlying

လူ့မှုဘဝလုံခြုံရေးသည် မျက်နှာပြင်များစွာရှိသော အယူအဆ ဖြစ်သည်။ ယင်းကို အကျဉ်းအားဖြင့် အမျိုးအစား ၃ မျိုးခွဲခြားနိုင်သည်။ (၁) ဆင်းရဲခြင်းမှ လွတ်မြောက်ခြင်း (အလွန်အမင်း ဆင်းရဲမွဲတေမှုနှင့်ယှဉ်တွဲလျက် ရောဂါဘယနှင့် ကလေးသူငယ် ဆုံးပါးမှုတို့သည် ကမ္ဘာ့လူဦးရေ ခြောက်ပုံတစ်ပုံခန့်အတွက် လက်ငင်း အရေးတကြီး ခြိမ်းခြောက်မှုအဖြစ် တည်ရှိနေသည်) (၂) ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ခြင်း (လူသားလုံခြုံရေးအတွက် ထောက်ခံတိုက်တွန်းသူများ၏ အလေးထားလုပ်ဆောင်ဖြေရှင်းရမည့် အစီအစဉ်များတွင် အကြမ်းဖက်မှု၊ အဏုမြူ၊ ဓါတုဗေဒနှင့် ဇီဝဗေဒလက်နက်များဖြင့် ခြိမ်းခြောက်မှုများ၊ စစ်ပွဲနှင့် စစ်ပွဲအသစ်များ၏ ဖြစ်နိုင်ခြေ အလားအလာတို့သည် ထိပ်ဆုံးမှ နေရာယူထားလေ့ရှိကြသည်။ အကြမ်းဖက်မှုကို တိုက်ဖျက်ရန်အတွက် နိုင်ငံတကာမှ ယင်းခြိမ်းခြောက်မှုများကို တုန့်ပြန်ရာတွင် ဟန်ချက်ညီညီ လက်တွဲလုပ်ဆောင်နိုင်ရန် နိုင်ငံတကာ ကွန်ဗင်းရှင်းအသစ်တခုပါဝင်သော အလုံးစုံခြုံငုံမိသည့် မဟာဗျူဟာတစ်ခုလိုအပ်သည်။ အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေသော လက်နက်များဖျက်သိမ်းရေး လုပ်ဆောင်မှုတိုးတက်ချက်များသည် နိုင်ငံနယ်နိမိတ်ကျော်လွန်သော အကြမ်းဖက်မှုများပေါ်ပေါက်လာပြီး အကြမ်းဖက်သမားများ ယင်းလက်နက်များကို အသုံးချ၍ အပြစ်မဲ့ပြည်သူများကို တိုက်ခိုက်နိုင်သည့် အလားအလာ ရှိလာသည်နှင့်အမျှ ပိုမိုအရေးကြီးလာသည်။ နောက်ဆုံးအနေနှင့် စစ်ပွဲအဖြစ်မှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်း

H

grievances, including economic relationships, are unresolved; 3) Freedom to live in dignity; Living in dignity means enjoying fundamental human rights, to include the right to democratic participation, living under the rule of law, and freedom to practice religion, express views, and live in a society that is guided by principles of tolerance. Essential to the pursuit of living in dignity is the state's 'responsibility to protect' groups and individuals in society which are the most vulnerable to violation of their human rights.

မှုများသည်မရှိမဖြစ်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းတလျှောက် ပြန်ကြည့်လျှင်နှစ်အတန်ကြာပြီးနောက် ပြည်တွင်းစစ်ပွဲများ အကြိမ်ကြိမ်ဖြစ်လေ့ရှိသော နေရာများရှိရာတွင် ယင်းတို့သည် စီးပွားရေးအရ ဆက်ဆံမှုများအပါအဝင် အရင်းခံမကျေနပ်မှုများကို ဖြေရှင်းခြင်းမပြုသောကြောင့်ဖြစ်ကြောင်းတွေ့ရသည်။ (၃) သိက္ခာရှိစွာ နေထိုင်နိုင်သော လွတ်လပ်ခွင့် (သိက္ခာရှိစွာနေထိုင်သည်ဆိုရာတွင် အခြေခံလူသားရပိုင်ခွင့် အခွင့်အရေးများကို ခံစားခြင်း၊ ဒီမိုကရေစီနည်းအရ ပါဝင်ပတ်သက်ခွင့်၊ ဥပဒေစိုးမိုးမှုအောက်တွင်နေထိုင်ခွင့်၊ မိမိနှစ်သက်ယုံကြည်ရာဘာသာကို လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်၊ မိမိအမြင်ကို ဖော်ထုတ်ခွင့်၊ သည်းခံခြင်းတရားဖြင့် ထိန်းကွပ်ထားသော လူမှုအဖွဲ့အစည်းအတွင်း နေထိုင်ခွင့်တို့ဖြစ်ကြသည်)၊ လူသားသိက္ခာနှင့်အညီ နေထိုင်ခွင့် ရစေရေးအတွက် မဖြစ်မနေလိုအပ်သည်မှာ လူ့အဖွဲ့အစည်းအတွင်းအခွင့်အရေး အချိုးဖောက်ခံရဆုံးသူများနှင့် အဖွဲ့များကိုနိုင်ငံတော်အနေနှင့် ကာကွယ်ပေးရမည့် ဝတ္တရားဖြစ်သည်။

H

| | | |
|---|---|---|
| Hung parliament<br>သရေပွဲပါလီမန် | A parliament in which no single party has more than half the seats after an election. | မည်သည့်ပါတီတစ်ခုကမှ ကိုယ်စားလှယ်အရေအတွက် တစ်ဝက်ထက်ပို၍ မပိုင်ဆိုင်သော ပါလီမန်။ |
| Impartiality<br>ဘက်မလိုက်ခြင်း | Dealing with matters in a fair and unbiased manner; the operational expression of neutrality. | ကိစ္စရပ်များကို မျှတ၍ဘက်မလိုက်ဘဲ ကိုင်တွယ်ခြင်း။ |
| Impeachment<br>စွဲချက်တင်ခြင်း | Process under which charges are brought in parliament against a high constitutional authority, public official or judge. | တရားသူကြီးတစ်ဦးကိုဖြစ်စေ၊ နိုင်ငံရေးသမားတစ်ဦးကိုဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာသော ရာထူးကြီး ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ လွှတ်တော်မှစွဲချက်တင်ခြင်း။ |
| Immunity<br>ဥပဒေအရ အရေးယူခံရခြင်းမှလွတ်နေခြင်း | Legal exemption for punishment from offenses, often used to refer either to the failure of government to take serious steps against crime or to the failure or inability of authorities in a transitional or emerging democracy to take punitive legal action against the alleged perpetrators of human rights violations and other criminal offences under a previous autocratic regime. | ရာဇဝတ်မှုကျူးလွန်ခြင်းအတွက်ခံရမည့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရခြင်း။ အများအားဖြင့်ရည်ညွှန်းလေ့ရှိသည်မှာ အစိုးရများအနေဖြင့် ရာဇဝတ်မှုကို ထိရောက်စွာမကိုင်တွယ်ခြင်း (သို့မဟုတ်) ဒီမိုကရေစီအကူးအပြောင်းကာလတွင် ယခင် အာဏာရှင်အစိုးရလက်ထက် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်သူများနှင့် ရာဇဝတ်မှုကျူးလွန်သူများကို အာဏာပိုင်များအနေနှင့် ဥပဒေအရ ပြစ်ဒဏ်ပေးရန် မပြုနိုင်ခြင်းတို့ဖြစ်သည်။ |

| | | |
|---|---|---|
| Indigenous intellectual property rights<br>ဌာနေတိုင်းရင်းသား များ/မူလဒေသခံများ၏ ဉာဏပစ္စည်း အခွင့်အရေးများ | A concept which has arisen to attempt to conserve each society's cultural base. See also 'cultural rights' (p. 43). Traditional cultural knowledge has commercial value in areas related to medicine, cosmetics, cultivated plants, foods, arts and crafts. | လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဆိုင်ရာ အခြေခံများကို ထိန်းသိမ်းရန် ကြိုးပမ်းမှုမှ ပေါ်ပေါက်လာသော အယူအဆဖြစ်သည်။ ရိုးရာ ယဉ်ကျေးမှု ဗဟုသုတများသည် ဆေးဝါး၊ အလှအပဆိုင်ရာ၊ စိုက်ပျိုးရေး၊ အစားအစာ၊ အနုပညာနှင့် ဖန်တီးမှုများနှင့် သက်ဆိုင် သော နယ်ပယ်များတွင် စီးပွားရေးဆိုင်ရာ တန်ဖိုးရှိသည်။ |
| Indigenous people<br>ဒေသခံ တိုင်းရင်းသားများ | The people originating in and possessing characteristics of a particular region or country. Generally used in the international context, 'indigenous' refers to peoples who are original to a particular territory. | နယ်မြေ(သို့မဟုတ်) နိုင်ငံတစ်ခုတွင် အစပြုနေထိုင်ခဲ့ပြီး ယင်းဒေသ ၏ ဂုဏ်အရည်အသွေး ပိုင်ဆိုင်သူများ။ နိုင်ငံတကာတွင် ဤ စကားလုံးကို သုံးစွဲရာတွင် နယ်နိမိတ်တစ်ခုအတွင်း မူလစတင် နေထိုင်ခဲ့သူများကို ရည်ညွှန်းသည်။ |
| Individual rights<br>လူတစ်ဦးချင်း၏ အခွင့်အရေးများ | The rights of individuals, in contrast to group rights or collective rights. | အဖွဲ့အစည်း၊ အုပ်စုလိုက်ရပိုင်ခွင့်များနှင့်ခြားနားသော လူတစ်ဦး ချင်း၏ အခွင့်အရေး၊ ရပိုင်ခွင့်များ။ |

| | | |
|---|---|---|
| Institution<br>အဖွဲ့အစည်း/ကျင့်ထုံး | There are formal as well as informal institutions. Formal institutions can be described as particular organizations established for social, educational, religious or governmental purposes, etc. Informal institutions are well-established and structured patterns of behaviour or of relationships that are accepted as a fundamental part of a culture, as marriage: the institution of the family. | စနစ်တကျ(ပုံစံတကျ) ဖွဲ့စည်းထားသော အင်စတီကျူးရှင်းများ နှင့် စနစ်တကျ မဟုတ်သော အင်စတီကျူးရှင်းများရှိသည်။ စနစ်တကျ ဖွဲ့စည်းထားသော အင်စတီကျူးရှင်းများမှာ လူမှုရေး၊ ပညာရေး၊ ဘာသာရေးနှင့် အစိုးရလုပ်ငန်းဆိုင်ရာများအတွက် ဖြစ်နိုင်သည်။ စနစ်တကျဖွဲ့စည်းထားခြင်း မဟုတ်သော အင်စတီကျူးရှင်းများမှာ ဓလေ့ထုံးတမ်းများ၏ အခြေခံဖြစ်ပြီး ကောင်းစွာအခြေနိုင်ကာ ပုံစံတကျရှိသည့် အပြုအမူ၊ ဆက်ဆံရေးများရှိနိုင်သည်။ ဥပမာ တစ်ခုမှာ လက်ထပ်ထိမ်းမြားမှု (မိသားစုအင်စတီကျူးရှင်း) ဖြစ်သည်။ |
| Largest Remainder Method<br>အများဆုံးကြွင်းကျန် မဲပေါ်မူတည်၍ ကိုယ်စားလှယ်လောင်း ခွဲဝေပေးသော စနစ် | A principle for converting votes into seats in List PR systems. After parties and groupings have been allocated seats in an electoral district because they have received full quotas of votes, some seats will be unfilled, and some votes remain—for each party, less than a full quota. The remaining seats are then awarded to parties and groupings in order of the number of leftover votes they possess. The Largest Remainder Method tends to be more favourable to smaller parties than the alternative approach, the Highest Average Method. | List PR စနစ်တွင် မဲများကို လွှတ်တော်အတွင်းရှိကိုယ်စားလှယ် နေရာများအဖြစ် ပြောင်းသောနိယာမကိုဆိုလိုသည်။ ပါတီများနှင့် အုပ်စုများအား မဲဆန္ဒနယ်တစ်နယ်စီအတွက် အချိုးကျကိုယ်စားလှယ်အရေအတွက်ကို ခွဲဝေပေးပြီးနောက် ကျန်နေသော နေရာများကို ခွဲဝေရာတွင် ကိုတာမပြည့်သော်လည်း မဲအများဆုံးရသော ပါတီ များကို မဲအရေအတွက် အစဉ်အတိုင်းခွဲဝေပေးသော စနစ်ကို ဆိုလို သည်။ ယခုစနစ်သည် နှိုင်းယှဉ်စရာ အခြားစနစ်ဖြစ်သော အကြီးဆုံး ပျမ်းမျှနည်းထက်စာလျှင် ပါတီငယ်များအတွက် ပိုမိုအခွင့်အလမ်း သာစေသည်။ |

| | | |
|---|---|---|
| Legal framework (electoral)<br>ဥပဒေစည်းမျဉ်း (ရွေးကောက်ပွဲဆိုင်ရာ) | The structure of electoral processes consisting of constitutional rules, electoral laws, complementary electoral rules and regulations, and codes of conduct. | ဖွဲ့စည်းပုံ စည်းမျဉ်းများ၊ ရွေးကောက်ပွဲဥပဒေများ၊ အခြား ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်ဝတ်အခြေခံမှုများအပါအဝင် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏ ဖွဲ့စည်းပုံစနစ်ဖြစ်သည်။ |
| Legal system<br>ဥပဒေစနစ် | The system of courts and related tribunals that exists in a country. | နိုင်ငံတစ်ခုအတွင်းရှိသော တရားရုံးများနှင့် သက်ဆိုင်ရာခုံရုံးများ ပါဝင်သော စနစ်ကိုဆိုသည်။ |
| Legality<br>ဥပဒေနှင့်ညီခြင်း | The quality of being in accordance with and not in conflict with the laws of a country or with international law. | သက်ဆိုင်ရာနိုင်ငံသို့ နိုင်ငံတကာ ဥပဒေများနှင့် ကိုက်ညီခြင်းသို့ ပဋိပက္ခမဖြစ်ခြင်းကို ဆိုသည်။ |
| Legality check<br>ဥပဒေနှင့် ညီမညီ ဆန်းစစ်ခြင်း | The scrutiny by a public authority of the constitutionality and legality of a proposal. | အဆိုတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့ တရားဥပဒေများနှင့် ကိုက်ညီ ခြင်းရှိမရှိ ပြည်သူ့အာဏာပိုင်များက စစ်ဆေးခြင်း |
| Legislated gender quota<br>ပြဋ္ဌာန်းထားသော ကျားမခွဲတမ်း ကိုတာ | See legislated quota (p. 89). | ရှု : ပြဋ္ဌာန်းထားသောကိုတာ |

L

| | | |
|---|---|---|
| Legislated quota<br>ပြဋ္ဌာန်းထားသော ကိုတာ | A quota mandated in the Constitution or determined by electoral law as opposed to a voluntary party quota adopted and implemented by an individual political party. | ဖွဲ့စည်းပုံတွင်ဖြစ်စေ၊ ရွေးကောက်ပွဲဥပဒေများတွင်ဖြစ်စေ အတိအကျသတ် မှတ်ပြဋ္ဌာန်းထားသော ကိုတာစနစ်ဖြစ်သည်။ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ၎င်းတို့သဘောဆန္ဒအလျောက် သတ်မှတ်ကျင့်သုံးသော ကိုတာ စနစ်နှင့်ယှဉ်ပြီး ကြည့်နိုင်သည်။ |
| Legislation<br>ဥပဒေပြုခြင်း | The process of making enacted law; the body of enacted laws (note: an individual law is not 'a legislation' but a 'piece of legislation' or 'a statute'). | ဥပဒေများအတည်ဖြစ်စေခြင်း သို့ အတည်ဖြစ်ပြီးသား ဥပဒေအများ (ဥပဒေတစ်ခုချင်းစီကိုရည်ရွယ်ခြင်းမဟုတ်ကြောင်း သိနိုင်သည်) |
| Legislative amendment (electoral)<br>ဥပဒေပြင်ဆင်ချက် | An alteration of the electoral law of a country brought about in accordance with a formal procedure. | ဥပဒေပါနည်းလမ်းများဖြင့် နိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင် ပြောင်းလဲသည့်ဖြစ်စဉ် |
| Legislative assembly<br>ဥပဒေပြုလွှတ်တော် | A national body consisting of elected members empowered to make legislation. | ဥပဒေပြုရန် အာဏာအပ်နှင်းခံထားရသည့် ရွေးကောက်ခံ ကိုယ်စားလှယ်များအစုအဖွဲ့ |

L

| | | |
|---|---|---|
| Legislative framework<br>ဥပဒေပြုဘောင် | The parameters within which the legal provisions of a law relating to a particular issue are framed. | သက်ဆိုင်ရာ အကြောင်းအရာတစ်ခုအတွက် ဥပဒေတစ်ခု၏ ပြဌာန်းချက်များကိုရေးဆွဲတည်ဆောက်သည့်အညွှန်းမူဘောင်များ |
| Legislative oversight<br>ဥပဒေပြုခြင်းကို ကြီးကြပ်ခြင်း | Scrutiny of the programmes and performance of the executive branch by the legislature. | အုပ်ချုပ်ရေးအဖွဲ့၏ စီမံကိန်းများနှင့် စွမ်းဆောင်ရည်ကို ဥပဒေပြုရေးအဖွဲ့က စောင့်ကြပ်အကဲဖြတ်နေခြင်း |
| Legislative recall<br>အမတ်ရာထူး ရုတ်သိမ်းခြင်း | The procedure by which elected legislators can be recalled by their constituents. | မဲဆန္ဒရှင်များက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကို ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းနိုင်သော လုပ်ထုံးလုပ်နည်းများ |
| Legislative scheme<br>ဥပဒေပြုနည်းလမ်း | The particular design of the law in a specific area. | ဥပဒေရေးဆွဲပြဌာန်းရေးအတွက် တာဂန်ရှိသော ရွေးကောက်တင်မြှောက်ခံ အဖွဲ့အစည်း။ ပါလီမန်ဟုလည်း ခေါ်သည်။ |
| Legislature<br>ဥပဒေပြုအဖွဲ့ (လွှတ်တော်) | The elected organ of state responsible for lawmaking. Also known as parliament. | ဥပဒေပြုရေး ပြဋ္ဌာန်းရေးအတွက်တာဝန်ရှိသူ ရွေးကောက်တင်မြှောက်ခံအဖွဲ့အစည်း ။ ပါလီမန်ဟူ၍လည်းသိရှိနိုင်။ |

| | | |
|---|---|---|
| Legitimacy<br>တရားဝင်ဖြစ်ခြင်း | The state of quality of being accepted as legitimate, lawful or right. It can refer to a system being accepted as legitimate by the population, or have a narrow meaning of legal legitimacy as recognized by the courts. | တရားဂင်သော၊ ဥပဒေကြောင်းနှင့် ညီညွတ်သော၊ မှန်ကန်သော အခြေအနေ တစ်ရပ်အဖြစ်လက်ခံသတ်မှတ်နိုင်ခြင်း။ ပြည်သူလူထု တစ်ရပ်လုံးက တရားဂင်သည်ဟု သတ်မှတ်ခံထားရသော စနစ်ကို ရည်ညွှန်းနိုင်သလို၊ တရားရုံးများမှ တရားဂင်သည်ဟု သတ်မှတ် သောဥပဒေကြောင်းအရတရားဂင်မှုဟူသည့်ပိုမိုကျဉ်းမြောင်းသော အနက်ဖွင့်မှုကိုလည်း ညွှန်းဆိုနိုင်သည်။ |
| Legitimate government<br>တရားဝင်အစိုးရ | A government chosen through a legitimate electoral process in accordance with the law. | ဥပဒေနှင့်အညီ တရားဂင်ကျင်းပသော ရွေးကောက်ပွဲမှ ရွေးချယ် တင်မြှောက်ခြင်းခံရသော အစိုးရအဖွဲ့။ |
| Level playing field<br>အားလုံးတပြေးညီ ယှဉ်ပြိုင်နေခြင်း | A phrase used to indicate an environment in which political parties and candidates are able to compete in an election on a basis of equality. | တရားမျှတမှုအခြေခံပေါ်မှနေ၍ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ များ၊ ကိုယ်စားလှယ်လောင်းများ ဂင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံ နိုင်သော အခြေအနေကို ရည်ညွှန်းသည်။ |
| Liberal democracy<br>လစ်ဘရယ်ဒီမိုကရေစီ (သဘောထားကြီး ဒီမို ကရေစီ၊ လူနည်းစု ငဲ့ညှာ ဒီမိုကရေစီ) | A form of government. A representative democracy in which the ability of the elected representatives to exercise decision-making power is subject to the rule of law and usually moderated by a Constitution that emphasizes the protection of the rights and freedoms of individuals, and which places constraints on political leaders and on the extent to which the will of the majority can be exercised against the rights of minorities. | အစိုးရစနစ်တစ်မျိုး။ ရွေးကောက်ခံကိုယ်စားလှယ်များ၏ ဆုံးဖြတ် ချက်ချခွင့်အာဏာကို တရားဥပဒေစိုးမိုးမှုနှင့်ဖွဲ့စည်းပုံပါတသီးပုဂ္ဂလ များ၏ အခြေခံရပိုင်ခွင့်များကို ကာကွယ်သည့် ပြဋ္ဌာန်းချက်များ အားဖြင့် ထိန်းချုပ်၊ ကန့်သတ်ထားသော ကိုယ်စားပြုဒီမိုကရေစီ စနစ်တစ်မျိုးဖြစ်သည်။ ယင်းတွင် နိုင်ငံရေးခေါင်းဆောင်များ၏ လုပ်ပိုင်ခွင့်ကို ထိန်းချုပ်ထားသည့်အပြင် လူများစုဆန္ဒက လူနည်းစု ကို ဆန့်ကျင်ဆုံးဖြတ်နိုင်စွမ်းကို ပါထိန်းချုပ်ထားသည်။ |

L

| | | |
|---|---|---|
| Liberties/freedoms<br>လွတ်လပ်မှုများ၊<br>လွတ်လပ်ခွင့်များ | Liberty is a state of being free to enjoy various social, political or economical rights and privileges. The concept of liberty forms the core of all democratic principles. The meaning of liberty includes an individual's right to freedom from coercion and freedom to act. In the plural case, liberties incorporate fundamental freedoms guaranteed by the constitution. | လွတ်လပ်ခွင့်ဆိုသည်မှာ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားအထူးရပိုင်ခွင့်များကို လွတ်လပ်စွာခံစားနိုင်ခွင့်ရှိသော အခြေအနေကိုဆိုလိုသည်။ လွတ်လပ်ခွင့်အယူအဆသည် ဒီမိုကရေစီ၏ အခြေခံမူများအားလုံးအတွက် အနှစ်သာရအဖြစ် တည်ရှိနေသည်။ လွတ်လပ်ခွင့်၏ အဓိပ္ပါယ်ထဲတွင် ခြိမ်းခြောက်မှုမှ ကင်းလွတ်ခွင့်နှင့် လွတ်လပ်စွာဆုံးဖြတ်ဆောင်ရွက်နိုင်ခွင့်များ ပါဝင်သည်။ လွတ်လပ်ခွင့်များဆိုရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်က အာမခံကာကွယ်ပေးထားသောအခြေခံလွတ်လပ်ခွင့်များအားလုံးကို ရည်ညွှန်းသည်။ |
| List Proportional Representation<br>စာရင်းပြအချိုးနှင့်<br>ကိုယ်စားပြုသောစနစ် | A system in which each participant party or grouping presents a list of candidates for an electoral district, voters vote for a party, and parties receive seats in proportion to their overall share of the vote. Winning candidates are taken from the lists. See Closed List (p. 24), Open List (p. 106) and Free List (p. 73). | ရွေးကောက်ပွဲဝင်ပါတီ သို့ အုပ်စုက သက်ဆိုင်ရာ မဲဆန္ဒနယ်တစ်ခုအတွက် ကိုယ်စားလှယ်လောင်းစာရင်းကို သတ်မှတ်ပေးထားပြီး မဲဆန္ဒရှင်များကပါတီများကို မဲပေးရွေးချယ်ရသည်။ ပါတီကရရှိသော စုစုပေါင်းဆန္ဒမဲအတိုင်း လွှတ်တော်တွင် အချိုးကျကိုယ်စားလှယ်နေရာ ရရှိသည်။ ပါတီ၏ကိုယ်စားလှယ်နေရာများကို အဆိုပါစာရင်းမှရယူခြင်းဖြစ်သည်။ Closed List နှင့် Open List, Free List စသည်တို့ဖြင့် ယှဉ်ကြည့်ပါ။ |
| List system<br>စာရင်းစနစ် | A system of proportional representation under which a voter chooses between party lists, each of which contain as many names as there are representatives to be chosen, and the number of candidates declared from each list is determined by the percentage of the total vote cast for each list. | မဲဆန္ဒရှင်များက ပါတီများ၏ ကိုယ်စားလှယ်လောင်းစာရင်းများကို နှိုင်းယှဉ်ပြီး ဆန္ဒမဲပေးသော စနစ်ဖြစ်သည်။ စာရင်းတစ်ခုတွင် ကိုယ်စားလှယ်လောင်း နေရာအားလုံးအတွက် ကိုယ်စားလှယ်များကို ထည့်သွင်းပေးထားသည်။ စာရင်းတစ်ခုအတွက် ရရှိသော မဲအရေအတွက်ပေါ်မူတည်ပြီး အရွေးခံကိုယ် စားလှယ်အရေအတွက်ကို ကြေငြာသည်။ |

| | | |
|---|---|---|
| Local democracy<br>ဒေသန္တရဒီမိုကရေစီ | The election of representatives who operate at a local level, such as local councillors, rather than at a national level, such as members of a national parliament. | ဒေသဆိုင်ရာအဆင့်အတွက် ဆောင်ရွက်မည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်သော ရွေးကောက်ပွဲကို(ဥပမာ- ဒေသဆိုင်ရာ ကောင်စီဝင်) ဆိုလိုသည်။ နိုင်ငံတော်အဆင့်ကိုယ်စားပြုသော ရွေးကောက်ပွဲမဟုတ်ပေ။ |
| Local government<br>ဒေသန္တရအစိုးရ | Government of a village, city, county, parish, township, municipality, borough, board, district, or other general purpose political subdivision of a state at the local level. | နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးနည်းလမ်းအရ သတ်မှတ်ထားသော ဒေသဆိုင်ရာ အဆင့်အစိုးရများကို ဆိုလိုသည်။ ကျေးရွာ၊ မြို့၊ ကောင်စီ၊ ပါရှာရှ်၊ မြို့နယ်၊ မြူနီစပယ်အပိုင်၊ ဘော်ရိုး၊ ဘုတ်၊ ခရိုင် သို့ အခြားအလားတူ ဒေသန္တရအုပ်ချုပ်ရေး အပိုင်းအခြားကို ရည်ညွှန်းသည်။ |
| Local self-government<br>ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး | Government of an area smaller than the territory of a federation or a constituent unit of a federation. This may be called a village, town, city, county, district or region. True self-government implies a democratically elected body representing the local inhabitants with sufficient autonomy and resources to pursue locally determined priorities. | ပြည်ထောင်စုနယ်မြေ (သို့မဟုတ်) ပြည်ထောင်စု၏ မဲဆန္ဒနယ်မြေ အဝန်းအဝိုင်းထက်သေးငယ်သောဒေသပိုင်အစိုးရ။ တစ်နည်းအားဖြင့် ကျေးရွာ၊မြို့ပြ၊ မြို့နယ်၊ ခရိုင်၊ ဒေသအစိုးရများဟုခေါ်ဆိုနိုင်သည်။ စစ်မှန်သော ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုသည်မှာ ဒေသခံများအားကိုယ်စားပြုရန် ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားသော အစုအဖွဲ့ဖြစ်ပြီး ဒေသတွင်းဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆောင်ရွက်ရန် လုံလောက်သောအင်အားများနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့်အနေအထားကိုဆိုလိုခြင်းဖြစ်သည်။ |
| Lower House<br>အောက်လွှတ်တော် | The first, and usually most important, chamber in a bicameral parliament. | လွှတ်တော်နှစ်ရပ်ရှိသော ပါလီမန်များတွင် ပထမဆုံးနှင့် အရေးကြီးဆုံးဖြစ်သော လွှတ်တော်ကိုခေါ် ဆိုခြင်းဖြစ်သည်။ |

| | | |
|---|---|---|
| Majoritarian<br>အများစုဖော်ဆောင်စနစ် | Designed to produce an absolute majority (50 per cent plus 1) of votes. | (၅၀ အပေါင်း ၁) အပြည့်အဝမဲအများဆုံးရရှိရန်ဖန်တီးထားသော အခြေအနေတစ်ရပ် |
| Majoritarianism<br>လူအများစုက အရာအားလုံးကို ဆုံးဖြတ်နိုင်သည့် အယူဝါဒ၊ "အများစုအမြဲမှန်ဝါဒ" | The view that a numerical majority (sometimes categorized by religion, language, or some other identifying factor) of the population is entitled to make decisions that affect the whole of society. The danger this poses to minorities of various types has been invoked to justify constraints on what a majority can do, especially through bills of fundamental rights, language protections, special decision rules on sensitive issues or through devolution of powers to constituent units in a federation. | "လူ့ဘောင်အဖွဲ့အစည်းတစ်ခု/တိုင်းပြည်တစ်ခု၏ ဘာသာရေးကို အခြေခံသော လူအများစု (သို့) ဘာသာစကားကို အခြေခံသော လူအများစု (သို့) အခြားဝိသေသအချက် အခြေခံသော လူအများစု တစ်စုသည် တိုင်းပြည်တစ်ခုလုံး/လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံး၏ ကံကြမ္မာကို ပြောင်းလဲစေသည့် ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ခံယူသော အယူဝါဒ။ ယင်းအယူဝါဒမှာ လူနည်းစုအမျိုးမျိုးကိုအန္တရာယ်ပြုနိုင်သည်ကို အကြောင်းပြု၍ လူအများစုဆောင်ရွက်နိုင်မည့်လုပ်ရပ်အချို့အပေါ် အဟန့်အတား အကန့်အသတ်များအတွက် ဆင်ခြေအကြောင်းပြချက်များ ပေးထားပါသည်။ အထူးသဖြင့် ပြည်သူတို့၏ အခြေခံအခွင့်အရေးဥပဒေ၊ ဘာသာစကားအကာအကွယ်ပေးမှုဥပဒေ၊ အရေးကြီးကိစ္စများအပေါ် အထူးဆုံးဖြတ်ချက်ချပုံချနည်း၊ သတ်မှတ်ချက်၊ ဖက်ဒရယ်စနစ်ဘောင်တွင် ပြည်နယ်/တိုင်းတို့ကို အာဏာခွဲဝေပေးမှု နည်းလမ်းတို့ဖြင့်လည်း "အများစုအမြဲမှန်ဝါဒ"ကို ထိန်းချုပ်ဟန့်တား ထားပါသည်။ |
| Majority<br>အများစုဖြစ်ခြင်း | Either 'more than half' or 'the largest number'; the number by which votes for one are more than those for another; 'a majority of 3'. | "တစ်ဝက်ထက်ပိုသော (သို့) အကြီးဆုံးအရေအတွက်ဖြစ်သော။ တစ်ဦးတစ်ယောက်အတွက် ပေးသောမဲအရေအတွက်မှာ အခြားတစ်ယောက်အတွက်ပေးသောမဲအရေအတွက်ထက်များနေခြင်း။ |

M

| | | |
|---|---|---|
| Majority community<br>လူများစု အသိုက်အဝန်း | A group constituting more than one half of the total population within a given territory. | ရှိနေသောနယ်ပယ်အတွင်း နေထိုင်သောလူဦးရေ၏ တစ်ဝက်ကျော်မျှ ပါဝင်သောအုပ်စု။ |
| Majority rule<br>အများစုဆန္ဒဖြင့် အုပ်ချုပ်သောစနစ် | Also known as simple majority rule. The candidate with the most votes wins. In the past contrasted with minority rule, especially in areas of Southern Africa where the majority of the population was denied electoral rights. | အများစုရသူမှ အုပ်ချုပ်ရခြင်းဟု လွယ်လွယ်ကူကူ သိနိုင်ပါသည်။ မဲအများဆုံးရရှိသော ကိုယ်စားလှယ်လောင်း အနိုင်ရရှိခြင်းဖြစ်ပါသည်။ ယခင်ကတောင်အာဖရိကဒေသများတွင် လူဦးရေ၏အများဆုံးဖြစ်သောအုပ်စုများကမဲပေးပိုင်ခွင့်မရရှိဘဲလူနည်းစုမှအုပ်ချုပ်ခဲ့သည်။ ၎င်းနှင့်ဆန့်ကျင်ဘက်။ |
| Majority system<br>အများစုစနစ် | Plurality or majority systems are based on the principle that a candidate or party with a plurality of votes (i.e. more than any other) or a majority of votes (i.e. 50 per cent plus one, an absolute majority) is declared the winner. Such a system may use single-member districts, for example, the First Past The Post, Alternative Vote or the Two-Round System, or multi-member districts, for example, the Block Vote and Party Block Vote | မဲအများဆုံးရရှိသော ပါတီ(သို့မဟုတ်) အမတ်လောင်းသည် အနိုင်ရရှိသည်ဟူသောစည်းမျဉ်းပေါ်တွင် အခြေခံသည့်စနစ်။ ဥပမာ- မဲအများဆုံးရခြင်း (သို့) မဲအများစုရခြင်း (၅၀% အပေါင်း ၁) ။ ၎င်းစနစ်တွင် မဲဆန္ဒနယ်တစ်နယ် တစ်ယောက်ရွေး စနစ်ကျင့်သုံးပါလိမ့်မည်။ |

M

| | | |
|---|---|---|
| Majority, absolute<br>ထက်ဝက်ကျော်<br>အများစု | Complete majority–that is of more than half, not just the largest number of votes. | အကြွင်းမဲ့အများစုဖြစ်ခြင်း (မဲအရေအတွက် အများဆုံးရှိရုံ မဟုတ်ဘဲ မဲတစ်ဝက်ကျော်ရရန်လိုခြင်းဖြစ်သည်။) |
| Majority-rule systems<br>အများစုက<br>အုပ်ချုပ်သောစနစ်များ | Countries that use majority rule or plurality electoral systems. | ရွေးကောက်ပွဲစနစ်တွင် အများစုမှအုပ်ချုပ်သောစနစ် (သို့) အများမှအုပ်ချုပ်သောစနစ်အားကျင့်သုံးသောနိုင်ငံ။ |
| Malapportionment<br>မဲဆန္ဒရှင်ပြန့်နှံ့မှု<br>မညီမျှခြင်း | The uneven distribution of voters between electoral districts or constituencies. | ရွေးကောက်တင်မြှောက်သော မဲဆန္ဒနယ်(သို့) အရပ်ဒေသများကြားမဲဆန္ဒရှင် ပျံ့နှံ့မှုမညီမျှခြင်း။ |
| Marginal constituencies<br>အရှုံးအနိုင်ကွာဟမှု<br>နည်းသော<br>မဲဆန္ဒနယ်များ | Seats in which the gap between the two or more leading parties in terms of polling or past voting patterns is relatively small–often regarded as less than a 10 per cent margin, that is, requiring a swing of 5 per cent or less–and the result is highly dependent on prevailing political conditions. See swing constituency. | နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ပါတီကြီးများ၏ ကိုယ်စားလှယ်နေရာရရှိမှုသည် စစ်တမ်းကောက်ယူမှုအရဖြစ်စေ၊ ယခင်ရွေးကောက်ပွဲများ၏ မဲပေးမှုပုံစံအရဖြစ်စေ ကွာဟမှုအလွန်နည်းသော အခြေအနေမျိုးကို ဆိုလိုသည်။ ကွာဟချက် ၁၀ ရာခိုင်နှုန်းအောက်နည်းသောကြောင့် အဆုံးအဖြတ်ပေးနိုင်သော ပမာဏမှာ ၅% သို့ ၅%အောက်နည်းပြီး လတ်တလောနိုင်ငံရေးဖြစ်စဉ်များက ရလာဒ်ကို အဆုံးအဖြတ်ပေးခြင်းဖြစ်လေ့ရှိသည်။ Swing Constituency တွင်ကြည့်ပါ။ |

M

| | | |
|---|---|---|
| Marginalized groups<br>ဘေးဖယ်ခံအုပ်စုများ | Groups within society and a state that have been traditionally excluded from meaningful participation in society and deprived of opportunities for realization of their potential. | လူ့အဖွဲ့အစည်းအတွင်း လေးလေးနက်နက်ပါဝင်ဆောင်ရွက်ခွင့်မရှိဘဲ ၎င်းတို့၏စွမ်းဆောင်မှုများအား အသိအမှတ်ပြုနားလည်နိုင်မည့်အခွင့်အလမ်းများ ဖယ်ထုတ်ခံထားရသည့် နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှ အုပ်စုများ။ |
| Minority community<br>လူနည်းစု အသိုက်အဝန်း | A sub-group within a larger population, which may live on a given territory, which does not form either a majority or a plurality. Definitions of a minority group sometimes refer to a group that is disadvantaged in relation to a dominant group in terms of its social status, education, employment, health and political power, whatever its numerical size. | သတ်မှတ်ထားသော နယ်မြေတစ်ခုတွင် အများစုမဟုတ်ဘဲ များပြားလှသောလူဦးရေထဲမှ အုပ်စုခွဲလေးတစ်ခုသာဖြစ်သည်။ လူနည်းစုအား အဓိပ္ပါယ်ဖွင့်ရာတွင် ကိန်းဂဏန်းအရ အရွယ်အစားပမာဏနိုင်းယှဉ်သည်ထက် တစ်ခါတစ်ရံလွှမ်းမိုးသောအုပ်စုတစ်စု၏ လူမှုရေးအခြေအနေ၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေးနှင့် နိုင်ငံရေးအာဏာစသည်တို့ဖြင့်နှိုင်းယှဉ်ဖွဲ့ဆိုလေ့ရှိသည်။ |
| Minority rights<br>လူနည်းစု အခွင့်အရေး | The individual rights applied to members of racial, ethnic, class, religious, linguistic or sexual minorities; the collective rights accorded to minority groups. | လူမျိုးအရ၊ အဆင့်အတန်းအရ၊ဘာသာရေးအရ၊ ဘာသာစကားအရ သို့မဟုတ် လိင်မှုအရ အနည်းစုဖြစ်နေ သောအဖွဲ့များတွင် ပါဝင်သော တစ်ဦးတစ်ယောက်ချင်း၏ရပိုင်ခွင့်၊ အနည်းစုအဖွဲ့များကိုပေးအပ်ထားသော အခွင့်အရေးအစုအဝေးများအား ရည်ညွှန်းသည်။ |
| Mixed electoral system<br>ရောစပ်ရွေးကောက်ပွဲစနစ် | A combined electoral system of First Past The Post and the proportional list system. | အချိုးကျကိုယ်စားပြုစနစ်နှင့် နိုင်သူအကုန်ယူစနစ် ပေါင်းစပ်ထားသောအရောစနစ်။ |

M

| | | |
|---|---|---|
| Mixed Member Proportional (MMP) electoral system<br>ရောစပ်အချိုးကျ ရွေးကောက်ပွဲစနစ် | A mixed electoral system in which all the voters use the first electoral system, usually a plurality/ majority system, to elect some of the representatives to an elected body. The remaining seats are then allocated to parties and groupings using the second electoral system, normally List PR, to compensate for disproportionality in their representation in the results from the first electoral system. | အရောရွေးကောက်ပွဲစနစ်တွင် မဲဆန္ဒရှင်အားလုံးက ရွေးကောက်တင်မြှောက်ခံအစုအဖွဲ့အတွက် ကိုယ်စားလှယ်လောင်းများရွေးချယ်ရန် ပထမရွေးကောက်ပွဲစနစ် (အများစု/အများဆုံးရလျှင်အနိုင်ရသောစနစ်) အားအသုံးပြုကြသည်။ ပထမရွေးကောက်ပွဲစနစ်မှ ရလဒ်များအရ ကိုယ်စားပြုမှုတွင် ဖြစ်ပေါ်လာသောမညီမျှမှုများ အားဖြေလျှော့နိုင်ရန် ကျန်ရှိနေသောနေရာများတွင် စာရင်းပြုအချိုးကျရွေးကောက်ခြင်းစသော ဒုတိယရွေး ကောက်ပွဲစနစ်သုံး၍ ပါတီများသော်လည်းကောင်း အစုအဖွဲ့များကိုသော်လည်းကောင်း ရွေးချယ်သည်။ |
| Mixed system<br>အရောစနစ် | A system in which the choices expressed by voters are used to elect representatives through two different systems, one proportional representation system and one plurality/majority system. There are two types of mixed system: parallel systems and 'Mixed Member Proportional electoral system' (p. 98). | ကိုယ်စားလှယ်လောင်းများဆန္ဒပြုရာတွင် မဲဆန္ဒရှင်များမှ စနစ်နှစ်မျိုးဖြင့်ရွေးချယ်မဲပေးနိုင်သောစနစ်အား အရောစနစ်ဟုရည်ညွှန်းပါသည်။ ကွဲပြားသောစနစ်နှစ်မျိုးမှာ အချိုးကျ ကိုယ်စားပြုစနစ် နှင့် မဲအများစုရသူနိုင်သောစနစ်ဖြစ်ပါသည်။ အရောစနစ်နှစ်မျိုးရှိပါသည်။ ၎င်းမှာ အပြိုင်စနစ်နှင့် နှစ်ဆင့်ထပ်မဲပေး ရွေးချယ်ရသောစနစ်ဖြစ်ပါသည်။ |
| Mobile voting<br>ရွေ့လျားမဲရုံဖြင့် မဲပေးခြင်း | A polling station that operates at various designated locations during polling day. | မဲပေးရမည့်နေ့တွင် အမျိုးမျိုးသော ဖန်တီးထားသည့် နေရာအနှံ့ပြားတွင် ဆောင်ရွက်နိုင်သော မဲရုံ။ |

| | | |
|---|---|---|
| Mock election<br>အစမ်းရွေးကောက်ပွဲ | Elections held with the primary aim of educating a section of the population, often young people, and providing experience of the electoral process. | ပြည်သူလူထုအား ကဏ္ဍခွဲခြား၍ အထူးသဖြင့် လူငယ်များအား ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အတွေ့အကြုံရစေရန် ပညာပေးရေးရည်ရွယ်ချက်ဖြင့်ကျင်းပသောရွေးကောက်ပွဲများ။ |
| Monitor<br>စောင့်ကြည့်<br>ထိန်းကြောင်းသည် | To observe and check over a period of time. | အချိန်ကာလတစ်ခုတွင်စောင့်ကြည့်လေ့လာသည်။ |
| Monitoring<br>စောင့်ကြည့်<br>ထိန်းကြောင်းမှု | Observing and checking over a period of time. | အချိန်ကာလတစ်ခုအတွင်း စောင့်ကြည့်လေ့လာခြင်း။ |
| Monitoring and evaluation<br>စောင့်ကြည့်<br>ထိန်းကြောင်းမှုနှင့်<br>အကဲဖြတ်ခြင်း | Observing and checking over a period of time and forming an idea of the value or quality. | အချိန်ကာလတစ်ခုအတွင်း စောင့်ကြည့်လေ့လာပြီး တန်ဖိုးနှင့် အရည်အသွေးအား ဖော်ထုတ်ခြင်း။ |
| Multiculturalism<br>ဗဟုယဉ်ကျေးမှု/<br>ယဉ်ကျေးမှုစုံ | The practice of acknowledging and respecting the equality of various cultures, religions, races and ethnicities within a country or a territory. | နယ်မြေပိုင်နက်တစ်ခုအတွင်း(သို့) နိုင်ငံတစ်ခုအတွင်းရှိသော အမျိုးမျိုးသောယဉ်ကျေးမှုများ၊ဘာသာရေးများ၊လူမျိုးစုများနှင့်တိုင်းရင်းသားများ၏ ညီမျှမှုကိုအလေးထား အသိအမှတ်ပြုလက်ခံကျင့်သုံးမှု။ |

M

| | | |
|---|---|---|
| Multiethnic<br>လူမျိုးစုံ | Country or society characterized by having many ethnic groups. | တိုင်းရင်းသားလူမျိုးစုများစွာဖြင့် ထူးခြားသောသွင်ပြင်လက္ခဏာ ရှိသောလူ့အဖွဲ့အစည်း (သို့) နိုင်ငံ။ |
| Multilingual<br>ဘာသာစကားစုံ | Country or society speaking or using many languages. | ဘာသာစကားများစွာ သုံးစွဲပြောဆိုသောလူ့အဖွဲ့အစည်း (သို့) နိုင်ငံ။ |
| Multi-member district<br>တစ်ဦးထက်ပိုသော အမတ်များရွေးချယ်ခွင့် ရှိသောမဲဆန္ဒနယ် | An electoral district from which more than one representative is elected to a legislature or elected body. See also 'single-member district' (p. 137). | လွှတ်တော်(သို့)ရွေးကောက်ခံအမတ်များအဖွဲ့သို့ရောက်ရှိအောင် ကိုယ်စားလှယ်လောင်းရွေးချယ်ရာတွင် မဲဆန္ဒနယ်တစ်နယ်မှ တစ်ယောက်ထက်ပို၍ရွေးချယ်နိုင်သော အခြေအနေ။ |
| Multinational state<br>လူမျိုးစုံသောနိုင်ငံ | A state which incorporates more than one nation. Some federations are composed of a single nation but others are multinational. A nation-state is a state composed of one nation. | တစ်မျိုးသားထက်ပိုသော အမျိုးသားများစုစည်းပေါင်းစပ်ထားရာ နိုင်ငံတော်။ အချို့သောပြည်ထောင်စုများမှာ တစ်မျိုးသားတည်းဖြင့်ဖွဲ့စည်းထားသော်လည်း အခြားမှာ တစ်မျိုးသားထက်ပို၍ စုစည်းပေါင်းစပ်ထားသော နိုင်ငံတော်များဖြစ်ကြသည်။ တစ်မျိုးသားတည်းဖြင့်ဖွဲ့စည်းထားသောနိုင်ငံတော်အား nation state ဟုခေါ်သည်။ |
| Multiparty<br>ပါတီစုံ | Political system or state having more than one party. | ပါတီတစ်ခုထက်ပို၍ တည်ရှိသောနိုင်ငံ (သို့) တည်ရှိခွင့်ပြုသော နိုင်ငံရေးစနစ်။ |

M

| | | |
|---|---|---|
| Multiparty competition<br>ပါတီစုံယှဉ်ပြိုင်ခြင်း | See multiparty system (p. 101). | ပါတီစုံယှဉ်ပြိုင်ခြင်း။ |
| Multiparty democracy<br>ပါတီစုံဒီမိုကရေစီ | See multiparty system (p. 101). | ပါတီစုံ ဒီမိုကရေစီ။ ရှု: ပါတီတစ်ခုထက်ပို၍ တည်ရှိသောနိုင်ငံ (သို့) တည်ရှိခွင့်ပြုသောနိုင်ငံရေးစနစ်။ |
| Multiparty election<br>ပါတီစုံရွေးကောက်ပွဲ | See multiparty system (p. 101). | ပါတီစုံရွေးကောက်ပွဲ။ ရှု : ပါတီတစ်ခုထက်ပို၍ တည်ရှိသောနိုင်ငံ (သို့) တည်ရှိခွင့်ပြုသောနိုင်ငံရေးစနစ်။ |
| Multiparty politics<br>ပါတီစုံနိုင်ငံရေး | See multiparty system (p. 101). | ပါတီစုံနိုင်ငံရေး |
| Multiparty system<br>ပါတီစုံစနစ် | A political system in which a variety of political parties with different viewpoints and platforms compete for political power. | နိုင်ငံရေးအာဏာရရှိရန်အတွက် ရှုထောင့်အမျိုးမျိုး၊ ကတိကဝတ် အမျိုးမျိုးတို့ဖြင့် ပါတီမျိုးစုံတို့မှ ယှဉ်ပြိုင်သောနိုင်ငံရေးစနစ်။ |

| | | |
|---|---|---|
| Multiple-tier system<br>အလွှာစုံစနစ် | An electoral system in which two or more sets of representatives are elected to the same chamber by the entire electorate of a country. The multiple tiers may be electoral districts defined at different levels within a country, for example, single-member districts and regions, or regions and the country as a whole. Systems in which two distinct sets of representatives are elected from the same level are also multiple-tier systems. All mixed systems are multiple-tier systems. | နိုင်ငံတစ်နိုင်ငံ၏ မဲဆန္ဒရှင်ရွေးချယ်သူတစ်စုလုံးမှ လွှတ်တော်တစ်ရပ်တည်းသို့ စေလွှတ်ရန် နှစ်ယောက်တွဲ (သို့) နှစ်ယောက်ထက်ပိုသော အတွဲများအား ရွေးချယ်သည့်စနစ်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ အလွှာအဆင့်အသီးသီးအတွက် သတ်မှတ်ထားသော မဲဆန္ဒနယ်မြေများလည်းဖြစ်နိုင်သည်။ ဥပမာ- ခရိုင်မဲဆန္ဒနယ်နှင့်တိုင်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ်များ (သို့မဟုတ်) တိုင်းမဲဆန္ဒနယ်နှင့် နိုင်ငံအဝှမ်းလုံးမှ ကိုယ်စားလှယ်များ။ အလွှာအဆင့်တစ်ခုတည်းမှ ထူးခြားသည့် ကိုယ်စားလှယ် အတွဲနှစ်ခုအား ရွေးချယ်သည့်စနစ်သည်လည်း အလွှာအဆင့်ဆင့်ရွေးချယ်သည့်စနစ်ဖြစ်သည်။ အရောစနစ်များအားလုံးသည် အလွှာအဆင့်ဆင့်ရွေးချယ်သောစနစ်များဖြစ်သည်။ |
| Nation<br>နိုင်ငံ | A community of people who share a common identity and who decide or want to decide about their destiny through concerted political action. Such action is directed at gaining, preserving, or strengthening statehood. 'Nation' may also be understood in its ethnic sense when the term refers to a form of self-defined cultural and social community which shares a common history, language, distinctive lifestyle and a homeland. | မည်သည့်ရည်မှန်းရာ ပန်းတိုင်သို့သွားမည်ကို ညှိနှိုင်းတိုင်ပင် နိုင်ငံရေးဟန်ချက်ညီအသွင်ဖြင့် ဆောင်ရွက်သော(သို့) ယင်းသို့ ဆောင်ရွက်လိုသည့်ဆန္ဒရှိသော နောက်ခံသမိုင်းတူ လူ့အသိုင်းအဝိုင်းတစ်ခု။ ယင်းသို့ဟန်ချက်ညီ နိုင်ငံရေးဆောင်ရွက်ချက်သည် နိုင်ငံတစ်ရပ်အသွင်ပီပြင်လာစေခြင်း၊ ထိုအသွင်တည်မြဲစေခြင်းနှင့် ပိုမိုအားကောင်းခိုင်မာလာစေခြင်းများဆီသို့ ဦးတည်စေပါသည်။ "Nation" " လူမျိုး" ဆိုသည်ကိုတူညီသော သမိုင်းကြောင်း၊ ဘာသာစကားနှင့် တမူထူးသောလူနေမှုပုံစံတို့အပေါ် မူတည်၍ မိမိတို့ကိုယ်တိုင်ခွဲခြား သတ်မှတ်ထားသော လူ့အသိုင်းအဝိုင်းတစ်ရပ်ကို ညွှန်းဆိုရာတွင်လည်း လူမျိုးစုနွယ်ကိုဆိုလိုသော ဝေါဟာရအနေဖြင့်လည်းသုံးစွဲသည်။ |

| | | |
|---|---|---|
| National ownership<br>အစိုးရ၏<br>ဆုံးဖြတ်လုပ်ပိုင်ခွင့် | The effective exercise of a government's authority over development policies and activities, including those that rely–entirely or partially–on external resources. For governments, this means articulating the national development agenda and establishing authoritative policies and strategies. | ပြင်ပအရင်းအမြစ်များပေါ်တွင် အပြည့်အဝ (သို့) တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း အားပြုလျက် ဖွံ့ဖြိုးရေးမူဝါဒများနှင့် ဆောင်ရွက်ချက်များအတွက် အစိုးရအနေဖြင့် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ထိရောက်စွာသုံးစွဲမှု။ ဆိုလိုသည်မှာ အစိုးရများသည် မဟာဗျူဟာများနှင့်မူဝါဒများကို ထုတ်ဖော်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေး အစီအစဉ်များရှင်းလင်းစွာရှိထားရမည်ဖြစ်သည်။ |
| Nationality<br>နိုင်ငံသား | Membership in the community of a particular nation. In nation-states, nationality and citizenship are sometimes used interchangeably and the term depicts the relationship between a person and their state of origin, culture, association, affiliation, and/or loyalty. When used differently, nationality is an ethnic marker of identification while citizenship affords the state jurisdiction over the person, and affords the person the protection of the State. | လူတစ်ဦးတစ်ယောက်နှင့် ၎င်း၏ဇစ်မြစ်နိုင်ငံ၊ ယဉ်ကျေးမှု၊ နှီးနွယ်ပတ်သက်မှု (သို့)သစ္စာခံမှု စသည့် နှီးနွယ်သက်ဆိုင်မှု များအပေါ်တွင်မူတည်၍ လူမျိုးအဖြစ်ရပ်တည်ရမှု (နှင့်) နိုင်ငံသားဖြစ်မှုဆိုသည်ကို အလျင်းသင့်သလို နိုင်ငံများအနေဖြင့် သုံးစွဲကြသည်။ ယင်းသို့သုံးစွဲရာတွင် လူမျိုးအဖြစ်ရပ်တည်မှုသည် လူမျိုးစုတစ်စု၏ သရုပ်လက္ခဏာဖော်ပြချက်အမှတ်အသားဖြစ်ပြီး၊ နိုင်ငံသားဖြစ်လျှင် ထိုလူတစ်ဦးတစ်ယောက်သည် နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို ရနိုင်သကဲ့သို့ နိုင်ငံတော်မှ တရားစီရင်ဆုံးဖြတ်မှုအားလည်း ခံယူလိုက်နာရမည် ဖြစ်သည်။ |
| Nationhood<br>နိုင်ငံတစ်ခုဖြစ်ခြင်း | The quality of being a nation; sometimes also the fact of achieving national independence or autonomy. | နိုင်ငံတော်တစ်ခု၏ အရည်အသွေးနှင့်ပြည့်စုံခြင်း။ အမျိုးသားလွတ်လပ်ရေး (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိခြင်းကြောင့်လည်း ဖြစ်ပေါ်လာတတ်သည်။ |

N

| | | |
|---|---|---|
| Native community<br>ပင်ရင်းလူမျိုးစု<br>အသိုက်အဝန်း | The original inhabitants in a specified territory of a state who are bonded by common language, culture and tradition. | သတ်မှတ်ထားသော နယ်မြေ (သို့) နိုင်ငံတော်တစ်ခုတွင် တူညီသောဘာသာစကား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များနှင့်ပေါင်းစည်းထားသည့် မူလအစမှနေထိုင်သူ အရပ်သားများ။ |
| Natural resources<br>သဘာဝ<br>သယံဇာတများ | Resources supplied by nature. These are commonly sub-divided into nonrenewable resources, such as minerals and fossil fuels, and renewable (when properly managed) natural resources, including water, wind, fisheries, and agricultural land. | သဘာဝက ပေးအပ်ထားသော အရင်းအမြစ်များ။ များသောအားဖြင့် သတ္တုနှင့်ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများကဲ့သို့သော အစားထိုးမရသောအရင်းအမြစ်များနှင့် ရေ၊လေ၊ရေထွက်ပစ္စည်းများနှင့် စိုက်ပျိုးရန်မြေကဲ့သို့သော ပြန်လည်အစားထိုးနိုင်သော (ကောင်းမွန်စွာစီမံခန့်ခွဲလျှင်) သဘာဝအရင်းအမြစ်များဟူ၍ ထပ်မံခွဲခြားထားပါသည်။ |
| Naturalized citizenship<br>နိုင်ငံသားပြုခွင့်ရပြီးသူ | A citizen originally from another nationality but made a citizen by a specified legal process which requires the person to make a choice/application and may well involve a discretion on the part of the authorities. | မူလက အခြားနိုင်ငံသားအဖြစ်မှ လိုအပ်သောရွေးချယ်မှု/ လျှောက်ထားမှုနှင့် အာဏာပိုင်များ၏ ဆုံးဖြတ်ပိုင်ခွင့် အာဏာပါဝင်နိုင်သည့် သတ်မှတ်ထားသောဥပဒေလုပ်ငန်းစဉ်များဖြင့် နိုင်ငံသားဖြစ် တည်ခွင့်ပြုခြင်းဖြစ်သည်။ |

| | | |
|---|---|---|
| Non-territorial federalism<br>နယ်မြေကို အခြေမပြုသော ပြည်ထောင်စုဝါဒ | Creates governing structure linked to ethno-linguistic communities, rather than the territories in a federation. It may apply when minorities are spread out in different parts of the territory of the same state, yet feel a common identity. In a non-territorial federation the persons belonging to a particular community regardless of their geographical place of residence form an entity of a federation and enjoy identity, autonomy and representation. In Belgium the linguistic communities are accorded such a status for certain powers, while territorial communities have other powers. Therefore, Belgium is regarded as having a certain degree of non-territorial federalism. This is an unusual arrangement. | ပြည်ထောင်စုပိုင်နက်နယ်မြေများဖြင့်ခွဲခြားခြင်းထက်တိုင်းရင်းသား ဘာသာစကားပြောသော အဝန်းအဝိုင်းနှင့်ဆက်စပ်၍ အစိုးရပုံစံ တစ်ရပ်ဖန်တီးခြင်းဖြစ်သည်။ နိုင်ငံတစ်ခု၏ နယ်မြေများတွင်း လူနည်းစုများ နေရာအနှံ့ဖြန့်ကျက်နေထိုင်သော အနေအထား တစ်ရပ်တွင် အသုံးပြုနိုင်သည်။ နယ်မြေအခြေမပြုသော ပြည်ထောင်စုများတွင် လူပုဂ္ဂိုလ်များသည် နေထိုင်ရာအရပ်ဒေသ နှင့်မသက်ဆိုင်ဘဲ ၎င်းတို့၏အမှတ်သညာ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့်ကိုယ်စားပြုမှုရှိသော အဝန်းအဝိုင်းတစ်ရပ်နှင့်ပို၍သက်ဆိုင်ပေ သည်။ ဘယ်လ်ဂျီယန်တွင် ဘာသာစကားအရ ဖွဲ့စည်းထားသော အဝန်းအဝိုင်းများတွင် တစ်ချို့သောအာဏာများပေးအပ်ထားသည့် အခြေအနေတစ်ရပ်ရှိပြီး နယ်မြေအရဖွဲ့စည်းထားသောအဝန်းအ ဝိုင်းများတွင် အခြားသောအာဏာများရှိပါသည်။ ထို့ကြောင့် ဘယ်လ်ဂျီယံသည် ထူးခြားသောစီမံဖန်တီးမှုသာဖြစ်ပြီး အနေ အထားတစ်ခုထိ နယ်မြေအခြေမပြုသော ပြည်ထောင်စုဟု ခေါ်ဆို နိုင်ပါသည်။ |
| Observers<br>လေ့လာ အကဲခတ်သူများ | Representatives of international or local organizations, associations, governments and professional bodies who are authorized and accredited to observe the preparation for or conduct of an election with a view to assisting in ensuring that the integrity of the electoral process is respected. | ရွေးကောက်ပွဲဖြစ်စဉ်ကြီး ဖြောင့်မတ်မှန်ကန်စွာဖြစ်ပေါ်စေရေးအ တွက် ရွေးကောက်ပွဲပြင်ဆင်မှု (သို့) ဆောင်ရွက်မှုအား စောင့် ကြည့်လေ့လာရန် အသိအမှတ်ပြု ခွင့်ပြုမှုရရှိထားသော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ အစိုးရနှင့်ပညာရှင် အစု အဖွဲ့တို့မှ ကိုယ်စားလှယ်များဖြစ်သည်။ |

N/O

| | | |
|---|---|---|
| Official mark<br>ရုံးတံဆိပ် | A mark provided to a presiding officer to stamp a ballot paper before giving it to the voter. | မဲဆန္ဒရှင်များအား မပေးအပ်မီ မဲပြားပေါ်တွင်ရိုက်နှိပ်ရန် ကြီးကြပ်သူအရာရှိအားပေးအပ်ထားသည့် အမှတ်အသား။ |
| Official results<br>တရားဝင်ရလဒ်များ | Results published by the appropriate electoral official containing all the information required by law. | ဥပဒေအရလိုအပ်သော သတင်းအချက်အလက်များအားလုံးအပါအဝင် သင့်တော်သောရွေးကောက်ပွဲဆိုင်ရာ အရာရှိများမှ ထုတ်ဝေသောရလဒ်များ။ |
| One Person One Vote One Value (OPOVOV)<br>လူတစ်ဦး မဲတပြား တန်ဖိုးတစ်ခု | A principle of representation in which each elected representative represents the same number of electors, and under which malapportionment is minimized. | မညီမမျှကိုယ်စားပြုမှုအားလျှော့ချရန် ရွေးကောက်ခံကိုယ်စားလှယ်တစ်ယောက်သည် တူညီသောမဲဆန္ဒရှင် အရေအတွက်အားကိုယ်စားပြုရမည်ဟု သတ်မှတ်ထားသည့်စည်းမျဉ်း။ |
| Open List<br>ကိုယ်စားလှယ် စာရင်းဖွင့်စနစ် | A form of List Proportional Representation in which voters can express a preference for a party or grouping and for one or, sometimes, more candidates in that party or grouping. See also 'Closed List' (p. 24) and 'Free List' (p. 73). | မဲဆန္ဒရှင်များက လိုလားသော ပါတီကိုလည်းကောင်း အစုအဖွဲ့ကိုသော်လည်းကောင်း တစ်ဦးတစ်ယောက်ချင်းအားလည်းကောင်း တစ်ခါတစ်ရံတွင်အဆိုပါ ပါတီ (သို့)အစုအဖွဲ့မှ ကိုယ်စားလှယ်လောင်းများအား လည်းကောင်း ဖော်ပြနိုင်သော စာရင်းပြုအချိုးကျကိုယ်စားပြုမှုစနစ်တစ်ခုဖြစ်သည်။ |
| Opinion poll<br>သဘောထားစစ်တမ်း | A survey asking for opinions on one or more issues from a selected sample of a population or electorate. During an election campaign, the key question is usually about which party a person will vote for. | သတ်မှတ်ထားသောလူဦးရေ သို့မဟုတ် ဆန္ဒပြုခွင့်ရှိသူ နမူနာအုပ်စု၏ကိစ္စရပ်တစ်ခု သို့မဟုတ် အများနှင့်ပတ်သက်သော သဘောထားများတောင်းခံသော စစ်တမ်းဖြစ်သည်။ မဲဆွယ်ကာလအတွင်း အဓိကထားမေးမြန်းသောမေးခွန်းမှာ မည်သည့်ပါတီကို မဲပေးရွေးချယ်မည်နည်းဆိုသည့် မေးခွန်းဖြစ်သည်။ Exit poll ကို ကြည့်ပါ။ |

| | | |
|---|---|---|
| Opposition<br>အတိုက်အခံ/<br>အတိုက်အခံပြုခြင်း | The members of the main house of the legislature who are not supporting the government and which seek to change the government within established procedures. | ထုတ်ပြန်ထားသောနည်းလမ်းများအရ အစိုးရအပြောင်းအလဲဖြစ်ရန် ကြိုးစားသော၊ အစိုးရအား (အနိုင်ရ၊အာဏာရအစိုးရ) မထောက်ခံသော လွှတ်တော်တွင်း အဓိကအင်အားစုများ၏ ဆန့်ကျင်သော ပြောဆိုချက်(သို့)လုပ်ဆောင်ချက်(ဖွဲ့စည်းပုံအရ)။ |
| Optional referendum<br>ဥပဒေကြောင်းအရ<br>တောင်းဆိုမှုကြောင့်<br>ကျင်းပရသော<br>ဆန္ဒခံယူပွဲ | A vote of the electorate called by a formal demand, which may emanate from the executive, from a number of members of the legislature, from a number of citizens or from some other defined agent. | ဥပဒေကြောင်းအရတရားဝင်တောင်းဆိုမှုကြောင့် ကျင်းပရသော မဲပေးမှုဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းကဖြစ်စေ၊ သတ်မှတ်ထားသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်က ဖြစ်စေ၊ သတ်မှတ်ထားသော နိုင်ငံသားဦးရေနှင့် အခြားသတ်မှတ်ချက်များအရ အကျုံးဝင်သော အုပ်စုများကို ထိုတောင်းဆိုမှုကို ပြုရသည်။ |
| Ordinal ballot<br>ကိန်းဂဏန်းဖြင့်<br>ပြသောမဲပေးနည်း | An ordinal ballot is one where a voter indicates preferences among various candidates or parties by numbering their respective names, in declining order (1, 2, 3), or by cumulating the votes on certain candidates. In an ordinal ballot a voter is able to alter his or her vote between the first and second round of an election. | အစီအစဉ်ပြမဲပြားဆိုသည်မှာ မဲဆန္ဒရှင်တစ်ဦးက အမတ်လောင်းများ (သို့) ပါတီများအား သက်ဆိုင်ရာနံမည်တွင် ၁၊၂၊၃ စသည်ဖြင့် လျှော့ပြီး နံပါတ်စဉ်တပ်ခြင်းဖြင့်သော်လည်းကောင်း အချို့သော အမတ်လောင်းများတွင် မဲများစုပုံပေး၍သော်လည်းကောင်း ၎င်း၏ လိုလားချက်ကိုဖော်ပြရန်ထားသောမဲပြားဖြစ်ပါသည်။ အစီအစဉ်ပြမဲပြားတွင် မဲဆန္ဒရှင်သည် ပထမအကြိမ်ရွေးကောက်ပွဲနှင့် ဒုတိယအကြိမ်ရွေးကောက်ပွဲအကြား ၎င်း၏မဲအားပြောင်းလဲနိုင်ပါသည်။ |

| | | |
|---|---|---|
| Parallel System<br>စနစ်နှစ်မျိုး အပြိုင်ကျင့်သုံးသောစနစ် | A mixed system in which the choices expressed by the voters are used to elect representatives through two different systems, usually one plurality/majority system and one proportional representation system, but where no account is taken of the seats allocated under the first system in calculating the results in the second system. See also 'Mixed-Member Proportional electoral system' (p. 98). | အရောစနစ်တွင် မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်လောင်း ရွေးချယ်ရာတွင် အများဆုံးရသူနိုင်စနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်စသည်မတူညီသော နည်းလမ်းနှစ်မျိုးဖြင့် ရွေးချယ်ဖော်ပြနိုင်ပါသည်။ သို့သော် ပထမစနစ်တွင် ထည့်သွင်းမထားသောနေရာများအတွက် အရေအတွက်များကိုဒုတိယစနစ်တွင်ပေါင်း၍ရေတွက်ခြင်းကို အပြိုင်စနစ်ဟုသိနိုင်ပါသည် ။ ရှု:ကိုယ်စားလှယ်လောင်းနှင့် ပါတီကိုမဲပေးရသောစနစ်။ |
| Paris Charter for a New Europe<br>ဥရောပအသစ်အတွက် ပါရီကြေညာစာတမ်း | Adopted in Paris on 21 November 1990 at a summit meeting of most European governments, Canada, the United States and the Soviet Union. Amended by the 1999 Charter for European Security. Formed the agreed basis for the Organisation for Security and Co-operation in Europe (OSCE), although not all OSCE member countries have signed the Charter. | ဥရောပအစိုးရများ ကနေဒါ၊ အမေရိကန်နှင့်ဆိုဗီယက်ယူနီယံတို့မှ ၁၉၉၀ နိုဝင်ဘာ ၂၁ ရက် ပဲရစ်မြို့တွင် ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေးမှ အတည်ပြုခဲ့သောကြေညာစာတမ်းဖြစ်ပါသည်။ ဥရောပလုံခြုံရေးပြန်တမ်းအား ၁၉၉၉တွင်ပြင်ဆင်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများအားလုံးလက်မှတ်မထိုးရသေးသော်လည်းOSCE အတွက်အခြေခံအချက်များ သဘောတူညီမှုရခဲ့ပါသည်။ |
| Paris Minimum Standards<br>ပါရီ အနည်းဆုံးစံနှုန်းများ | A set of minimum standards governing the declaration and administration of states of emergency that threaten the life of a nation, including 16 articles setting out the rights and freedoms to which individuals remain entitled even during states of emergency. | နိုင်ငံတစ်နိုင်ငံအား ခြိမ်းခြောက်နေသည့် အခြေအနေတစ်ရပ်ကို အရေးပေါ်အခြေအနေအဖြစ် ကြေညာ၍စီမံခန့်ခွဲ အုပ်ချုပ်နိုင်ရန် ပုဒ်မ ၁၆ အရ အရေးပေါ်အခြေအနေအတွင်းပင် ပေးထားမြဲဖြစ်သည့် တစ်ဦးချင်းစီ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့် အပါအဝင်ရှိရမည့် စံနှုန်းသတ်မှတ်ချက်။ |

P

| | | |
|---|---|---|
| Parliament<br>ပါလီမန် (ဝါ)<br>လွှတ်တော် | A legislature that formulates laws, adopts the budget and forms the government in a parliamentary system of governance. It also plays the role of making the executive of the government (cabinet) accountable and scrutinizes government policies and programs. | ဥပဒေပြုလွှတ်တော်တစ်ရပ်သည် ဥပဒေများသတ်မှတ်နိုင်၊ ရသုံးမှန်းခြေငွေစာရင်းများ အတည်ပြုနိုင် လွှတ်တော်ထုံးထမ်း အစဉ်အလာ အုပ်ချုပ်ပုံရှိသောအစိုးရဖွဲ့နိုင်ပါသည်။ အစိုးရ၏မူဝါဒများနှင့် အစီအစဉ်ညွှန်ကြားမှုများအား သေချာစေ့စပ်တာဝန်ယူ ဆောင်ရွက်ရသော အစိုးရအဖွဲ့ (ဝန်ကြီးအဖွဲ့)အခန်း ကဏ္ဍမျိုးလည်းရှိပါသည်။ |
| Parliamentary sovereignty<br>ပါလီမန်(ဝါ)လွှတ်တော်မှအချုပ်အခြာအာဏာ အပြည့်အဝ ရှိခြင်း | A constitutional concept in some parliamentary democracies where parliament has unlimited power to make laws. Its power extends to changing constitutional rules, judicial precedents, legislative acts and executive decisions. When parliamentary sovereignty prevails, the judiciary has no right to invalidate the acts passed by the parliament. It can only interpret the laws passed by the parliament. Instances of parliamentary sovereignty exist in the United Kingdom, Israel and New Zealand. | ပါလီမန်အား ဥပဒေပြုရာတွင် အကန့်အသတ်မရှိအာဏာ ပေးအပ်ထားသည့် ပါလီမန်ဒီမိုကရေစီကျင့်သုံးသော အခြေအနေအချို့တွင်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအယူအဆတစ်ခုဖြစ်သည်။ ၎င်းအာဏာသည် အခြေခံဥပဒေ စည်းမျဉ်းစည်းကမ်းများပြင်ဆင်ရေး၊ အုပ်ချုပ်ရေး၏ ဆုံးဖြတ်ချက်များ၊ ဥပဒေပြုရေးဆောင်ရွက်ချက်များထိ သက်ရောက်သည်။ ဥပဒေပြု အချုပ်အချာအာဏာ လွှမ်းမိုးသောအခါ ၎င်းမှထုတ်ပြန်လိုက်သော ဥပဒေများကို တရားစီရင်ရေးအာဏာမှမပျက်ပျားစေဘဲ ပြန်ဆိုကျင့်သုံးရသည်။ ဗြိတိန်၊ အစ္စရေးလ်နှင့် နယူးဇီလန်နိုင်ငံများတွင် ကျင့်သုံးသည်ကိုတွေ့ရသည်။ |

P

| | | |
|---|---|---|
| Parliamentary system<br>ပါလီမန်(ဝါ) လွှတ်တော်စနစ် | A system of government in which the ministers of the executive branch are drawn from the legislature and are accountable to parliament. There is no clear-cut separation of powers between the executive and legislative branches, in contrast to presidential systems, but a clear differentiation between the head of government and the head of state. Alternatively, a system of government in which the executive is composed of a select group of members of Parliament, called the cabinet, which is accountable to parliament. The executive is dependent on direct or indirect support of the legislative (often termed the parliament), frequently expressed through a vote of confidence. Also known as parliamentarism; examples include the United Kingdom and India. | အုပ်ချုပ်ရေးအဖွဲ့အစည်းဝင် ဝန်ကြီးများကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပြန်လည်ရွေးယူပြီး အစိုးရက ပါလီမန်ကို တာဝန်ခံ၊ အစီရင်ခံရသော ပုံစံဖြစ်သည်။ သမ္မတစနစ်မှာကဲ့သို့ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်အကြား တိကျရှင်းလင်းသော အာဏာခွဲဝေမှုများ မရှိတတ်ပေ။ သို့ရာတွင် နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲဟူ၍ သီးခြားခွဲခြားထား လေ့ရှိသည်။ အခြားအဓိပ္ပါယ် လွှတ်တော်မှ ရွေးချယ်ထားသောအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ဖြစ်သည်။ အစိုးရဝန်ကြီးအဖွဲ့ဟု ခေါ်ပြီး လွှတ်တော်အတွက်တာဝန်ရှိသူများဖြစ်သည်။ အစိုးရအဖွဲ့သည် လွှတ်တော်၏ တိုက်ရိုက်(သို့) သွယ်ဝိုက်ထောက်ခံမှုအပေါ် တည်မှီနေပြီး များသောအားဖြင့် အယုံအကြည်မရှိအဆိုတင်သွင်း၍ဖော်ပြခံရသည်။ ပါလီမန်..... ဥပမာ ဗြိတိန်၊ အိန္ဒိယ။ |
| Participatory democracy<br>အားလုံးပါဝင်သော ဒီမိုကရေစီ | Participatory democracy strives to create opportunities for all members of a political group to make meaningful contributions to decision making, and to broaden the range of people who have access to such opportunities. | ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သည့်ဖြစ်စဉ်တွင် ပြည့်ဝသော ပါဝင်မှုရစေရန် နိုင်ငံရေးအင်အားစုများ၏ အဖွဲ့ဝင်များအားလုံးအတွက် အခွင့်အလမ်းများဖန်တီးပေးပြီး ယင်းအခွင့်အလမ်းများ အားရရှိသူ ပမာဏများပြားလာအောင် ကြိုးစားအားထုတ်သော ဒီမိုကရေစီ။ |

P

| | | |
|---|---|---|
| Participatory process<br>လူတိုင်းပါဝင် ဆုံးဖြတ်နိုင်သော လုပ်ငန်းစဉ် | A participatory process or approach seeks to engage all stakeholders in guiding and shaping their own development. | မိမိတို့ဖွံ့ဖြိုးရေးအတွက် ပုံဖော်နေသော ညွှန်ပြနေသော သက်ဆိုင်ပါဝင်ပတ်သက်သူအားလုံးနှင့် စေ့စပ်ဆောင်ရွက်ရန် ကြိုးစားသော ဖြစ်စဉ် (သို့) နည်းလမ်း။ |
| Partisan<br>ဘက်လိုက်သော | Showing too much support for one person, group or cause. | လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့ (သို့) အကြောင်းအရာတစ်ခုအတွက် အလွန်အမင်းထောက်ခံမှုကို ပြသခြင်း။ |
| Partisan organization<br>ဘက်လိုက်သော အဖွဲ့အစည်း | An organization that has an obvious and predetermined viewpoint and agenda. | သိသာထင်ရှားသော အမြင်ရှုထောင့်တစ်ခုဖြင့် တင်ကြိုဆုံးဖြတ်ထားသောအစီအစဉ် တစ်ခုရှိသောအဖွဲ့အစည်း။ |
| Party agent<br>ပါတီဝန်ထမ်း | A political party agent works for a party at the constituency level, organizing and supporting the work of local party members and activists and promoting the party and its local representatives. Only the larger political parties employ full-time paid agents; an official of a political party who often acts as the representative of a candidate and may be present during voting and the count. Also known as proxy. | မဲဆန္ဒနယ်အဆင့် (မြို့နယ်အဆင့်) တွင် ပါတီအတွက် စည်းရုံးခြင်း၊ ပါတီအရေးဆောင်ရွက်နေသူ ဒေသခံပါတီအဖွဲ့ဝင်များ ဒေသကိုယ်စားလှယ်များ၏ အလုပ်များအား ကူညီထောက်ပံ့ခြင်းများ ပြုလုပ်သော နိုင်ငံရေးပါတီကိုယ်စားလှယ်။ ပါတီကြီးများသာလျှင် အချိန်ပြည့် လစာပေးသောကိုယ်စားလှယ်များခန့်အပ်ပြီး ပါတီ၏ တရားဝင်ဝန်ထမ်းသည် မဲပေးချိန်နှင့်ရေတွက်ချိန်တွင် ပါတီကိုယ်စားလှယ်အဖြစ် ရှိနေနိုင်ပါသည်။ ကိုယ်စားလှယ်လုပ်ကိုင်ခွင့်ဟုလည်းသိနိုင်ပါသည်။ |

P

| | | |
|---|---|---|
| Party Block Vote<br>မဲအများဆုံးရပါတီမှ<br>အနိုင်ရစနစ် | A plurality/majority system using multi-member districts in which voters cast a single party-centred vote for their party of choice but do not choose between candidates. The party with most votes will win every seat in the electoral district. | တစ်နယ်တွင် တစ်ယောက်ထက်ပိုရွေးသော ပုံစံအသုံးပြုသည့် အများဆုံးရသူအနိုင်စနစ်တွင် မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်လောင်းများကြား ရွေးချယ်ခြင်းမရှိဘဲ ပါတီကိုသာအဓိကထား ရွေးချယ်သည်။ အများဆုံးမဲရသောပါတီသည် ယင်းရွေးကောက်ခံနယ်ရှိ နေရာများအားလုံးအနိုင်ရရှိမည်။ |
| Peace process<br>ငြိမ်းချမ်းရေး<br>လုပ်ငန်းစဉ် | Ceasefire negotiation, conflict resolution, peace building and post-conflict reconstruction. | အပစ်အခတ် ရပ်စဲညှိနှိုင်းဆွေးနွေးရေး၊ ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်း ရေးတည်ဆောက်ရေးနှင့် ပဋိပက္ခလွန်ပြန်လည် တည်ဆောက်ရေး။ |
| Peace settlement<br>ငြိမ်းချမ်းရေး<br>သဘောတူညီချက်ရမှု | A treaty or ceasefire agreement. | "အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (တစ်နည်း) သဘောတူစာချုပ်။" |
| Peacebuilding<br>ငြိမ်းချမ်းရေး<br>တည်ဆောက်ခြင်း | Post-conflict interventions that go beyond crisis management to include longer-term development, building governance structures and institutions, structural transformation and a primary focus on institutional reform. | ပဋိပက္ခလွန် ဖြေရှင်းဆောင်ရွက်မှုတစ်ခုဖြစ်ပြီး အကျပ်အတည်းကာလစီမံခန့်ခွဲရေးထက်ကျော်လွန်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်မှုစနစ်နှင့် အင်စတီကျူးရှင်းများတည်ထောင်ရေး၊ ဖွဲ့စည်းပုံစနစ်များ အသွင်ပြောင်းရေးနှင့် အင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲရေးကို အဓိကအာရုံစိုက်ပြီးဆောင်ရွက်သော ဖြစ်စဉ်ဖြစ်သည်။ |

P

| | | |
|---|---|---|
| Peacekeeping operation<br>ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်း | A mechanism to assist conflict-ridden countries to create the conditions for sustainable peace, which may include monitoring and observing ceasefire agreements; serving confidence-building measures; protecting the delivery of humanitarian assistance; assisting with the demobilization and reintegration process; strengthening institutional capacities in the judiciary, the rule of law, policing and human rights; electoral support; and economic and social development. | ပဋိပက္ခအောင်ပြီး နိုင်ငံများအား ရေရှည်တည်တံ့သောငြိမ်းချမ်းရေး အတွက်လိုအပ်သော အခြေအနေရပ်များ ကူညီဖန်တီးပေးရန် လုပ်ငန်းစဉ်။ ယင်းတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ အားအမြဲမပြတ်စောင့်ကြည့်လေ့လာရေး၊ ယုံကြည်မှုတည်ဆောက် သည့် အစီအမံများဆောင်ရွက်ရေး၊ တရားရေးမဏ္ဍိုင်၏ အဖွဲ့အစည်းဘောင်သွင်းခြင်းဆိုင်ရာ အရည်အသွေးအားကောင်း လာစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ထိန်းသိမ်းကြပ်မတ်ရေး၊ လူ့အခွင့်အရေး၊ ရွေးကောက်ပွဲဆိုင်ရာ အကူအညီအထောက်အပံ့နှင့် စီးပွားရေး လူမှုရေးရာဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်ပါသည်။ |
| Plural society<br>ဗဟုလူ့အဖွဲ့အစည်း | A society in which two or more distinct cultural, religious or social groups coexist. | နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော ဝိသေသများရှိသည့် ယဉ်ကျေးမှု၊ ဘာသာတရား၊ လူမှုအစုအဖွဲ့များ အတူတကွနေထိုင်သည့် လူ့အဖွဲ့အစည်း။ |
| Pluralism<br>ဗဟုဝါဒ | A system or philosophy, which in the name of respect for diversity, acknowledges the existence of different political opinions, moral and religious beliefs, and cultural and social behaviour. | မတူညီသော နိုင်ငံရေးထင်မြင်ယူဆချက်များ၊ ဘာသာရေးနှင့် အကျင့်သီလပိုင်းဆိုင်ရာ ယုံကြည်လက်ခံမှုများ၊ ယဉ်ကျေးမှုနှင့် လူမှုပုံစံ အလေ့အထများ တည်ရှိမှုကို အသိအမှတ်ပြုပြီး ယင်းကွဲပြားခြားနားမှုများကို လေးစားလိုက်နာသည့် စနစ်တစ်ခု (သို့) အတွေးအခေါ်ဆင်ခြင်မှုတစ်ခု။ |

P

| | | |
|---|---|---|
| Pluralistic values<br>ဗဟုတန်ဖိုးများ | These are values based on diverse religious and/or political beliefs and views of the world. | ကွဲပြားခြားနားသော ဘာသာရေးယုံကြည်မှုများ (သို့) နိုင်ငံရေးယုံကြည်မှုများနှင့် ကမ္ဘာကြီး၏အမြင်များအား အခြေခံ၍ ဖြစ်ပေါ်လာသောစံတန်ဖိုးများ။ |
| Plurality<br>အများဆုံးမဲရရှိခြင်း | More votes than each of the other candidates but not more than half the total vote. | အခြားသော ကိုယ်စားလှယ်တစ်ဦးချင်းစီထက် မဲသာသော်လည်း မဲအရေအတွက် စုစုပေါင်း၏ တစ်ဝက်ထက်မပိုခြင်း |
| Plurality of votes<br>အများဆုံးမဲရရှိခြင်း | The result of an election in which a candidate or a political party receives more votes than his or her opponents but less than 50 per cent of all the votes cast. | အမတ်လောင်းတစ်ဦး (သို့) ပါတီတစ်ခုက ၎င်းပြိုင်ဘက်ထက် မဲများစွာရရှိခြင်း။ သို့သော် စုစုပေါင်းမဲပြား၏ ၅၀%ထက်နည်းသောအရေအတွက်တစ်ခုနှင့် မဲအများဆုံးဖြစ်ခြင်း။ |
| Plurality/Majority Systems<br>ဗဟု/အများစုစနစ်များ | A system based on the principle that a candidate or party with a plurality of votes (i.e. more than any other) or a majority of votes (i.e. more than half plus one, an absolute majority) is declared the winner. Such a system may use single-member districts, such as First Past The Post, Alternative Vote or a Two-Round System, or multi-member districts, such as the Block Vote or Party Block Vote. | မဲအများဆုံး (အခြားပြိုင်ဘက်များထက်) သို့မဟုတ် မဲအများစု (တစ်ဝက်ထက်တစ်ခုပိုသောအရေအတွက်) ရရှိသော အမတ်လောင်းတစ်ဦး (သို့) ပါတီတစ်ခုအား အနိုင်ပေးသောစည်းမျဉ်းပေါ်တွင် အခြေခံထားသောစနစ်တစ်ခုဖြစ်ပါသည်။ ၎င်းစနစ်များတွင် တစ်နယ်တစ်ယောက်ရွေးပုံစံကို အသုံးပြုနိုင်ပါသည်။ |

P

| | | |
|---|---|---|
| Plurinational identities<br>နိုင်ငံသား သရုပ်များစွာရှိခြင်း | An individual has plural national identities when he or she belongs to, or self-affiliates with, more than one nation. For example, Scots have plural national identities–Scottish and British. | "အမျိုးသား သရုပ်သကန်များစွာပိုင်ဆိုင်သော (သို့) နိုင်ငံတော် တစ်ခုထက်ပို၍ ဆက်နွယ်ပတ်သက်သော တစ်ဦးတစ်ယောက်ကို ခေါ်သည်။ ဥပမာ- စကော့လူမျိုးများသည် များစွာသောအမျိုးသား သရုပ်သကန်ရှိကြသည်။ စကော့တစ်ရှ်နှင့်ဘရစ်တစ်ရှ်။" |
| Plurinational state<br>နိုင်ငံသားသရုပ်များစွာ ရှိသောနိုင်ငံ | It is a state in which the population consists of two or more nationalities–a multinational state. In prescriptive terms, a state that respects and encourages the sociocultural diversity of the population is considered to be a plurinational state. | နှစ်မျိုး (သို့) နှစ်မျိုးထက်ပိုသော အမျိုးသားသရုပ်သကန်များပါဝင် သည့်လူဦးရေရှိသည့်နိုင်ငံကို အမျိုးသားသရုပ်သကန်များစွာပါဝင် သောနိုင်ငံဟုခေါ်သည်။ ညွှန်းဆိုချက်အရ လူထု၏ ကွဲပြားခြားနား သော လူမှုယဉ်ကျေးမှုဓလေ့အား လေးစားလိုက်နာ အားပေးတတ် သောနိုင်ငံတစ်နိုင်ငံအား အမျိုးသားသရုပ်သကန်များစွာ ရှိသော နိုင်ငံတော်ဟုယူဆနိုင်သည်။ |
| Political accountability<br>နိုင်ငံရေးအရ တာဝန်ခံမှု | The level of accountability of the government, civil servants and politicians to the public and to legislative bodies. | အစိုးရအဖွဲ့၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံရေးသမားများမှ ပြည်သူ လူထုနှင့် ဥပဒေပြုရေးအာဏာရအဖွဲ့များသို့ တာဝန်ယူရှင်းလင်း ပြောကြားရမည့် အဆင့်ပမာဏ။ |
| Political accountability cycle<br>နိုင်ငံရေးအရရှင်းလင်း ပြရန်တာဝန်ရှိခြင်း စက်ဝိုင်း | The regular mechanisms used to make the government, civil servants and politicians accountable to the public and to legislative bodies. | အစိုးရအဖွဲ့၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံရေးသမားများမှ ပြည်သူ လူထုနှင့် ဥပဒေပြုရေးအာဏာရအဖွဲ့များသို့ တာဝန်ခံရန်ပြုလုပ် ထားသည့် ပုံမှန်နည်းလမ်းအစီအမံ။ |

| | | |
|---|---|---|
| Political bargaining<br>နိုင်ငံရေးအပေးအယူ | Political negotiation or agreement. | နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းဆွေးနွေးမှု (သို့) သဘောတူညီမှု။ |
| Political contribution<br>နိုင်ငံရေး အထောက်အပံ့ | A donation of money or services provided by an individual or group or legal entity to the electoral campaign fund of a candidate or a political party. | ကိုယ်စားလှယ်တစ်ဦး (သို့) နိုင်ငံရေးပါတီတစ်ခု၏ ရွေးကောက်ပွဲမဲဆွယ်ရန်ပုံငွေသို့ တစ်ဦးတစ်ယောက်၊ အစုအဖွဲ့ (သို့) တရားဥပဒေကြောင်းအရ ထည့်ဝင်ပံ့ပိုးပေးသော ဝန်ဆောင်မှု (သို့) အလှူငွေ။ |
| Political culture<br>နိုင်ငံရေးယဉ်ကျေးမှု | The traditional orientation of the citizens of a nation towards politics, affecting their perceptions of political legitimacy. The attitudes, beliefs and expectations that constitute particular orientations to society in general and politics in particular. The specifically political orientations or attitudes to the political system and its various parts. | နိုင်ငံရေးအရ တရားဝင်ဖြစ်သည်ဆိုသည့် တွေးခေါ်ယူဆမှုများအပေါ်တွင် သက်ရောက်မှုရှိစေနိုင်လျှက် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားများမှ "နိုင်ငံရေး" ဆိုသည်ကို ဘက်တစ်ဘက်သို့ ယိမ်းလျှက် တွေးခေါ်ယူဆလေ့ရှိသည့် အစဉ်အလာ။ လူ့အသိုင်းအဝန်း တစ်ခုမှ ယေဘူယျမျှဝေယုံကြည်သည် (သို့) တစ်စုံတစ်ခုသော နိုင်ငံရေးလမ်းကြောင်းကိုလိုက်စားသည်ဟုဆိုနိုင်သော အသွင်ဆောင်မှုများဖြစ်တည်လာစေသည့် အပြုအမူများ၊ ယုံကြည်ချက်များနှင့်မျှော်လင့်ချက်များ၊ နိုင်ငံရေးစနစ်တစ်ရပ် (သို့) ၎င်း၏ အမျိုးမျိုးသောအစိတ်အပိုင်းများအဖြစ် ဦးတည်စေသည့်နိုင်ငံရေးအသွင်ဆောင်မှုများ (သို့) အပြုအမူများကိုသတ်မှတ်ဆိုလိုသည်။ |
| Political equality<br>နိုင်ငံရေးအရ တန်းတူညီမျှမှု | All citizens have equal authority to vote on any issue or law or in an election. | ရွေးကောက်ပွဲတွင်လည်းကောင်းဥပဒေတစ်ရပ်ရပ်တွင်လည်းကောင်း ပြဿနာတစ်ရပ်ပေါ်တွင်လည်းကောင်း နိုင်ငံသားတိုင်း ညီတူမျှတစွာရှိရမည့် မဲပေးပိုင်ခွင့်ဖြစ်သည်။ |

P

| | | |
|---|---|---|
| Political finance<br>ပါတီဘဏ္ဍာရေး<br>ထောက်ပံ့မှုစနစ် | How political parties are funded between elections and during campaigns. | နိုင်ငံရေးပါတီများ ရွေးကောက်ပွဲနှင့်မဲဆွယ်စည်းရုံးစဉ်ကာလများတွင် ရန်ပုံငွေစီစဉ်ပုံ။ |
| Political freedom<br>နိုင်ငံရေးလွတ်လပ်ခွင့် | See civil liberties (p. 22) and individual rights (p. 86). | နိုင်ငံသားများ၏ လွတ်လပ်ခွင့်တွင်ရှု |
| Political liberalization<br>နိုင်ငံရေး<br>ဖြေလျှော့ပေးခြင်း | Any reform, such as the relaxation of press censorship, which expands the space for participation in the public sphere or enhances the individual freedom enjoyed by a citizen. | မီဒီယာဆင်ဆာများလျှော့ပေါ့ပေးခြင်းကဲ့သို့ပြည်သူ့လူထု၏ အခန်းကဏ္ဍပိုမိုကျယ်ပြန့်စေခြင်း သို့မဟုတ် နိုင်ငံသားများလက်ဝယ်ခံစားရသည့် ရပိုင်ခွင့်များကို တိုးချဲ့မြှင့်တင်ပေးသော ပြုပြင်ပြောင်းလဲမှုတစ်ခုခုကို ရည်ညွှန်းခြင်းဖြစ်သည်။ |
| Political participation<br>နိုင်ငံရေးတွင်<br>ပါဝင်ဆင်နွှဲမှု | The exercise by the people of their political rights. | ပြည်သူလူထုက ၎င်းတို့၏ နိုင်ငံရေးရပိုင်ခွင့်များ အသုံးချခြင်း။ |
| Political rights<br>နိုင်ငံရေး<br>အခွင့်အရေးများ | The right to participate in public life. The right to stand for election, to campaign, to vote and to be elected as well as essential additional rights, such as freedom of expression, freedom of movement and the right to associate with others. | ပြည်သူ့လုပ်ငန်းဆောင်တာများတွင် ပါဝင်ဆောင်ရွက်ပိုင်ခွင့် ဖြစ်သည်။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်၊ မဲဆွယ်စည်းရုံးခွင့်၊ မဲပေးခွင့်နှင့် အရွေးချယ်ခံပိုင်ခွင့်များအပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်၊ လွတ်လပ်စွာသွားလာခွင့်၊ လွတ်လပ်စွာသင်းပင်းဖွဲ့စည်းတည်ထောင်ခွင့် စသည်တို့လည်း ပါဝင်ပါသည်။ |

P

| | | |
|---|---|---|
| Polling areas<br>မဲပေးရန်နေရာ | Administrative units where all voters within a circumscribed geographic territory are assigned to the same polling place. Also known as voting areas, districts or election precincts. | သတ်မှတ်ကန့်သတ်ထားသော နယ်မြေအတွင်း မဲဆန္ဒရှင်များအားလုံး တူညီသည့်မဲပေးရမည့်နေရာတွင်ပေးရန် စီမံခန့်ခွဲသောအစု။ မဲထည့်ရန်နေရာများ၊နယ်မြေများ (သို့) ရွေးကောက်ပွဲဥပစာများဟု သိနိုင်သည်။ |
| Polling booth<br>ဆန္ဒပြုခန်း | A polling place or part of a polling place determined by a presiding officer to be a polling booth in accordance with the electoral law. | မဲပေးရသည့်နေရာ (သို့) မဲရုံဖြစ်သည်ဟု ကြီးကြပ်သူအရာရှိမှ သတ်မှတ်ထားပေးသည့်မဲပေးရန်နေရာ။ |
| Polling centre<br>မဲရုံ | The official premises where voters from a particular division cast their votes; a polling centre may contain a number of polling stations. | တစ်ခုသောနယ်မြေမှ ဆန္ဒရှင်များ မဲများဖြတ်လို့ရသည့် တရားဝင်နေရာ။ ဗဟိုမဲရုံတစ်ခုတွင် မဲရုံပေါင်းမြောက်မြားစွာ ပါဝင်နိုင်သည်။ |
| Polling district<br>မဲဆန္ဒနယ် | Administrative unit where all voters within a circumscribed geographic territory are assigned to the same polling place. Also known as voting areas, polling areas or election precincts. | သတ်မှတ်ကန့်သတ်ထားသော နယ်မြေအတွင်း မဲဆန္ဒရှင်များအားလုံး တူညီသည့်မဲပေးရမည့်နေရာတွင်ပေးရန် စီမံခန့်ခွဲသောအစု။ မဲထည့်ရန်နေရာများ၊နယ်မြေများ (သို့) ရွေးကောက်ပွဲဥပစာများဟု သိနိုင်သည်။ |
| Polling official<br>မဲရုံမှူး | A person who works at a polling station [and/or count] on election day. Also known as a poll clerk. | ရွေးကောက်ပွဲနေ့တွင် မဲရုံတွင်အလုပ်လုပ်သော ပုဂ္ဂိုလ်။ မဲစာရေးဟူ၍လည်းသိနိုင်သည်။ |

P

| | | |
|---|---|---|
| Polling period<br>မဲပေးချိန်ကာလ | The period for polling specified in the writ of election, which includes any extension to that period granted pursuant to the election law | ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ချက်တွင် သတ်မှတ်ထားသည့် မဲပေးရန်ကာလ (ရွေးကောက်ပွဲဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည့် အချိန်ကာလထိ အကျုံးဝင်သည်။) |
| Polling place<br>မဲရုံ | A place appointed pursuant to an electoral law as a place where a poll shall be taken in a polling division or area, and may include one or more polling booths. See also 'polling station' (p. 119). | မဲပေးပိုင်ခွင့်ရှိသူများ မဲပေးရမည့် ရွေးကောက်ပွဲဥပဒေအရသတ်မှတ်ပြဋ္ဌာန်းထားသည့် နေရာ၊နယ်မြေဒေသ (သို့) ဧရိယာ။ မဲရုံတစ်ခု (သို့) တစ်ခုထက်ပို၍ရှိနိုင်ပါသည်။ |
| Polling site<br>မဲရုံ | The venue in which the voters in a polling division can cast their vote. See also 'polling station' (p. 119) and 'polling place' (p. 119). | မဲပေးရမည့်ဒေသတစ်ခုမှ မဲဆန္ဒရှင်များ မဲထည့်ရန်နေရာ။ |
| Polling station<br>မဲရုံ | Premises secured for taking the vote of electors on polling day and to which the whole or a portion of the register of electors for a division/area is allotted. | ရွေးကောက်ပွဲနေ့တွင် မဲပေးရွေးချယ်သူများလုံခြုံရန်ထားသော၊ ဒေသတစ်ခု ဧရိယာတစ်ခုအတွက် မဲဆန္ဒရှင်စာရင်းအားလုံး (သို့) အချို့ အား ခွဲဝေဖြန့်ထားသောနေရာများ။ |
| Popular participation<br>လူထုက ပါဝင်ပတ်သက်ခြင်း | The involvement and empowerment of those potentially affected by or interested in a decision or decision making processes. | ဆုံးဖြတ်ချက်နှင့်ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်တို့တွင်အကျိုးစီးပွားပါဝင်ရောယှက်မှုရှိနေသော၊ယင်းဆုံးဖြတ်ချက်တို့၏အကျိုးသက်ရောက်ခံရခြင်းရှိနေနိုင်သောလူတို့ကို ယင်းဆုံးဖြတ်ချက်ဖြစ်စဉ်တို့တွင် ပါဝင်နိုင်စေရန် အခွင့်အာဏာပေးခြင်း။ |

| | | |
|---|---|---|
| Popular vote<br>လူထုတစ်ရပ်လုံး၏ မဲ | The total number of votes cast; a vote in which the entire adult population of eligible citizens can participate. | စုစုပေါင်းမဲအရေအတွက်၊ အရွယ်ရောက်ပြီးသူလူဦးရေတစ်ခုလုံး၏ ဥပဒေအရအကျုံးဝင်သောနိုင်ငံသားတိုင်း ပါဝင်နိုင်သောမဲ။ |
| Positive discrimination<br>အနိမ်ခံခဲ့ရသော အုပ်စုများအား အထူးအခွင့်အရေး ပေးလျော်ခြင်း | Refers to the idea that marginalized social groups should be provided special privileges and opportunities to compensate them for past injustices as measures of retribution. | ဖယ်ထုတ်ခံထားရသော လူမှုအဖွဲ့အစည်းများအား အတိတ်ကပြုလုပ်ခဲ့သည်မညီမျှမှုများအား လျော်ပေးနိုင်ရန် တုံ့ပြန်သည့် အနေဖြင့် အထူးအခွင့်အရေးများနှင့် အခွင့်အလမ်းများပေးအပ်သည့် အယူအဆ။ |
| Power<br>လုပ်ပိုင်ခွင့်အာဏာ | The right, ability or authority to perform an act. It also refers to legal capacity to do something: for example, legislative power means power to make laws. | ဥပဒေတစ်ခု ဆောင်ရွက်ချက်တစ်ခုကို လုပ်ဆောင်ရန် အခွင့်အာဏာ၊ လုပ်နိုင်စွမ်းကိုခေါ်သည်။ တစ်စုံတစ်ခုပြုလုပ်နိုင်သော တရားဥပဒေစွမ်းဆောင်ရည်ကိုလည်းဆိုလိုပါသည်။ ဥပမာ- ဥပဒေပြုရေး အာဏာ။ |

| | | |
|---|---|---|
| Power-sharing<br>အာဏာခွဲဝေခြင်း | This term is used to describe a system of governance in which all or some groups of society, usually defined along territorial, ethnic, racial, linguistic or religious lines, are guaranteed a permanent share of power. Power-sharing arrangements include guaranteed political representation in public institutions, protection of minority rights or group rights, federalism or consociationalism. It also implies sharing of power by various political parties in a parliamentary system. In federal structures, horizontal power-sharing refers to division of power between different components of a federal system while vertical power-sharing is the division of power between different levels of government. | အုပ်ချုပ်စီမံခန့်ခွဲမှုတစ်ခုကိုဖော်ပြရန်သုံးသည်။ ယင်းတွင် နယ်မြေပိုင်နက်အရ၊ တိုင်းရင်းသားလူမျိုးအရ၊ မျိုးနွယ်စုအရ၊ ဘာသာစကားအရ သို့မဟုတ် ဘာသာရေးအရ သတ်မှတ်ထားသောလူ့အဖွဲ့အစည်းမှအားလုံးသောလည်းကောင်း၊ အချို့အစုအဖွဲ့များသော်လည်းကောင်း အာဏာခွဲတမ်းအား မြဲမြံစွာနှင်းအပ်ထားခြင်းခံရလေ့ရှိသည်။ ပါဝါခွဲဝေမှုစီမံရာတွင် အများပြည်သူနှင့်ဆိုင်သောအဖွဲ့အစည်းများသတ်မှတ်ချက်များတွင် နိုင်ငံရေးအရပါဝင်ခွင့်ပေးခြင်း၊ လူနည်းစုများ၏အခွင့်အရေး အစုအဖွဲ့များ၏အခွင့်အရေးအားအကာအကွယ်ပေးခြင်း၊ ပြည်ထောင်စုဝါဒ (သို့) မိတ်ဖွဲ့ပူးပေါင်းရေးဝါဒများပါဝင်သည်။ ပါလီမန်စနစ်တစ်ခုအတွင်း ပါဝင်သောပါတီအသီးသီးကြားရှိ ပါဝါခွဲဝေကျင့်သုံးမှုကိုလည်း ဆိုသည်များရှိသည်။ ပြည်ထောင်စုတည်ဆောက်ပုံတွင် အထက်အောက်ပါဝါ ခွဲဝေမှုဟုဆိုလျှင်ပြည်ထောင်စုစနစ်အတွင်းပါဝင်ဖွဲ့စည်းထားသည်များအကြားမှ ပါဝါခွဲဝေမှုကိုဆိုလိုပြီး ဘေးတိုက်ပါဝါခွဲဝေမှုဟုဆိုလျှင်အစိုးရအဖွဲ့အဆင့်အမျိုးမျိုးကြားမှ ပါဝါခွဲဝေကျင့်သုံးမှုဟုဆိုလိုသည်။ |

| | | |
|---|---|---|
| Preamble<br>နိဒါန်း | The preamble is the introductory part of the constitution that normally sets out some, or all, of the following: the history of the constitution, the values and aspirations of the people, the nature of the state and the authority under which the constitution is made. The preamble is still one of the oldest and most common ways of incorporating values and may also hold great symbolic significance. | နိဒါန်းသည်များသောအားဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစပျိုးသည့်အပိုင်းဖြစ်ပြီး ပုံမှန်အားဖြင့် အခြေခံဥပဒေသမိုင်းကြောင်း၊ ပြည်သူလူထု၏ အဓိဌာန်၊ အခြေခံဥပဒေအောက် နိုင်ငံတော်နှင့် အချုပ်အချာတို့၏သဘောသဘာဝ စသည်ဖြင့် အားလုံးသော်လည်းကောင်း အချို့သော်လည်းကောင်းပါလေ့ရှိသည်။ နိဒါန်းသည် ပါဝင်ပေါင်းစပ်ထားသောတန်ဖိုးများနှင့် ကြီးကျယ်သော အထိမ်းအမှတ် အရေးပါမှုများကိုဖော်ပြသည့် အကောင်းဆုံးနှင့် အကြာရှည်ဆုံးသော နည်းလမ်းဖြစ်ပါသည်။ |
| Preferential distribution<br>ဦးစားပေးခွဲဝေခြင်း | A system used in alternative vote and single non transferable vote systems in which votes counted are used to redistribute the second preferences of electors to establish a winner. | alternative vote နှင့် single non transferable vote စနစ်များကို အသုံးပြုသောစနစ်တစ်ခုဖြစ်သည်။ ထိုစနစ်တွင် ရေတွက်ပြီးသော မဲများအား ဒုတိယနှစ်သက်လိုလားသူများကိုရွေးချယ်အနိုင်ပေးရန် ပြန်လည်ဖြန့်ဝေရမှာဖြစ်ပါသည်။ |
| Preferential voting system<br>နှစ်သက်ရာ အသား ပေး မဲပေးခြင်းစနစ် | Electoral systems in which voters rank parties or candidates on the ballot paper in order of preference. The Alternative Vote, the Borda Count, the Single Transferable Vote and the Supplementary Vote are all examples of preferential voting systems. | မဲဆန္ဒရှင်များမှ ပါတီ (သို့) အမတ်လောင်းများအား မဲပြားပေါ်တွင် လိုလားနှစ်သက်မှုအလိုက် အဆင့်သတ်မှတ်ပေးနိုင်သည့် ရွေးကောက်ပွဲစနစ်များဖြစ်သည်။ ဥပမာ - alternative vote , the Borda Count, the Single Transferable Vote and the Supplementary Vote. |

| | | |
|---|---|---|
| Prescribed<br>ပြဋ္ဌာန်းထားသော | Something that is formally laid down in regulations or guidelines made under the provisions of the electoral law. | ရွေးကောက်ပွဲဥပဒေ၏ပြဋ္ဌာန်းချက်များအရ စည်းမျဉ်းစည်းကမ်းများ လမ်းညွှန်ချက်များတွင် တရားဝင်ထည့်သွင်းရေးဆွဲ ထားသော အရာများ။ |
| Prescribed by law<br>ဥပဒေက<br>ပြဋ္ဌာန်းထားသော | Authoritatively required: 'prescribed by law' means law requires that it be done. | ဥပဒေအရပြဋ္ဌာန်းထားသော ဆိုသည်မှာ တစ်စုံတစ်ခုဆောင်ရွက်ရန် ဥပဒေလိုအပ်သည်ဟုဆိုလိုရင်းဖြစ်သည်။ |
| Promulgate<br>စတင်အာဏာ<br>သက်ရောက်စေသည် | Put a law into effect by a formal proclamation. | ဥပဒေတစ်ရပ်အား ထုံးထမ်းများအရကြေညာချက် ထုတ်ပြန်ခြင်းဖြင့် အာဏာသက်ရောက်စေသည်။ |
| Proportional electoral system<br>အချိုးကျမဲခွဲသော<br>စနစ် | A family of electoral systems based on the principle that the proportion of seats won by a party should correspond to its share of the overall votes. | ပါတီတစ်ခုမှအနိုင်ရရှိသောနေရာအချိုးမှာမဲစုစုပေါင်းတွင်ရရှိသော ခွဲတမ်းအလိုက် အချိုးကျကိုယ်စားပြုရသည့်စည်းမျဉ်းပေါ်တွင် အခြေခံထားသည့် ရွေးကောက်ပွဲစနစ်များဖြစ်ပါသည်။ |
| Proportional Representation<br>အချိုးကျ<br>ကိုယ်စားလှယ်<br>ရွေးကောက်ခြင်း | A group of electoral systems based on the principle that the proportion of seats which a political party gains in an elected body should correspond as closely as possible to the percentage of the vote received by that party. All proportional electoral systems require the use of multi-member districts. There are two major types of proportional representation (PR) system: List PR systems and Single Transferable Vote. | ပါတီတစ်ခုမှအနိုင်ရရှိသောနေရာအချိုးမှာမဲစုစုပေါင်းတွင်ရရှိသော ခွဲတမ်းအလိုက် အချိုးကျကိုယ်စားပြုရသည့် စည်းမျဉ်းပေါ်တွင် အခြေခံထားသည့် ရွေးကောက်ပွဲစနစ်၏ အဖွဲ့တစ်ခုဖြစ်ပါသည်။ အချိုးကျ ကိုယ်စားပြုမှုစနစ်တွင် တစ်နယ်တွင်တစ်ယောက်ထက်ပို‌ရွေးချယ် ရသည့်ပုံစံအသုံးပြုရန်လိုအပ်ပါသည်။ အဓိကနှစ်မျိုးနှစ်စားရှိပါသည်။ စာရင်းပေးအချိုးကျကိုယ်စားပြုစနစ်နှင့် မဲလွှဲပြောင်းနိုင်သော ကိုယ်စားပြုစနစ်ဖြစ်ပါသည်။ |

P

P

| | | |
|---|---|---|
| Protection of minorities<br>လူနည်းစုများကို ကာကွယ်ခြင်း | Involves constitutional and statutory principles for guaranteeing fundamental freedoms of minority groups. It also involves the representation of linguistic, cultural or other minorities in the various levels of governance, the meaning of protection of minorities also extends to ensuring constitutional measures of self-governance to minority groups. | အခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်းများအရ လူနည်းစုအဖွဲ့များ၏ အခြေခံအခွင့်အရေးအား အာမခံပေးရန် ပါဝင်ပါသည်။ အမျိုးမျိုးသောအုပ်ချုပ်စီမံခန့်ခွဲမှု အဆင့်တိုင်းတွင် ဘာသာစကားအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော် လည်းကောင်း၊ အခြားအကြောင်းများဖြင့် အနည်းစုဖြစ်ရသူများ အတွက် ကိုယ်စားပြုပေးရမှုများလည်းပါဝင်ပါသည်။ လူနည်းစု များအား အကာအကွယ်ပေးခြင်း ဟုဆိုလျှင် လူနည်းစုအဖွဲ့များ အား ကိုယ်တိုင်စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန် အခြေခံဥပဒေအရပေးထား သောနည်းလမ်းများ သေချာစေခြင်းထိပါဝင်ပါသည်။ |
| Province/provincial<br>ပြည်နယ်/<br>တိုင်းဒေသကြီး | A term to describe a territorial constituent unit within a federation. | ပြည်ထောင်စုအတွင်း အခြေခံဥပဒေပြုပြင် ပြင်ဆင်ခွင့်ရှိသည့် မပါ မဖြစ်ဖြစ်သော ပိုင်နက်နယ်မြေ အစိတ်အပိုင်းတစ်ခုကို ခေါ်ဝေါ် သည်။ |
| Provincial equality<br>ပြည်နယ်/<br>တိုင်းဒေသကြီးများ၏<br>တန်းတူညီမျှမှု | The term is used in the context of symmetric federalism to point to the equal status of constituent units in federations. In economics the term refers to the ideal of a federal system seeking to equalize standards in all provinces through measures of equalization payments. | အချိုးညီပိုင်းခြားထားသောပြည်ထောင်စုတစ်ခုအတွင်း မဲဆန္ဒ နယ်မြေအစိတ်အပိုင်းများ၏ တူညီသောအဆင့်အတန်းအား ရည် ညွှန်းသည်။ ဘောဂဗေဒအရ ...ပြည်ထောင်စုစနစ်တစ်ခု၏ စံနှုန်း သည်ညီမျှသော ငွေပေးချေမှုနည်းလမ်းများဖြင့် ပြည်နယ်များ အားလုံး၏အဆင့်အတန်းအား တူညီအောင်ပြုလုပ်သည်ကို ရည် ညွှန်းသည်။ |

| | | |
|---|---|---|
| Provision<br>ပြဋ္ဌာန်းချက် | A stipulation or qualification, especially a clause in a document or agreement: 'the provisions of this constitution'; 'the provision of services'. | အရည်အချင်းတစ်ရပ် သို့မဟုတ် စည်းမျဉ်းသတ်မှတ်ချက်တစ်ရပ်။ များသောအားဖြင့် ကြေညာချက် သဘောတူညီချက် စာပိုဒ်တစ်ခု ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ၊ တာဝန်ဝတ္တရားဆိုင်ရာပြဋ္ဌာန်းချက်များ။ |
| Qualified majority<br>အများစုမဲ စနစ်မျိုးကို သတ်မှတ်ခြင်း | A requirement for a specific majority, demanding that for a proposal to be passed, it must receive a proportion of the vote in excess of a majority (that is 50 per cent plus one); for example, two-thirds or three-quarters. | သီးခြားသတ်မှတ်ထားသော မဲအများစုရရှိရန် လိုအပ်ချက်တစ်ခု။ အဆိုပြုချက်တစ်ခု အောင်စေရန်အတွက် မဲအများစုအချိုးထက် ကျော်လွန်၍ရရှိရန်လို။ (ဥပမာ- ၅၁ % အပေါင်း ၁ ၊ ၃ ပုံ ၂ ပုံ ၊ ၄ ပုံ ၃ ပုံ) |
| Quick count results<br>အမြန်တွက်၍ရသော ရလဒ်များ | Results obtained through a quick count process, which is used if the collation of the full results is likely to take a lengthy period. | ရလာဒ်များအား ပြီးမြောက်အောင်တိုက်ဆိုင်စစ်ဆေးရန်အချိန်ကြာလျှင် အသုံးပြုသည့် လျှင်မြန်စွာရေတွက်သည့်လုပ်ငန်းစဉ်ဖြင့် ရလာသောရလာဒ်များ။ |
| Quorum<br>အနည်းဆုံး လိုအပ်သည့်ဦးရေ | The minimum level of support required for a vote of the electorate to pass a proposal. Alternatively, the minimum number of members of an organization (e.g. parliament) needed to conduct business. | အဆိုတစ်ခုအောင်ရန် မဲဆန္ဒရှင်၏ မဲတစ်ခုအတွက် အနည်းဆုံး လိုအပ်သောထောက်ခံမှု။ အခြားအဓိပ္ပါယ် - အလုပ်ဆောင်ရွက်ရန်အတွက် အဖွဲ့အစည်း (ဥပမာ-လွှတ်တော်)တစ်ခုတွင် အနိမ့်ဆုံးလိုအပ်သောအဖွဲ့ဝင်အရေအတွက်။ |

| | | |
|---|---|---|
| Quota<br>ခွဲတမ်း | The number of votes needed by a candidate or political party to be elected; a system whereby a number or proportion of seats, or a number of places for candidates on an electoral list, are reserved in advance for specific groups such as women or ethnic minorities. | "ကိုယ်စားလှယ်တစ်ဦး (သို့) နိုင်ငံရေးပါတီတစ်ခု ရွေးချယ်ခံရန် လိုအပ်သည့် မဲအရေအတွက်။ အမျိုးသမီး (သို့) တိုင်းရင်းသား လူနည်းစုများကဲ့သို့သော သီးသန့်အစုအဖွဲ့များအတွက် ရွေးကောက်ပွဲ စာရင်းရှိ ကိုယ်စားလှယ်လောင်းများ နေရာအရေ အတွက်ဖြင့်သော်လည်းကောင်း၊ အမတ်နေရာအချိုး သို့မဟုတ် အရေအတွက်များဖြင့်သော်လည်းကောင်း ကြိုတင်ရည်ရွယ်၍ ဖယ်ထားသောစနစ်တစ်ခု။ " |
| Quota (parliamentary)<br>ခွဲတမ်း (လွှတ်တော်) | An assigned share, for example of parliamentary seats, assigned to a specific group of people (ethnic group, women, religious group, linguistic group, etc.). | ထိန်းသိမ်းထားသောဝေစု ။ ဥပမာ- လွှတ်တော်အမတ်နေရာများ။ တိုင်းရင်းသားအဖွဲ့၊အမျိုးသမီးများ၊ ဘာသာရေးအဖွဲ့၊ ဘာသာစကားနှင့်ဆိုင်သောအဖွဲ့ စသည်သီးသန့်အဖွဲ့များအတွက် နေရာချထိန်းသိမ်းထားခြင်း။ |
| Race<br>လူမျိုး | A category of people distinguished from others on the basis of visible characteristics (e.g. skin colour or hair type) or self-identification. | မြင်ရသော ဝိသေသ လက္ခဏာများကိုအခြေခံ၍ ပိုင်းခြားသတ်မှတ်ထားသော လူမျိုးအမျိုးအစား။ (ဥပမာ အသားအရောင် ၊ဆံပင်အမျိုးအစား) သို့မဟုတ် ကိုယ်တိုင်သတ်မှတ်ပြဌာန်းချက်။ |
| Ratification<br>ဥပဒေတစ်ခုကို အတည်ပြုခြင်း | Making something valid by formally approving or confirming it: 'a referendum may ratify a constitution'; 'Parliament may ratify a treaty'. | တစ်စုံတစ်ခုအားလုပ်ထုံးလုပ်နည်းများအတိုင်းသဘောတူညီမှုပြု၍ သော်လည်းကောင်း အတည်ပြု၍သော်လည်းကောင်း တရားဥပဒေအရ မှန်ကန်အောင်ပြုလုပ်သည်။ ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အခြေခံဥပဒေအား အတည်ပြုနိုင်သည်။ |

| | | |
|---|---|---|
| Reapportionment<br>မဲဆန္ဒနယ်များ<br>ပြန်လည်<br>သတ်မှတ်ခြင်း | The periodic redrawing of the geographic boundaries of electoral districts from which legislative representatives are elected. A primary purpose of early census enumeration. | ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးကောက်မည့်မဲဆန္ဒနယ်များ၏ ပထဝီနယ်မြေသတ်မှတ်ချက်များ ပြန်လည်ရေးဆွဲသည့်ကာလ။ သန်းခေါင်စာရင်းပြန်လည်ကောက်ခံခြင်း၏ မူလရည်ရွယ်ချက်။ |
| Redistribution<br>မဲဆန္ဒနယ်များ<br>ပြန်လည်<br>သတ်မှတ်ခြင်း | The periodic adjustment of constituency boundaries to reflect population changes. See also 'boundary delimitation' (p. 18). | လူဦးရေပြောင်းလဲမှုကို ထင်ဟပ်စေရန် မဲဆန္ဒနယ်မြေ သတ်မှတ်ချက်များ အခါအားလျော်စွာပြန်လည်ပြင်ဆင်ခြင်း။ |
| Redistricting<br>မဲဆန္ဒနယ်မြေပြင်ဆင်<br>သတ်မှတ်ခြင်း | The periodic adjustment of constituency boundaries to reflect population changes. See also 'boundary delimitation' (p. 18). | လူဦးရေပြောင်းလဲမှုကိုထင်ဟပ်စေရန် မဲဆန္ဒနယ်မြေ သတ်မှတ်ချက်များ အခါအားလျော်စွာပြန်လည်ပြင်ဆင်ခြင်း။ |
| Recall<br>တာဝန်မှပြန်လည်<br>ရုတ်သိမ်းခြင်း | A direct democracy instrument that allows a specified number of citizens to demand a vote of the electorate on whether an elected holder of public office should be removed from that office before the end of his or her term of office. | ပမာဏအချို့ရှိသောနိုင်ငံသားများမှပြည်သူ့တာဝန်ထမ်းဆောင်ရန် သတ်မှတ်ထားသော ရွေးကောက်ခံပုဂ္ဂိုလ်တစ်ဦးအား သက်တမ်းမကုန်ခင် ဖယ်ရှား သင့်၊မသင့်ဆုံးဖြတ်ရန် မဲဆန္ဒရှင်များ၏မဲကို တောင်းဆိုနိုင်ရန်ခွင့်ပြုထားသောတိုက်ရိုက်ဒီမိုကရေစီ၏ လက်နက်။ |

R

| | | |
|---|---|---|
| Reconciliation<br>ရင်ကြားစေ့ရေး (သို့) ပြန်လည်သင့်မြတ်ခြင်း | Re-establishing cordial relations. | ချစ်ကြည်ရင်းနှီးသော ဆက်ဆံမှုများရရှိစေရန် ပြန်လည်တည်ဆောက်ခြင်း။ |
| Recount<br>မဲများ<br>ထပ်မံရေတွက်ခြင်း | A second or subsequent count in an election. | ရွေးကောက်ပွဲအတွင်း ဒုတိယအကြိမ်ရေတွက်ခြင်း (သို့) ထပ်မံရေတွက်ခြင်း။ |
| Referendum<br>ပြည်လုံးကျွတ်<br>ဆန္ဒခံယူပွဲ | A direct democracy instrument consisting of a vote of the electorate on an issue of public policy such as a constitutional amendment or a bill. A referendum may be either mandatory or optional. The consequences of the vote may be either binding or consultative. | တိုက်ရိုက်ဒီမိုကရေစီ အသုံးချမှုတွင် အခြေခံဥပဒေပြင်ဆင်ရေး (သို့) ဥပဒေတစ်ရပ်ပြင်ဆင်ရေးကဲ့သို့သော ပြည်သူ့ရေးရာမူဝါဒ ပြဿနာများဆုံးဖြတ်ရန်အတွက် မဲဆန္ဒရှင်များမှပေးသောမဲ ပါဝင်သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများသည် မဖြစ်မနေသော်လည်းကောင်း ရွေးချယ်ခွင့်ပေး၍သော်လည်းကောင်း ကျင်းပနိုင်သည်။ မဲ၏အကျိုးဆက်အနေဖြင့် ကတိကဝတ်တစ်ခု ဖြစ်နိုင်သကဲ့သို့ အကြံပေးချက်တစ်ခုအနေလည်း ဖြစ်နိုင်ပါသည်။ |
| Refugee<br>ဒုက္ခသည် | A person who migrates from his or her home and country as a result of being directly affected by political, religious, ethnic, social or cultural conflicts. | နိုင်ငံရေးအရ၊ ဘာသာရေးအရ၊ လူမျိုးရေးအရ၊ လူမှုရေးနှင့်ယဉ်ကျေးမှုအရ ဖြစ်ပွားသောပဋိပက္ခများ၏ တိုက်ရိုက်သက်ရောက်မှုများကြောင့် မိမိနိုင်ငံ နှင့် မိမိအိမ်ရာမှ ပြောင်းရွှေ့လာသောပုဂ္ဂိုလ်။ |

| | | |
|---|---|---|
| Region<br>ဒေသ | An area having some characteristics that distinguish it from other areas. It can also be used to denote territorial, administrative or political boundaries of constituent units of a federation. | အခြားသော ဧရိယာများနှင့်မတူဘဲ ထင်ရှားသည့်ဝိသေသလက္ခဏာအချို့ရှိသည့်နယ်ပယ်။ ပြည်ထောင်စုတစ်ခုအတွင်း မဲဆန္ဒနယ်များ၏ နယ်ပယ်၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု သတ်မှတ်ချက်များကိုလည်း ရည်ညွှန်းပြောဆိုနိုင်သည်။ |
| Registration<br>မှတ်ပုံတင်ခြင်း | The process of registering the names of eligible voters and other relevant information in a register of electors or on a list of electors. | ရွေးချယ်သူများ၏မှတ်တမ်း (သို့) ရွေးချယ်သူများ၏ စာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူများ၏အမည်များနှင့် သက်ဆိုင်ရာသတင်းအချက်အလက်များအား စာရင်းသွင်းခြင်းဖြစ်စဉ်။ |
| Religion<br>ဘာသာတရား | Belief in and reverence for a supernatural power or powers regarded as creator and governor of the universe; a particular system of faith and worship based in religious belief. | သဘာဝလွန်စွမ်းအားများသို့မဟုတ်စကြာဝဠာအားပိုင်စိုးသူ၊ ဖန်တီးသူဟုသတ်မှတ်ခံထားရသူများ၏ စွမ်းအားများကိုယုံကြည်သက်ဝင်၍ လေးစားလိုက်နာရိုသေခြင်း။ ဘာသာရေးသက်ဝင်ယုံကြည်မှုတွင် အခြေခံ၍ ကိုးကွယ်ဝတ်ပြုလေ့ရှိသော သီးသန့်စနစ်တစ်ခု။ |
| Representation<br>ကိုယ်စားပြုခြင်း | Acting on behalf of another (e.g. legal representation): 'the function of a member of Parliament is the representation of his constituency'. | အခြားတစ်ဦးတစ်ယောက်၏ အစားဆောင်ရွက်ခြင်း။ (ဥပမာ- တရားဥပဒေအရကိုယ်စားပြုခြင်း) လွှတ်တော်အဖွဲ့ဝင် တစ်ယောက်၏ တာဝန်မှုသက်ဆိုင်ရာမဲဆန္ဒနယ်အား ကိုယ်စားပြုဆောင်ရွက်ပေးရန်ဖြစ်သည်။ |
| Representative democracy<br>ကိုယ်စားပြုဒီမိုကရေစီ | A system of government where the legislative and executive bodies are filled, directly or indirectly, through a process of regular elections. | ရွေးကောက်ပွဲများပုံမှန်ကျင်းပ၍ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များအတွက် ရွေးချယ်တင်မြှောက်ကာ အစိုးရဖြစ်ပေါ်စေသည့်စနစ်တစ်ရပ်။ |

R

| | | |
|---|---|---|
| Representative governement<br>ကိုယ်စားပြုအစိုးရ | Government through a periodically elected body of representatives who are provided by the electorate with the authority to govern on their behalf. | ရွေးချယ်သူမဲဆန္ဒရှင်များက ၎င်းတို့၏ကိုယ်စား စီမံအုပ်ချုပ်ရန် ပုံမှန်ရွေးချယ်သောထောက်ပံ့ပေးထားသောကိုယ်စားလှယ်များဖြင့် ဖွဲ့ထားသောအစိုးရ။ |
| Republic<br>သမ္မတနိုင်ငံ | A state in which power is held by the people and their elected representatives and which has an elected president as head of state rather than a monarch. | အာဏာသည် ပြည်သူများနှင့် ၎င်းတို့ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များတွင်ရှိစေသော နိုင်ငံတော်တစ်ခုဖြစ်ပြီး ယင်းတွင် နိုင်ငံတော်ခေါင်းဆောင်အဖြစ် ဘုရင်အစား ရွေးကောက်တင်မြှောက်ထားသော သမ္မတရှိသည်။ |
| Reserved powers<br>လူထုသာ ကျင့်သုံးခွင့်ရှိသော လုပ်ပိုင်ခွင့်/အာဏာများ | Reserved powers are the powers that are neither delegated to the federal government nor prohibited from being assigned to the constituent units. They are reserved to the people, or to the constituent units. The reserved powers under the Tenth Amendment to the US constitution are an example. | ပြည်နယ်အစိုးရထံသို့လွှဲပြောင်းပေးအပ်၍မရသကဲ့သို့ မဲဆန္ဒနယ်များသို့ပေးအပ်ထားခြင်းမှလည်း တားမြစ်၍မရသော ပါဝါများအား သီးသန့်ပါဝါဟုခေါ်သည်။ ၎င်းပါဝါများကို ပြည်သူလူထုနှင့် မဲဆန္ဒနယ်များအတွက် ထိန်းသိမ်းထားသည်။ ဥပမာ အမေရိကန်ဖွဲ့စည်းပုံ ဥပဒေ (၁၀) ကြိမ်မြောက်ပြင်ဆင်ချက်တွင် ဖော်ပြထားသော သီးသန့်ပါဝါ။ |
| Reserved seats<br>သီးသန့်ဖယ်ထားသော အမတ်နေရာများ | Seats in a parliament or national assembly which are set aside for stipulated reasons for a group or category of persons, based on religion, ethnicity, gender, language or external registration, for the purposes of registration and or representation. | စာရင်းမှတ်တမ်းသွင်းခြင်း နှင့်/သို့မဟုတ် ကိုယ်စားပြုစေခြင်းရည်ရွယ်ချက်ဖြင့် ဘာသာရေး၊တိုင်းရင်းသား၊ ကျား/မ၊ ဘာသာစကား သို့မဟုတ်ပြင်ပမှတ်တမ်းများ စသည့်သတ်မှတ်ထားသောအကြောင်းတရားများကိုအခြေခံ၍ လူ၊အစုအဖွဲ့များအားလွှတ်တော် သို့မဟုတ် အမျိုးသားအစည်းအဝေးတွင် ဖယ်ထားသောနေရာများ။ |

R

| | | |
|---|---|---|
